

www.burmeseclassic.com
နှင့်
BURMESE
CLASSIC
.com
www.burmeseclassic.com

www.burmeseclassic.com

**သုခနှင့်သုခ**
ပထမအကြိမ်၊ ၂၀၀၀ ဇွန်လ၊ အုပ်ရေ ၁၀၀၀

အဖုံးပန်းချီ စံတိုး

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၃၆၇/ ၂၀၀၀(၆)နှင့် စာမူခွင့်ပြုချက်အမှတ် ၃၉၅/ ၂၀၀၀(၆)တို့အရ ဦးတင်ရှိန်(၀၃၇၆၃)စန်းရောင်ရှိန်စာပေ၊ ၄/၁၇၇၊ မေခလမ်း၊ သော်ဂီမြို့သစ်၊ မြောက်ဥက္ကလာပက ထုတ်ဝေ၍ မျက်နှာဖုံးနှင့်အတွင်းစာသားကို ဒေါ်ခင်ခင်ဝင်း(၀၂၆၇၀)၊ ကလျာအော့ဖ်ဆက်၊ ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ က ပုံနှိပ်သည်။

**တန်ဖိုး ၁၂၀၀ ကျပ်**

**ပါရမီစာပေ**
၂၃၈၊ ၂၉ လမ်း(အထက်လမ်း)၊ ရန်ကုန်(ဖုံး ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီကော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်

BURMESE CLASSIC .com

## မာတိကာ

| | |
|---|---|
| ၁–ပြည်တော်ပြန်ဘုရား | ၅ |
| ၂–အသက်တစ်ရာကျော် စံကင်းဆရာတော်၏ခန္ဓာဝန် | ၁၅ |
| ၃–အမရပူရမဟာဂန္ဓာရုံဆရာတော်အရှင်ဇနကာဘိဝံသ | ၂၂ |
| ၄–ရဟန်းတစ်ပါးဒါယကာတစ်ယောက်(၁) | ၃၆ |
| ၅–ရဟန်းတစ်ပါးဒါယကာတစ်ယောက်(၂) | ၄၄ |
| ၆–ခေါင်းဆောင်နှင့်ငယ်သား၊ ဆရာသမားနှင့်တပည့် | ၅၄ |
| ၇–အမှောင်တွင်းမှလျှပ်တစ်ပြက် | ၆၂ |
| ၈–နာမည်နှင့်လူ | ၆၇ |
| ၉–စကြွန်ရှုပေန သံဝါသာ | ၇၁ |
| ၁၀–ကျောက်မျက်လုံး | ၇၆ |
| ၁၁–စိတ်ချမ်းသာခြင်း | ၈၂ |
| ၁၂–အကြမ်းထဲကအနု | ၈၉ |
| ၁၃–ပြုံးတုံ့ပြုံးလှယ် | ၁၀၀ |
| ၁၄–သုခနှင့်သုခ | ၁၀၆ |
| ၁၅–ကြည်ကြည်ငွေး | ၁၁၇ |
| ၁၆–သုခီအတ္တာနံပရိဟရန္တု | ၁၃၆ |

www.burmeseclassic.com

www.burmeseclassic.com

## ထုတ်ဝေသူ၏ အမှာစာ

ဆရာကြီးဦးသုခ ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေခဲ့သော စာအုပ်များအနေဖြင့်

၁ – ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ

၂ – ဓမ္မကထာ စာပဒေသာ

၃ – သုတ ရသ ဓမ္မစာစုံ ဟူ၍ ၃ အုပ် တိုင်ခဲ့ပါပြီ။

အထက်ပါစာအုပ် ၃ အုပ် အနက် 'ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ' နှင့် 'သုတ ရသ ဓမ္မစာစုံ'တို့ကို ပါရမီစာပေက ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်၊ 'ဓမ္မကထာ စာပဒေသာ'ကို ပြန်လည်ထုတ်ဝေရန် စီစဉ်လျက် ရှိပါသည်။

ယင်းစာအုပ် ၃ အုပ်တွင် မပါဝင်ခဲ့သော ဆရာကြီးဦးသုခ၏ ဆောင်းပါးများကိုစုဆောင်းခဲ့ရာ ပြန်လည်တွေ့ရှိသမျှ ဆောင်းပါးများထဲမှ ဆရာကြီးဦးသုခကိုယ်တိုင်စိစစ်ရွေးချယ်ပေးသောဆောင်းပါး ၁၆ ပုဒ်ကို ဤစာအုပ်၌ ဖော်ပြပါသည်။

ယင်းဆောင်းပါးများအနက် အချို့မှာ အိုးဝေဂျာနယ်၊ သွေးသောက်၊ ငွေတာရီ၊ မြဝတီ၊ စစ်ပြန်မဂ္ဂဇင်းတို့၌ ပါရှိခဲ့ပြီး အချို့မှာ မည်သည့်စာနယ်ဇင်းတွင်မှ မဖော်ပြရသေးဟု ယူဆရသည့် လက်ရေးမူ၊ လက်နှိပ်စက်မူများမှ ရရှိကြောင်း အစီရင်ခံအပ်ပါသည်။

ပါရမီစာပေ

BURMESE CLASSIC .com

## ပြည်တော်ပြန်ဘုရား

ဤတစ်ခါ စာပေဟောပြောရန် သွားရမည်က ဇလွန်မြို့၊

ဇလွန်ဟုဆိုကတည်းက 'ပြည်တော်ပြန်ဘုရား' သမိုင်းကို ဝိုးတဝါးသတိရလိုက်သည်။ ကျွန်တော်တို့ငယ်စဉ်က ကြားဖူးထားသည်မှာ မြန်မာပြည်အောက်ပိုင်းကို အင်္ဂလိပ်တို့ တိုက်ခိုက်သိမ်းယူကြစဉ်က ဇလွန်မြို့သူမြို့သားများ ကိုးကွယ်ထားသော ကြေးဆင်းတုကိုယ်တော်ကြီးကို အင်္ဂလိပ်စစ်ဗိုလ်ကသယ်ယူသွားသည်။ အင်္ဂလန်ရောက်တော့ အမြောက် ကျည်ဆန်လုပ်ရန် ဖိုထိုး၍အရည်ကျိုကြရာ အရည်မပျော်ဘဲ ဖိုကြီးသာ ပေါက်ကွဲ၍ အလုပ်သမားများ မရှုမလှ သေကြသည်။ ညတိုင်းလည်း ရောင်ခြည်တော်ကွန့်မြူးသည်။ အင်္ဂလိပ်များက မကျေနပ်၍ နောက်တစ်ခါ အရည်ကျိုကြပြန်ရာတွင် ယခင်ကလိုပင် အရည်ကျိုသည့်ဖိုကွဲ၍ သေပွဲဝင်ကြရပြန်သဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ ယူလာခဲ့ရင်းနေရာ ဇလွန်မြို့သို့ ပြန်ပို့ကြရသည်။ ထို့ကြောင့် 'ပြည်တော်ပြန်ဘုရား' ဟု ဘွဲ့တော်သတ်မှတ်ကြသည်။

ထိုဆင်းတုတော်ကြီး၏ စမ္မခဏ်တွင် အဓိကရ ဘုရားရှိခိုး ဂါထာ ပါရှိသည်ဟုဆို၏။ စမ္မခဏ်ဆိုသည်မှာ စမ္မခဏ္ဍ= ရသေ့ရဟန်းများ အခင်းပြု၍ ထိုင်ကြသည့်သားရေဟု အဓိပ္ပာယ်ရသည်။ ဂါထာတော်ကား ဤသို့ဖြစ်၏။

'ဣတိပိ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ၊ သတ္တဗောဇ္ဈင်္ဂါ၊ အဋ္ဌဂိကော မဂ္ဂေါ၊ စတုပဋ္ဌာနံ၊ သဗ္ဗသဿက္ခန္ဓော၊ သဟဿ သုရိယော၊ ဩောင်းနမော မေတ္တာနံ၊ ရာဇဘာယံ စောရဘာယံ၊ ဥဒကဘာယံ အဂ္ဂိဘာယံ၊ သတ္တဘာယံ သဗ္ဗဘာယံ၊ ဇေယျောဇယတုမင်္ဂလံ၊ အနိစ္စံ သခ်တာ၊ ဝဋ္ဋံ သမုပ္ပန္နံ၊ ခယဓမ္မံ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ မမတိ'

www.burmeseclassic.com

www.burmeseclassic.com



ဤဂါထာကို အမြဲရွတ်လျှင် အန္တရာယ်ကင်းသည်၊ ဘေးရှင်းသည်၊ ဘီလူး မိစ္ဆာသရဲတစ္ဆေတို့ကို နိုင်သည်ဟု ကျွန်တော်တို့ ငယ်ငယ်က လူကြီးမိဘများက နှုတ်ရအကျက်ခိုင်းသည်၊ ရပ်ရွာတွင် ရောဂါကပ်ဆိုးများ ချောက်ချားသည့်အခါ စုပေါင်း၍ ရွတ်ကြသည်၊ စက္ကူတွင် ရေး၍ အိမ်တံခါးမှာ ကပ်ကြသည်။

ကျိုက်လတ်မှဆိုလျှင် မအူပင်၊ ညောင်တုန်း၊ မနေဖြူ၊ ဟင်္သာတ မြို့များနှင့် တိုက်ရိုက်ကူးသန်းသွားလာနိုင်သည့်တိုင် မနေဖြူနှင့် ဟင်္သာတအကြားရှိ ဇလွန်မြို့ကို မရောက်ခဲ့ဖူးပါချေ။

လွန်ခဲ့သော ၁၃. ၁၂. ၈၁ နေ့မှာမှ စာပေဟောပြောပွဲ ကျေးဇူးကြောင့်ရောက်၍ အဆိုပါ 'ပြည်တော်ပြန်' ဘုရား ကိုယ်တော်ကို ဖူးရသည်။

မန္တလေးမြို့မဟာမြတ်မုနိပုံတော်ဖြစ်၍ ဉာဏ်တော် ၃ တောင်ခန့်မျှရှိမည်ထင်သည်။ မျက်နှာတော်မှာ ကြည်လင်ရွှန်းပ သပ္ပာယ်တော်မူလှသည်။ သက်ရှိလူပ်ရှား နှုတ်ခမ်းတော်ဟ၍ တရားဓမ္မဟောတော်မူတော့မည်လား ထင်ရသည်။ ထို့ထက် သိသာအောင်ပြောရမည်ဆိုလျှင် 'လူနှင့်တူလှ'ပါဘိသည်။ ကျောက်ဆင်းတု ကြေးဆင်းတု ဗုဒ္ဓ ရုပ်တုတော် အများအပြားဖူးခဲ့ရပါပြီ။ အရုပ်သွန်းထုပြုလုပ်ထားသည်နှင့် အညီ အရုပ်မျက်နှာတော်ပုံတူများ၍ လှပချောမွေ့ရှိပါလျှင်လည်း အရုပ်ချော အရုပ်လှ လှနေကြပြန်ပါသည်။ ပညာတော်၊ မေတ္တာတော်၊ ကရုဏာတော်၊ ဥပမိ ပေါ်လွင်ထင်ရှား ဖူးနိုင်ရန်မှာ လွယ်လိမ့်မည် မထင်ပါ။

'ပြည်တော်ပြန်' ဗုဒ္ဓကိုယ်တော်မှာမူ ပြုံးတော်မူသည်ဟု မပြောသာသော နှုတ်ခမ်းတော်တွင် ပြုံးရိပ်သန်းရုံမျှသန်း၍ မျက်လွှာတော်ချကာ ဖလသမာပတ်ဝင်စားနေတော်မူပုံဖြစ်သည်။ တစ်နည်းဆိုရလျှင် ဖူးလိုက်သည်နှင့် 'ထူးတော့ထူးသည်' ဟု ပြောရမည်သာဖြစ်သည်။



မျက်နှာတော်မှလွဲလျှင် ဘစ်ကိုယ်တော်လုံးရွှေချထားသည်မှာ အဆုပ်လိုက်ဖြစ်သည်။ ရင်ဘတ်တော်၌ မို့မောက်လွန်းနေသည်။ ကျွန်တော်တို့ ဟောပြောပွဲအဖွဲ့ကပင် ကိုယ်စီကိုယ်င ရွှေသင်္ကန်းကပ်ပါသေးသည်။

ဂန္ဓကုဋိတိုက်ကိုဖွင့်ပေး၍ နီးနီးကပ်ကပ် ကြည့်ညိုခွင့်ရပါသည်။ အနီးကပ်၍ဖူးရသည့်အခါရုပ်ရှင်တော်၏ ဝိသေသကို ကြက်သီးဖိမ့်မျှခံစားရပြန်သည်။ စမ္မခဏ်ဂါထာတော်ကို ရှာဖွေကြည့်ရာ နေရာ အနှံ့ ရွှေပိန်းချထားခြင်းကြောင့် မတွေ့နိုင်တော့၊ ရွှေအပါးဆုံးနေရာပင်လျှင် တစ်ပဲထုလောက်ရှိပေလိမ့်မည်။

ကျွန်တော်တို့ကိုယ်တိုင် သာဟတ္ထိက ရွှေပြားကပ်လှူနိုင်ပါသည်ဟု ခွင့်ပေးသော်လည်း ပလ္လင်ပေါ်သို့ မတက်ရက် မတက်ဝံ့သောကြောင့် ဂေါပကဆရာတော်ကြီးသို့သာ အပ်၍ကြည်ညိုရသည်။ ပုံတော်နှင့် သမိုင်းကို ရချင်ကြသည်။

ထိုအတွင်း ဆရာမြတ်ထန်နှင့် သိဟောင်းကျွမ်းဟောင်း ဂေါပက အဖွဲ့ဝင်ပုဂ္ဂိုလ်တစ်ဦးကဆိုသည်။

'ဗိုလ်မှူး၊ သူများမမြင်ဖူးတာကြည့်ချင်ရင် ကျွန်တော်နှင့် လိုက်ခဲ့'

ထိုပုဂ္ဂိုလ်က ဦးဆောင်၍ ဆရာမြတ်ထန်နှင့်အတူ ဂန္ဓကုဋိတိုက် အတွင်းသို့ ဝင်သွားကြပြန်သည်။ ပလ္လင်တော်အနောက်ဘက်ရှိ လှေကားဖြင့်တက်၍ သူတို့၏တစ်ရပ်နှင့်ညီနေသောမျက်နှာတော်ကို ဓာတ်ကြည့်မှန်ဘီလူးဖြင့် အနီးကပ်ကြည့်နေကြသည်။ မျက်ဝန်းတော်တခိုကို ဆရာမြတ်ထန်အား ညွှန်ပြ၍ သေသေချာချာကြည့်စေသည်။

'တွေ့လား တွေ့လား'ဟု ထိုပုဂ္ဂိုလ်က မေးသည့်အခါ ဆရာမြတ်ထန်က 'တွေ့တယ် တွေ့တယ်'ဟု နှစ်ယောက်စလုံးကဆိုကြသည်၊ အတိုင်အဖောက်ဖြစ်နေကြသည်၊ ကျွန်တော်ကိုယ်တိုင် မနေနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူတို့နှစ်ယောက်အနားသို့ တက်ရောက်သွားသည်။ 'ဆရာ ကြည့်စမ်းပါ၊ အောက်မျက်ခမ်းတော်မှာ ပန်းပွင့်သေးသေးကလေးတွေ မြုပ်ထားတယ်' ဟု မှန်ဘီလူးကိုလည်း ကျွန်တော့်ကိုပေးသည်။ စက္ကူဖြူဖြင့် မျက်လွှာတော်ချထားသည့် အောက်မျက်ရစ်တော်ကို မှန်ဘီလူးအား အနီးအဝေး ချိန်၍ ပြတ်သားထင်ရှားအောင် ပြုပြီးကြည့်လိုက်သည့်အခါ ဆန်ကျိုးခန့်ပမာဏရှိသော အရောင်တောက်ပနေသည့်ချရားပွင့် (ခရေပွင့်)ကလေးလို သဏ္ဌာန်ကိုတွေ့ရသည်။

'တစ်ပွင့် နှစ်ပွင့် သုံးပွင့် လေးပွင့် ငါးပွင့်'

လက်ျာမျက်ရစ်တွင်လည်း ငါးပွင့်၊ လက်ဝဲမျက်ရစ်တော်တွင်လည်း ငါးပွင့်၊ ထို့အပြင် ကြေးသားပေါ်၌ မြုပ်ထားခြင်းမဟုတ်၊ မှန်ဘီလူးကို ဘယ်ယိမ်းညာယိမ်း ယိမ်း၍ကြည့်သည့်နေရာကို လိုက်ပါ ရွေ့လျားနေသလိုမြင်ရသည်။ ကျွန်တော်က ဂေါပကပုဂ္ဂိုလ်နှင့် ဆရာမြတ်ထန်ကို ပြောပြ၍ မှန်ဘီလူးဖြင့် ပြန်၍တဖန်ကြည့်ကြစေသည်။

'ဟုတ်တယ်ဆရာ ဟုတ်တယ်ဆရာ' ဟု ဝမ်းသာအားရ ပြိုင်တူပြောကြသည်။

'အဲဒါ ဆရာ ဘယ်လိုထင်သလဲ' ဟု ဂေါပကပုဂ္ဂိုလ်က မေးသည်။

'ဆရာတော်ဘုရားကော အဲဒါကိုဖူးရမှာပေါ့'

'ကျွန်တော်တို့နှင့် မျက်နှာသစ်တော်ရေကပ်ပြီး ရောင်တော်ဖွင့်နေကျမို့ ဖူးရတာပေါ့'

'ဆရာတော်ဘုရားက ဘယ်လိုအမိန့်ရှိတော်မူသလဲ'

'ဒီကိုယ်တော်ကြီးကို သွန်းလုပ်ပူဇော်ကြကတည်းက ရှိနေလိမ့်မယ်လို့ထင်သတဲ့'

'ဟုတ်ပါလိမ့်မယ်၊ စမ္မခဏ်ဂါထာတော်ကြီးကိုဘယ်ပုဂ္ဂိုလ်က ရေးသားထွင်းထုပူဇော်ခဲ့သလဲ'



'ခင်ကြီးပျော်ဆရာတော်ကြီး၏ဆရာ ခင်ကြီးပြောင်က ရေးခဲ့တယ်လို့ သမိုင်းမှာရှိသတဲ့'

'ဒါဖြင့် အဲသည်ဆရာတော်ကြီးက အဓိဋ္ဌာန်ပြုတော်မူခဲ့တာဖြစ်စရာရှိပါတယ်၊ ကြေးသားမှာ ထွင်းမြုပ်ထားတာ မဟုတ်တာကိုတော့ ဆရာတို့အမြင်ပဲလေ'

'မျက်ရစ်တော်တစ်ဖက်မှာ ငါးပွင့်စီအညီအမျှဖြစ်နေကြတာကို ဆရာဘယ်လိုယူဆမလဲ'

'ကျွန်တော်ကေန်ကေ်ပြောနိုင်စွမ်းမရှိပါဘူး၊ ကျွန်တော်က မှတ်စုသမားမို့ ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးရဲ့ 'အစိန္တေယျဘုရားရှိခိုး' မှာပါတာတော့ သတိရမိပါတယ်'

'ဘယ်လိုပါလဲ'

'ဆေးနီးစကြဝဠာ၊ သမန္တာရပ်၊ လောကဓာတ်တို့ကို၊ ထုတ်ခပ်ထင်ထင်၊ ရှုမြင်တော်မူနိုင်သော၊ ပသာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခုတည်းဟူသော မျက်စိတော်ငါးလုံးဖြင့် အဆုံးမဲ့မြင်တော်မူပြီးထသော'

'ဆရာပြောတာ ယုတ္တိရှိပါတယ်'

'ဆရာတော်ကြီးများကိုလဲ လျှောက်ထားကြည့်ဖို့ကောင်းပါတယ်'

ဘုရားမှအပြန် ကျွန်တော်တို့ ပုံတော်ကားတစ်ချပ်စီနှင့် သမိုင်းတစ်အုပ်စီ ရခဲ့ကြသည်။

'ဓညဝတီ ရခိုင်ပြည်ကြီးရှင် ဘုရင်စန္ဒသူရိယမင်းသည် မြတ်စွာ ဘုရားသခင်သက်တော်ထင်ရှားရှိတော်မူ၍ ဓညဝတီပြည်ကြီးသို့ ဒေသစာရီကြွချီတော်မူစဉ်က မြတ်စွာဘုရားကိုယ်တော်ပွား ပထမ–မဟာမြတ်မုနိ၊ ဒုတိယ–ရှင်ကျော်၊ တတိယ–ရွှေဘုံသာ၊ စတုတ္ထ–ဓာရုံ အောင်မြင်ဘုရားများကို အစဉ်အတိုင်းသွန်းပြုပူဇော်တော်မူခဲ့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထိုမြတ်စွာဘုရားဝို့သည် အစဉ်အတိုင်း ဉာဏ်တော်အဆင့်ဆင့် ငယ်တော်မူကြ၍ မာရ်အောင်မြင်ဘုရားကိုယ်တော်မှာ စမ္မခဏ်တော်အလွတ် နှစ်တောင် ဆယ်လက်မ ရှိသည်။ စမ္မခဏ်နှင့်တကွ သုံးတောင် တစ်လက်မရှိသည်။ ကြေးအချိန် ၆၆၆ ပိဿာနှင့် ၆ ကျပ်သားရှိသည်။ မဟာမြတ်မုနိကိုယ်တော်ကြီး၏ လက်ယာတော်ရံဖြစ်သည်။

သက္ကရာဇ် ၁၁၄၆ ခုနှစ်တွင် အမရပူရ ရွှေနန်းရှင် ဘိုးတော်ဘုရား၏သားတော် အိမ်ရှေ့မင်းက မဟာမြတ်မုနိနှင့်တကွ အဆိုပါဘုရားများကို ပင့်ဆောင်ခဲ့သည်။

အမရပူရရွှေမြို့တော်ကြီး၏ နန်းတော်ဦး၌ ရွှေပြာသာဒ်တော်ကြီးဖြင့်တည်ထားလျက် ဘိုးတော်မင်း၊ အိမ်ရှေ့မင်း၊ ဘကြီးတော်မင်း၊ ကုန်းဘောင်မင်း၊ ပုဂံမင်း၊ မင်းတုန်းမင်း၊ ကနောင်မင်းတို့ အဆက်ဆက်ကိုးကွယ်ခဲ့ကြသည်။ ထိုစဉ်က မင်းတုန်းနှင့်ကနောင်တို့မှာ အိမ်နိမ့်စံများသာ ရှိကြသေးသည်။

ဇလွန်မြို့စားအတွင်းဝန်သတိုးမင်းကြီး မဟာမင်းလှနော်ရထာက ဇလွန်မြို့သူကြီးခန့်ထားသော ဦးရွှေပွင့်သည် ပုဂံမင်းမိဖုရားကြီး၏ ဆွေတော်မျိုးတော်ဖြစ်သည်။ ဇလွန်မြို့သူမြို့သားများက စုဆောင်းလှူဒါန်းသော ရတနာများဖြင့် မာရ်အောင်မြင်ဘုရားကဲ့သို့ ပုံတော်တူတစ်ဆူသွန်းလောင်းခွင့်ရအောင် အမရပူရ မိဖုရားထံခွင့်တောင်း၍ သွန်းထု နေစဉ်ပင် ဗြိတိသျှတို့က အောက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူစပြုနေသည်။

ထိုအခါဦးရွှေပွင့်အား တိုင်းပြည်အခြေအနေအရ ဇလွန်မြို့သို့ အရေးတကြီးပြန်လွှတ်ရာ နန်းဦးတွင် ကိုးကွယ်ထားသော မာရ်အောင်မြင်ဘုရားကို တပါတည်းပင့်ဆောင်ရပါစေကြောင်း မိဖုရားအား အသနားခံသည်။ ထိုစဉ်က ပုဂံမင်းကို မင်းတုန်းနှင့် ကနောင်မင်းသား များက ထောင်လွှားပုန်ကန်နေကြပြီဖြစ်ရာ ဦးရွှေပွင့်၏အလိုကို လိုက်လျော၍



ဇလွန်မြို့ကိုသာ အရေးတကြီးပြန်လည်ထိန်းချုပ်နိုင်စေရန် မာရ်အောင်မြင်ဘုရားကို ပင့်ဆောင်ခွင့်ပြုလိုက်ရလေသည်။

ဤသို့နှင့်ဇလွန်မြို့သို့ မာရ်အောင်မြင်ဘုရား ရောက်ရှိတော်မူခဲ့ရသည်။

၁၂၁၄ ခုနှစ်တွင် ပုဂံမင်းနန်းကျ၍ မင်းတုန်းမင်း နန်းတက်ဝင်သည်။ ထိုနှစ်တွင် အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့က သိမ်းသည်။ ထိုအခါအမြို့မြို့အရပ်ရပ်ရှိ ကြေးဆင်းတုများ၊ ကြေးပရိဘောဂများ၊ ကြေးပစ္စည်းများကို ကြေးပိုက်ဆံသွန်းလုပ်ရန်ဆို၍တွေ့သမျှသိမ်းယူရာ အဆိုပါ မာရ်အောင်မြင်ကိုယ်တော်ကြီးသည်လည်း ၁၂၁၇ ခုနှစ်တွင် ဘုံဆောမြို့သို့ ပါသွားရသည်။

ဘုံဆောမြို့ဂိုဒေါင်ထဲတွင် ကိုယ်တော်ကြီးအား ပစ္စလက္ခတ်ထားသည့်အခါ အရှေ့အရပ်သို့သာ မျက်နှာတော်မူလျက်သားရှိသည်။ အရည်ကျိုရန် တူကြီးများဖြင့် ထုရိုက်ချိုးဖဲ့၍မရ၊ တစ်စွန်းတစ်စမျှ ကျိုးပဲ့ ပျက်စီးခြင်းမရှိ၊ ထိုအခါ ဆင်းတုတော်အတိုင်း အရည်ကျိုသည့်ဖိုကြီးထဲသို့ သွင်း၍ မီးပြင်းတိုက်ကာ ထိုးကြသည်။ ဖိုကြီးများ ပေါက်ကွဲ၍ လူအများအသက်ဆုံးကြရသည်။ ဖိုကြီးများ၏ ချွတ်ယွင်းမှုကြောင့်ဟု ဆုံးဖြတ်ပြီး နောက်ထပ်တစ်ဖန်ထိုးကြပြန်သည်။ မျက်နှာတော် ပုံပန်း သဏ္ဌာန်မျှ မပျက်မစီးဘဲ ဖိုကွဲ၍သာ သေကြရပြန်သည်။ ညတိုင်း ညတိုင်း ရောင်ခြည်တော်ကွန့်မြူးလေ့ရှိရာ စုန်းတောက်စားသည်၊ သရဲ တစ္ဆေစီးနေသည်ဟူ၍ မည်သူမျှ မတို့မထိဝံ့အောင်ဖြစ်နေလေသည်။ ဤသို့ဖြင့် မလျော့ကန်မလျောက်ပတ်သောအရပ်၌ ကာလကြာမြင့်စွာ စံနေတော်မူရသည်။

ဝိတိုရိယဘုရင်မကြီးသည် အင်္ဂလန်တွင် ရာဇဘိသေက ခံယူပြီးသည့်နောက် အိန္ဒိယပြည်ဒေလီမြို့သို့ အိန္ဒိယအင်ပိုင်ယာ ဘုရင်မကြီးအဖြစ် ဘိသိက်ခံ၍ ဒါဘာပွဲကြီးကျင်းပရန်ရောက်ခဲ့သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးတစ်ဦးက ကြေးဆင်းတုကြီးတစ်ဆူကို ညွှန်ပြ၍ မြန်မာပြည်သို့ အမြန်ဆုံးပြန်ပို့ရန် တိုက်တွန်းသောဟူ၏။ ထိုအခြင်းအရာကား နေ့စဉ်ညဆက် အိပ်မက်မြင်နေခြင်းဖြစ်၏။

ထိုအခါဘုရင်မကြီးက မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူခဲ့သော စစ်ဗိုလ်'ဆာဂျွန်ဆပ်' အားခေါ်ယူစစ်မေးတော်မူပြီး ထိုဆင်းတုတော်ကြီးအား ယူဆောင်ခဲ့သည့်နေရာဌာနသို့ အမြန်ဆုံးပြန်လည် ပို့ဆောင်ပေးရန် အမိန့်ရှိသည်။

၁၂၁၉ ခုနှစ်တွင် ပြန်လည်ပင့်ဆောင်ခဲ့သော်လည်း မြို့အမှတ်မှား၍ ဟင်္သာတနှင့်ဇလွန်မြို့အကြား သဲသောင်ကြီးပေါ်တွင် ချထားခဲ့တော့သည်။ ထို့ကြောင့် ဟင်္သာတမြို့သားနှင့် ဇလွန်မြို့သားတို့ ကိုယ့်ဘုရား သူ့ဘုရား အငြင်းအခုံဖြစ်ပွားကြလေရာ မူလဝေယျာဝစ္စပြုတော်မူခဲ့ရသော 'ဆရာတော်ဦးဖြူ' က စမ္မခဏ်တော်ပါ ဂါထာကိုရွတ်ဆို သက်သေပြုပြသည့်အခါမှ ဇလွန်မြို့က အနိုင်ရ၍ ယနေ့ထက်တိုင် ကိုးကွယ်နိုင်ကြလေသည်။

ထို့ကြောင့် မူလဘွဲ့တော်ရင်း 'မာရ်အောင်မြင်' မှသည် 'ပြည်တော်ပြန်ဘုရားကြီး'ဟူ၍ကျော်ကြားတော်မူရလေသတည်း။

စမ္မခဏ်ဂါထာတော်အနက်–

'ပိဋကတ္တယံ=ပိဋကတ်သုံးပုံသည်၊ ဣတိပိ ဣမိနာစ ကာရဏေန = ဤသို့ဖြစ်ခြင်းပျက်ခြင်းသဘောရှိသော အကြောင်းကြောင့်လည်း၊ အနိစ္စံ=အနိစ္စမည်၏။ ဣတိပိ ဣမိနာစကာရဏေန= ဤသို့ ဖြစ်ခြင်း ပျက်ခြင်းတို့သည် မပြတ်နှိပ်စက်ခြင်းသဘော ရှိသော အကြောင်းကြောင့်လည်း၊ ဒုက္ခံ=ဒုက္ခမည်၏။ ဣတိပိ ဣမိနာစကာရဏေန= ဤသို့မိမိအလိုသို့ မလိုက်ခြင်း သဘောရှိသော အကြောင်းကြောင့်လည်း၊ အနတ္တာ=အနတ္တမည်၏။

သတ္တဗောဇ္ဈင်္ဂေါ=ခုနစ်ပါးသော ဗောဇ္ဈင်သည်လည်းကောင်း၊



အဋ္ဌင်္ဂိကော=အင်္ဂါရှစ်ပါးရှိသော၊ မဂ္ဂေါ=မဂ်သည်လည်းကောင်း၊ စတုဝဋ္ဌာနံ= အာရမ္မဏ ဥပနိဿယ ကမ္မ အတ္ထိ ပစ္စည်းဟူသော လေးပါးသော ကမ္မပဋ္ဌာန်းသည်လည်းကောင်း၊ သဗ္ဗသော= အလုံးစုံသော တရားအပေါင်းကို၊ ဣန္ဒော–ဣဿရော= အစိုးရတော်မူသော မြတ်စွာဘုရားကို လည်းကောင်း၊ သဟဿသူရိယော–သဟဿရံသိ သူရိယော= ရောင်ခြည်တစ်ထောင်အလင်းကိုဆောင်သော နေမင်းသည် လည်းကောင်း၊ ဣတိပိ ဣမိနာစကာရဏေန= ဤသို့ဖြစ်ခြင်းပျက်ခြင်းစသော သဘော ရှိသော အကြောင်းကြောင့်လည်း၊အနိစ္စံ=အနိစ္စမည်၏။ ဒုက္ခံ= ဒုက္ခမည်၏။ အနတ္တံ=အနတ္တမည်၏။

သြောင်း ဥတ္တမာနံ=အထူးသဖြင့် မြတ်တော်မူကုန်သော၊ မေတ္တာနံ=မဟာမေတ္တာအရှင်ဖြစ်တော်မူကုန်သော ဘုရားရှင်တို့အား၊ နမော=ရှိခိုးပါ၏။

ဧတေသံ=ထိုမေတ္တာအရှင်ဖြစ်တော်မူကုန်သော ဘုရားရှင်တို့၏၊ အာနုဘာဝေန=မေတ္တာတော်အာနုဘော်အားဖြင့်၊ ရာဇဘယံ= မင်းဘေးကိုလည်းကောင်း၊ စောရဘယံ=ခိုးသူဘေးကိုလည်းကောင်း၊ ဥဒကဘယံ=ရေဘေးကိုလည်းကောင်း၊ အဂ္ဂိဘယံ= မီးဘေးကို လည်းကောင်း၊ သတ္ထဘယံ= ဓားလက်နက်ဘေးကိုလည်းကောင်း၊ သဗ္ဗဘယံ =အလုံးစုံသောဘေးကိုလည်းကောင်း၊ ဇေယျော=အောင်မြင်နိုင်သည်။ ဟောတု=ဖြစ်ပါစေသတည်း။

မင်္ဂလံ=ကုသိုလ်မင်္ဂလာဟူသမျှသည်၊ ဇယတု= အောင်မြင်နိုင်သည်ဖြစ်ပါစေသတည်း။ ပဋိစ္စသမုပ္ပန္နံ= အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားသည်၊ သင်္ခတံ=ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်းကာပြုပြင်အပ်သည်ဖြစ်၍၊ အနိစ္စံ=အမြဲမရှိ၊ ခယဓမ္မံ=ကုန်ခြင်းသဘောရှိ၏။ ဝယဓမ္မံ=ပျက်ခြင်းသဘောရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တဿာ=ထို့ကြောင့်၊ ဝိရာဂမဓ္မံ=ရာဂကင်းခြင်းသဘောရှိသော၊ နိရောဓ မဓ္မံ=ချုပ်ငြိမ်းခြင်းသဘောရှိသော နိဗ္ဗာန်ကို၊ ပဏ္ဍိတော= ပညာရှိအပေါင်းသည်၊ ခမတိ= နှစ်သက်မြတ်နိုးတော်မူပါ၏ဘုရား။

ဤကား ဇလွန်မြို့သား ဆရာဦးမောင်ရှင်းရေးသား၍၊ (မှုပိုင်) ဦးလှထွန်းကျော်က ဇလွန်ပဒေသာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည့် ပြည်တော်ပြန်ဘုရားသမိုင်းစာအုပ်မှ အကျဉ်းချုံး၍ တင်ပြရခြင်းဖြစ်ပါသည်။

ဇလွန်မြို့တွင် ညွှန်ခံပြုစုလိုက်ကြသော အာဏာပိုင်အဖွဲ့အစည်း သုံးရပ်မှ ပုဂ္ဂိုလ်ကြီးများ၊ စာပေလုပ်သားများ၊ စာဆိုတော်နေ့ဖြစ်မြောက်ရေးအမှုဆောင်များ၊ စာပေမြတ်နိုးသူများနှင့်တကွ မြို့သူမြို့သားများကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဆရာညိုထွန်း၊ ဆရာမြတ်ထန်၊ ဆရာကြပ်ကလေး၊ ဆရာမကြီး စောမုံညင်း နှင့်အတူ ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ရပါသည်။

[ရတနာမွန် ၁၉၈၂ ဇန်နဝါရီ]

## အသက်တစ်ရာကျော် စံကင်းဆရာတော်၏ ခန္ဓာဝန်

"ခန္ဓာဝန် လက်စသိမ်း၍ ငြိမ်းချမ်းခြင်း ဟူသမျှတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို ရလိုပါ၏ အရှင်ဘုရား"

"ဘယ်လိုလဲဗျ၊ ခုမှဘုရားရှိခိုးပြန်ကျက်နေတာလား"

"ဩော် ကိုဒါနလာဗျာ။ အတော်ပဲ ဘုရားရှိခိုးတောင် ပြန်ကျက်ရမလို ဖြစ်နေလို့ဗျို့။ အဲဒါ ခင်ဗျားနဲ့ ဆွေးနွေးကြရအောင်"

"ဟိုတစ်လောတုန်းက ခင်ဗျားမန္တလေးသွားနေတယ်ဆိုလို့"

"ဟုတ်ပါတယ်။ ခုတစ်ခေါက်မန္တလေးရောက်လို့ အဲသည်ဘုရားရှိခိုးကို ပိုပြီး သဘောပေါက်လာခဲ့ရတယ်ဗျာ"

"အမယ်–ခင်ဗျားစကားကစိတ်ဝင်စားစရာပါလား။ လုပ်စမ်းပါဦး"

"ခုနဘုရားရှိခိုးထဲက 'ခန္ဓာဝန်လက်စသိမ်း၍' ဆိုတဲ့စကားလေ။ အဲဒါကို အစက ကျုပ်ဖြင့် ခပ်ပေ့ပေ့တွေး၊ ခတ်ပေ့ပေ့ပဲ မြင်ခဲ့တာ၊ ဒီတစ်ခါတော့ တော်တော်ကလေးထင်ရှားလာခဲ့သဗျာ။ ရော့–ဒီဓာတ်ပုံကိုကြည့်စမ်း။ ဒါဟာ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်က သာသနာပိုင် သက်တော်ရှည် ရာကျော် စံကင်းဆရာတော်ဘုရားကြီးရဲ့ ပုံတော်ပဲ"

ကိုဒါနအား ဆရာတော်ဘုရားကြီး၏ ထိုင်လျက်ပုံကို ပြလိုက်ပါသည်။ သူကြည့်နေစဉ်–

"အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင်နိကာယသမ္မုတိ သံဃနာယက သက်တော်တစ်ရာကျော်ခဲ့ပြီလေ"

ကိုဒါနက ဓာတ်ပုံကိုစေ့စေ့စပ်စပ်ကြည့်ရင်း–

www.burmeseclassic.com

www.burmeseclassic.com



"အင်း–သက်တော်တစ်ရာကျော်ပြီဆိုတော့လဲ အသားအရေတွေ လျော့ပါးနေပြီပေါ့လေ။ သတိမမေ့၊ သူငယ်မပြန်၊ ကျန်းကျန်းမာမာနဲ့တော့ရှိရဲ့မဟုတ်လား"

"အင်း–မျက်ပျဉ်းတွဲကျပြီး မျက်စိပသာဒ မကောင်းတာကလွဲလို့ သတိတစ်ချက် မလစ်ပါဘူး။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ဒီပုံအတိုင်း ကျွန်တော်ဖူးခဲ့ရပါတယ်။ ၁၃၃၁ ခု ဝါဆိုလဆန်း ၁၅ ရက်နေ့တုန်းက ဝါဆိုဦးအထူးဩဝါဒတရားတော်အဖြစ် ဝိသုဒ္ဓါရုံ ကျောင်းဝတ် တရား ၂၅ ပါးကို ဟောတော်မူသေးတယ်လို့ သိရပါတယ်"

"အသက်တစ်ရာကျော်မှာ သတိမမေ့ သူငယ်မပြန်တာဟာ သီလကြီးကြောင်းထင်ရှားတာပေါ့နော်"

"အဲဒါကို ဆရာတော်ဘုရားကိုယ်တော်တိုင် ဘယ်လို အမိန့်ရှိတော်မူသလဲဆိုတော့ 'ဒို့အခုအသက်ကြီးရင့်လာလိုက်တာ တစ်ရာကျော်လာပြီ။ ဒီလိုသတိထားပြီး အပြစ်ကင်းတဲ့စကားပြောနိုင်တာ၊ သတိကောင်းနေတယ်ဆိုတာ၊ ဒီပရိယတ္တိသာသနာ၊ ဒီသီလတရား၊ သမာဓိတရားတို့ရဲ့ကျေးဇူးပဲ။ သိပ်ကျေးဇူးများတဲ့ သာသနာကြီးပဲ'လို့ မိန့်တော်မူပါသေးတယ်"

"ဩော် သာဓု သာဓုဗျာ"

"ဒါတင်မကသေးပါဘူး။ တစ်ခါတစ်ခါ ဆရာတော်ကြီးအနားမှာ ရှိကြတဲ့ ကိုရင်တွေကို 'ကိုရင်တို့၊ သူအို သူနာ သူသေ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကိုတွေ့ရလို့ ဒို့ဘုရားလောင်းဟာ တောထွက်သွားပြီး ဘယ်သူနဲ့မှ စကားမပြောဘဲ တရားအားထုတ်တော်မူတယ်ဆိုတာ ကြားဖူးကြရဲ့လားကွဲ့' လို့မေးတော်မူသတဲ့။

'ကြားဖူးပါတယ်ဘုရား' လို့ လျှောက်ကြတော့ 'ဒါဖြင့် သူအိုဆိုတာ ဘယ်လိုဟာလဲ' လို့မေးတော်မူပြန်တယ်။

ကိုရင်တွေက မြန်မြန်မလျှောက်ကြတော့ 'သူအိုဆိုတာ ဒီ



ဘုန်းကြီးအိုကြီးပေါ့။ ဒို့လိုသူအိုကြီးကို မြင်သွားလို့ ဘုရားလောင်းတောထွက်တော်မူသွားတာ၊ ကိုရင်တို့လဲ ဘုန်းကြီးအိုကြီးကိုကြည့်ပြီးကြောက်လန့်တဲ့ စိတ်မဖြစ်ဘူးလား။ တောမထွက်ချင်ဘူးလား။ ကြောက်လန့်တဲ့စိတ်ဖြစ်တာကို သံဝေဂတရားလို့ခေါ်တယ်' အဲသည်လို မကြာမကြာလက်တွေ့တရားဟောတော်မူတတ်သတဲ့"

"အင်း ကိုယ်တော်တိုင်လဲ အမြဲသံဝေဂယူနေပုံရတယ်နော်"

"သတိမြဲနေတဲ့ပုဂ္ဂိုလ်ဟာ သူတစ်ပါးကိုမြင်ရ်လဲ့ ဆင်ခြင်တယ်။ ကိုယ့်ကိုယ်ကိုလဲ သုံးသပ်လျက်ရှိပေမပေါ့ခင်ဗျာ"

"ဒါထက် ခင်ဗျားပြောတဲ့ 'ခန္ဓာဝန်' ဆိုတာနဲ့ ပတ်သက်ပြီး ဆရာတော်ကြီးက ဘယ်လိုများဟောတော်မူလိုက်လို့လဲ။ ဖောက်သယ်ချစမ်းပါဦး"

"ဒါကတော့ နှုတ်နဲ့မိန့်တော်မူလိုက်တာ မဟုတ်ပါဘူး။ ဒီလိုလေဗျာ၊ လွန်ခဲ့တဲ့လေးနှစ်လောက်က လူထုဦးလှကဆရာတော်ကြီးဆီပို့ပေးလို့ ကျွန်တော်ဖူးခဲ့ရတယ်။ အဲသည်ပုံအတိုင်း ထူထူထောင်ထောင်ထိုင်လျက်ပေါ့ဗျာ။ ကျွန်တော့်ကိုတောင် 'ဘ[illegible]သရာ' သီချင်းစာသားနဲ့ ပတ်သက်ပြီး 'သာသနာပြုတာပဲကွဲ့' လို့ သာဓုခေါ်[illegible]ပါသေးတယ်။ ဟော ခုတစ်ခေါက်ဩဂုတ်လသုံးရက်နေ့ကပေါ့၊ မန္တလေးရောက်လို့ ဦးလှကလိုက်ပို့တော့ ဟောသည့်ပုံအတိုင်း ခုတင်ပေါ်မှာမှောက်လျက်ပဲ နေတော်မူရှာတယ်။ ရော့ အဲသည့်ဓာတ်ပုံပဲကြည့်တော့"

ကိုဒါနက ဓာတ်ပုံကိုကြည့်ရင်းစုတ်သပ်လျက်ရှိပါသည်။

"အရိုးပေါ် အရေတင်လျက်ပဲ ရှိတော့တယ်။ ပခုံးနှစ်ဖက်ဟာ ကျောပြင်ထက်မြင့်တက်ပြီး ဦးခေါင်းဟာလဲမထူနိုင်အောင် ရှိနေရှာတော့တယ်။ ကုသိနာရုံပြခန်းတွေမှာ တွေ့ရတတ်တဲ့ တကယ့် သူအိုသူနာကြီးအတိုင်းပါပဲဗျာ"

"အင်း ကျွန်တော်သဘောပေါက်ပြီ ဦးသုခရေ။ ခင်ဗျားဆို

www.burmeseclassic.com

www.burmeseclassic.com



လိုတဲ့ ခန္ဓာဝန်' ဆိုတာ" ဟု ကြေကွဲသလိုလို တရားကျသလိုလို ကိုဒါန တာ ညည်းညူလိုက်ပါတော့သည်။

"အင်း ခင်ဗျား အခု ခံစားတွေ့ထိတဲ့ စိတ်အတိုင်း ကျွန်တော်လဲ ခံစားခဲ့ရပါတယ် ကိုဒါနရယ်။ တဆက်ထဲ တွေးမိတာကတော့ ကျွန်တော်တို့ ခင်ဗျားတို့ဟာ ကိုယ့်ခန္ဓာ ကိုယ်သယ်နိုင်တုန်း ထထကြွကြွ သွားတယ်၊ လာတယ်၊ ခုန်တယ်၊ ပေါက်တယ်။ စိတ်နောက်ကိုယ်ပါ နေရာတကာမှာ ဘယ်ဟာမျှ ပင်ပန်းဆင်းရဲတယ်မထင်ကြဘူး။ မိမိခန္ဓာကို မိမိပိုင်တယ်၊ နိုင်တယ်၊ အစိုးရတယ်။ ပေါ့ပေါ့ပါးပါးပဲလို့ ထင်ခဲ့ကြတာမို့ 'အကြောကိုးရာ၊ အကြောသုံးရာ၊ အလျား တစ်လံ၊ အနံ တစ်ထွာ၊ သုံးဆယ့်နှစ်ကောဋ္ဌာသအရေထူ အရေပါး စသည်တို့ဖြင့် ဖုံးအုပ်ဖွဲ့စည်း ထားအပ်သော၊ စာခြောက်ရုပ်နှင့်တူစွာသော၊ လေးလံ နှိပ်စက် အမြဲပျက်လျက်ရှိသော' ဆိုတဲ့ ခန္ဓာကိုယ်ရဲ့ စက်ဆုပ်ဖွယ်တွေကို စာတွေနဲ့ အမှတ်မထင် ပေါ့ပေါ့ဆဆပဲ နေခဲ့ကြတယ်။ ဒီလိုနဲ့ပဲ ကိုယ့်အရိုး၊ ကိုယ်သယ်နိုင်တုန်း မှန်းကြတယ်၊ ချစ်ကြတယ်၊ ကြိမ်းကြ ပါးကြ၊ ဘယ်သူ့ကိုမှ ထီမထင် တွင်ကျယ်လုပြီဆိုတဲ့ စိတ်ထားနဲ့ ရွှေလျားနေခဲ့ကြတယ်နော၊ ဟော–အခု ဆရာတော်ကြီးဆိုရင် ခန္ဓာကိုယ်ရဲ့ ဒုက္ခလုပ်သမျှဖြစ်သမျှ အချိန်တစ်ရာမက ဝန်ထုပ်ဝန်ပိုးကြီးကို ရွက်ပြီး သေမင်းရဲ့တိုက်စစ်ကို အကာအကွယ်မဲ့စောင့်နေရတာနဲ့ မတူပေဘူးလား။ ခန္ဓာဝန်ကြီးကို ပင်ပန်းလှတယ် ဆင်းရဲလှတယ် ဆိုတဲ့ တရားကျတဲ့စိတ်နဲ့ ပစ်ခွာစွန့်ခွာချင်ဦး၊ အချိန်မကျမခြင်း ဝန်ထုပ်ဝန်ပိုးကြီးကို မနိုင့်တနိုင် ထမ်းရွက်စောင့်ဆိုင်းနေပုံဟာ ဇရာရဲ့မင်းမှုတာကိုခေါင်းငုံ့ခံနေရတာလို့ တွေးယူစရာ မကောင်းပေဘူးလား။ လောကမှာ အသက်တစ်ရာရှည်စေသောဝ်လို့ ဆုတောင်းကြတာဟာ ကောင်းတယ်လို့ ဆိုချင်ပေမဲ့ ဝဋ် ဒုက္ခကိုကြာကြာခံပါရစေလို့ တောင့်တတာနဲ့မတူပေဘူးလား"



ကျွန်တော့မိတ်ဆွေက ရူးရူးစိုက်စိုက်တွေးနေပြီးမှ "အင်း ဒါကြောင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုကြတာတောင် နှစ်မျိုးနှစ်စား ခြားနားနေတာ ကျမ်းစာများမှာ တွေ့ရတာကိုး" ဟု ခပ်လေးလေး ဆိုလိုက်ပါသည်။

"ဘယ်လိုများတွေ့ထားလို့လဲဗျာ၊ ပြောစမ်းပါဦး"

"သဉပါဒိသေသနိဗ္ဗာန်နဲ့ အနုပါဒိသေသနိဗ္ဗာန်လေ။ သဉပါဒိသေသနိဗ္ဗာန်ဆိုတာက ခန္ဓာကို အကြွင်းအကျန်နဲ့ ရအပ်သောနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်ဆိုတာက ခန္ဓာကိုယ်အကြွင်းအကျန်မရှိ ပကတိငြိမ်းအေးသောပရိနိဗ္ဗာန်ပြုခြင်းမဟုတ်လား"

"ဟာ ဟုတ်ပေတာပေါ့ ဆရာကြီးရယ်"

"ခန္ဓာကိုယ်ကြီးရှိနေသမျှတော့ သူ့ဒဏ်ကို အောင့်အောင့်အည်းအည်း ခံနေရဦးမှာပေါ့။ သာမန်ပုဂ္ဂိုလ်မဆိုထားနဲ့ ကျုပ်တို့ ဗုဒ္ဓရှင်တော် ပရိနိဗ္ဗာန်ပြုတော်မူခါနီးမှာကြည့်လေ။ 'ဆယ်တန်သော်ဆင်မျိုးတို့၏ ဆယ်ဆထက် ဆယ်ဆသော အားကိုဆောင်နိုင်သည်ဖြစ်၍ ယောကျ်ား ဗိုလ်ခြေ ကုဋေတစ်သိန်းတို့၏ကာယဗလ' ဆိုပေမဲ့ ပရိနိဗ္ဗာန်ပြုတော်မူရအောင် ပါဝါပြည်မှ ကုသိနာရုံပြည်ကို ကြွတော်မူရာမှာ သုံးဂါဝုတ်မျှသာ ကွာဝေးသော ခရီးအကြား–

'အာနန္ဒာရယ် ငါဘုရားပင်ပန်းတော်မူလှတယ်။ ဤခရီးအနီး သစ်ပင်အရင်း၌ ဒုကုဋ်တော်ကို လေးထပ်ပြု၍ ခင်းပေးပါဦး' လို့ မိန့်တော်မူရတာတွေ။ ကိုယ်တော်၏အားသည် လျော့ပါးလေရကား ရေ့ယိမ်းနောက်ယိမ်းဖြင့် ကတိမ်းကပါးရှိတော်မူ၏။ ရှင်အာနန္ဒာနှင့် ရှင်စုန္ဒသာလျှင် လက်ယာ, လက်ဝဲဖြင့် တွဲမ၍ထူရ၏၊ အဲသည့်ပိုနဲ့ နှစ်ဆယ့် ငါးကြိမ်တိုင်တိုင် နားနေတော်မူရတာ အပြင်းအပျ ရှုမှတ်သိပ်တော်မူရတာတွေဟာ ခန္ဓာဝန်ကြီးကိုတပင်တပမ်း ထမ်းရွက်တော်မူနေရသေးတာ ထင်ရှားပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဝါတော်နှစ်ဥ်ကဆိုရင် ခမည်းတော်နှင့်ဆွေတော်မျိုးတော်တွေ အဖူးအမြော်ခံတော်မူရလေအောင် ရာဇဂြိုဟ်ပြည်မှ ယူဇနာ ခြောက်ဆယ်ကွာဝေးသော ကပိလဝတ်ပြည်ကို တစ်နေ့လျှင် တစ်ယူဇနာ အားဖြင့် နှစ်လတိုင်တိုင် မပင်မပန်း ရွှင်လန်းချမ်းမြေ့စွာ ဒေသစာရီကြွချီတော်မူခဲ့တာမဟုတ်လား"

"အင်း မြတ်စွာဘုရားသခင်ဟာ သက်တော်ရှစ်ဆယ်မှာ မဟာပရိနိဗ္ဗာန်ပြုတော်မူတယ်နော်။ ခုသက်တော်ရှည်ဆရာတော်ဘုရားကြီးဟာ အသက်တစ်ရာတောင် ကျော်ခဲ့ပြီပေါ့။ သတိတော့ကောင်းသေးရဲ့လားဗျာ"

"ကောင်းသဗျို့။ ကျုပ်နဲ့ဦးလှရောက်သွားတော့–

'လူထုဦးလှလာပါတယ်ဘုရား' လို့ လျှောက်လိုက်ခါရှိသေး၊

'အိမ်း ဒကာလှ မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိဒီပနီကို ရိုက်ဖြစ်ကြသလား' လို့ တစ်ခါထဲ တန်းမေးတော့တာပဲဗျို့။ တစ်ခါက ဦးလှက ဝိသုဒ္ဓါရုံပိဋကတ်တိုက်မှာရှိတဲ့ မူလမဟာ ဝိသုဒ္ဓါရာမိက သာသနာပိုင် ဆရာတော်ဘုရားကြီးရဲ့ ထေရုပ္ပတ္တိကို ဟံသာဝတီစာအုပ်တိုက်က ဦးဘခင်တို့အတွက် ပြန်လည်ရိုက်နှိပ်ဖို့ ခွင့်တောင်းထားဖူးတယ်။ အဲဒါကို ဘယ်လောက်သတိကောင်းသလဲ၊ ကောက်ကာ ငင်ကာ မှောက်နေရာက မေးတော်မူတာ။

ဒီတော့ ဦးလှက အခုဟံသာဝတီတိုက်က ရိုက်မယ့်အစား ဗိုလ်ချုပ်ကြီးက ကမ္ဘာအေး ဗုဒ္ဓသာသန စာအုပ်တိုက်က ရိုက်နှိပ်ပေးမယ်လို့ ပြောပါတယ်ဘုရားလို့ လျှောက်တော့–

'အေး–သူတို့က ရိုက်ပေးမယ်ဆိုရင်တော့ ပိုကောင်းမှာပေါ့ကွယ်။ သာဓု–သာဓု။ အရင် ၁၂၆၉ ခုနှစ်လောက်က ထင်ရဲ့၊ စာဆိုတန်းကဝိမျက်မှန်စာအုပ်တိုက်က ရိုက်တာလေ' တဲ့ဗျား။ အဲသည်လောက် သတိမချွတ်ဘူးဗျာ၊ အံ့ရော"



"ဟုတ်ပါ့ဗျာ၊ ကိုယ့်ခန္ဓာကိုယ်မသယ်နိုင်လျက်နဲ့ သတိမချွတ်ဘူးဆိုတာ တော်ရုံသီလ သမာဓိမဟုတ်ပေဘူး"

"အင်း၊ ကြည်ညိုစရာပါဗျာ။ ဒါပေမဲ့ ကျွန်တော်ပြောတဲ့ ခန္ဓာဝန်ကြီးကိုတော့ ငြီးငွေ့ပင်ပန်းစွာ ထမ်းလျက်ရှိနေရပုံတော့ ဒီဓါတ်ပုံကတရားပြနေတာပါပဲ။ ဒါကြောင့် သူတော်ကောင်းကြီးများက ဆုတောင်းတော်မူကြတာပေါ့–

ခန္ဓာဝန်လက်စသိမ်း၍ ငြိမ်းချမ်းခြင်းဟူသမျှတို့၏ အထွတ်အထိပ်ဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကိုရပါလို၏ အရှင်ဘုရား"လို့။

www.burmeseclassic.com

www.burmeseclassic.com



“ဒုက္ခသုခ ဆွမ်းလှူရသော အကျိုးငါးပါးဆိုတာ သိရဲ့မဟုတ်လား”

“တင်ပါဘုရား”

ရဟန်းသံဃာ ဆရာတော်ကြီးများနှင့် တရား စကား ပြောဆိုနာယူသည့်အခါ အပြောအဆို အမေးအဖြေတို့ကို သတိထားတတ်ဖို့ အလွန်လိုအပ်ပါသည်။ ဥပမာအားဖြင့် ယခုစကားနှင့်ပင် သက်သေပြရလျှင် “သိသလား” ဆိုသောမေးခွန်းနှင့် “သိရဲ့မဟုတ်လား” ဆိုသောမေးခွန်းနှစ်ရပ်စလုံးပင် ဖြေကြားရာ၌ သတိထားရပါသည်။

“သိသလား” ဟု မေးတော်မူလိုက်လျှင် မိမိသိထားသည့်တိုင်အောင် “သိပါသည်ဘုရား” ဟုဖြေကြားလျှင် ရိုင်းရာကျသည်။ ထို့ကြောင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ “ဟောတော်မူပါအရှင်ဘုရား” ဟုသာ လျှောက်ရပါသည်။ “သိရဲ့မဟုတ်လား” ဆိုသော မေးခွန်းမျိုးကျတော့ သိပြီးသားဟု ဆရာတော်က ယုံကြည်ပြီးသည့် အဓိပ္ပာယ်မျိုးဖြစ်သဖြင့် “တင်ပါဘုရား” ဟုဝန်ခံနိုင်သည်။

“အဲသည် အကျိုးငါးပါးဟာ ဆွမ်းလှူရှင်မှာ ရသလား၊ ဘုဉ်းပေးတဲ့ ဘုန်းကြီးတို့မှာ ရသလား”

မမျှော်လင့်သော မေးခွန်းကို ရုတ်တရက်ကြားရသောကြောင့် ဘယ်လိုပြန်ဖြေရမည်ကိုမသိ။ ခပ်အမ်းအမ်း ခပ်ကြောင်ကြောင် ဖြစ်သွားရတော့သည်။ သုတ္တန်ဒေသနာ ဝတ္ထုပေါင်းများစွာတို့မှ ဗုဒ္ဓကို အစပြု၍ ရဟန်းသံဃာများကို ဆွမ်းလှူရသောအကျိုးကြောင့် အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာနဟူသော အကျိုးငါးပါးနှင့်တကွ လူချမ်းသာ၊ နတ်ချမ်းသာတို့ကိုခံစားရကြောင်း ဖတ်ရှုနားလည်ခဲ့သည်။ ထို့ကြောင့် ဆွမ်းအလှူရှင်မှာသာ အကျိုးရပါသည်ဟု ဖြေစရာဖြစ်သော်လည်း ဆရာတော်၏ ဒွိဟပုစ္ဆာကိုတော့ ဇဝေဇဝါအနေဖြင့် မဖြေဝံ့တော့ပါပေ။ ထို့ကြောင့် “ဟောတော်မူပါဘုရား” ဟု လျှောက်ထားတောင်းပန်လိုက်ရပါတော့သည်။



“ဒို့ဌလက်တွေ့အားဖြင့်တော့ အဲသည်အကျိုးငါးပါးကို ဘုန်းကြီးတို့မှာ ရနေပြီလေ၊ စဉ်းစားကြည့်စမ်း။

(၁) အာယု–ဒုက္ခကပ်တဲ့ ဆွမ်းတစ်နပ်ကြောင့် ဘုန်းကြီးတို့မှာ ခုနစ်ရက်တော့ အသက်ဆယ်နိုင်ပေလိမ့်မယ်၊ ထမင်းအသက် ခုနစ်ရက်လို့ဆိုကြတယ်မဟုတ်လား”

“တင်ပါဘုရား”

“(၂)ဝဏ္ဏ–ထိုဆွမ်းကြောင့် သွေးသားညီညွတ်မျှတ၍ အရောင်အဆင်း မညှိုးမနွမ်း လန်းဆန်းခဲ့ရပြီ”

“မှန်ပါဘုရား”

“(၃) သုခ–ဆွမ်းအတွက်ကြောင့် မကြောင့်မကြ ပလိဗောဓကင်း၍ ချမ်းသာခြင်းရှိခဲ့ပြီ၊ တစ်နည်း–အဟောင်းဖြစ်သော ဝေဒနာကိုပယ်၍ အသစ်ဖြစ်သော ဝေဒနာမဖြစ်သဖြင့် အပြစ်မရှိသော ကျွန်းမာချမ်းသာခြင်းရှိခဲ့ပြီ”

“တင်ပါဘုရား”

“(၄) ဗလ–ထိုဆွမ်းအာဟာရ၏ သြဇာကြောင့် ကိုယ်ခန္ဓာ ခွန်အား တိုးတက်ခဲ့ရပြီ”

“မှန်ပါဘုရား”

“အဲ–နောက်ဆုံး (၅) ပဋိဘာန–ထိုအသက်ဆက်မှု၊ ရွှင်လန်းမှု၊ ချမ်းသာမှု၊ ခွန်အားပြည့်မှုတို့ကို အရင်းပြုပြီးတော့ ဂန္ထဓုရ၊ ဝိပဿနာဓုရ နှစ်ပါးကို ဘုန်းကြီးတို့က ကျင့်ဆောင်ကြိုးပမ်းလျှင် လောကီ လောကုတ္တရာ ဉာဏ်ပညာတွေ မရနိုင်ပေဘူးလား”

“ရနိုင်လောက်ပါတယ်ဘုရား”

“အေး–ဒါကြောင့် ဒို့ဌလက်တွေ့အားဖြင့် လောလောဆယ်

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆွမ်းဘုဉ်းပေးရတာ ကိုယ်တော်များက အကျိုးငါးပါးကို ရနေကြပြီမဟုတ်လား၊ စဉ်းစားစမ်း"

"တင်ပါဘုရား"

"ဒီတော့ ဘုန်းကြီးတို့ အကျိုးရတာကို သိပြီး ထိုအကျိုးငါးပါးကို ဘုန်းကြီးတို့ရပါစေတော့ဟု စေတနာထားပြီး လှူမလား၊ ဒကာသုခတို့က ထိုအကျိုးငါးပါးကိုလိုချင်တောင့်တပြီး အမြတ်ရအောင် အရင်းအနှီးမြှုပ်သလို စေတနာထားပြီး လှူမလား၊ အဲဒါ ရွေးပေတော့"

ဤတွင်မှ ဆရာတော်၏ အဆုံးအမကို သဘောပေါက်၍ ကြည်ညိုဝမ်းမြောက်ရပါသည်။

"ဆရာတော်ဘုရားတို့ကိုယ်တိုင် ထိုအကျိုးငါးပါးကို ရစေခြင်းငှာ စေတနာပြဋ္ဌာန်းပြီး လှူပါမည် ဘုရား"

"ဒါမှ ဒါနမှာ ယထာဘူတကျမှာပေါ့"

[ဆရာတော်၏ ဆုံးမစကားမှာ "အင်္ဂုတ္တိုရ် ဒုတိယတွဲ ပဥ္စကနိပါတ် ဘောဇနသုတ်"ကို သဘောပေါက်အောင် မိန့်တော်မူလိုက်ခြင်း ဖြစ်ကြောင်း တိပိဋကဓရ ဆရာတော် ဦးသုမင်္ဂလာလင်္ကာရက ကျမ်းရင်းကို ကုပ်ဆင့် ညွှန်ပြပေးပါသည်]

"မှန်ပါဘုရား"

"ဘုန်းကြီးတို့ဗုဒ္ဓဘာသာတွေ အလှူဒါနပြုတိုင်း ကမ္မ-ကံကိုသော် လည်းကောင်း၊ ကမ္မဖလ-ကံ၏အကျိုးကိုသော် လည်းကောင်း၊ သဒ္ဓဟိတွာ-ယုံကြည်ပါကုန်သည်ဖြစ်၍ အဲဒီလိုဆိုကြတယ်မဟုတ်လား"

"ဆိုကြပါတယ် ဘုရား"

"ဒီလို ကံ,ကံ၏အကျိုးကို ယုံကြည်တယ်ဆိုရင် မကောင်းမှုအကုသိုလ်ကံကို လုပ်ရင် ကမ္မဖလ-မကောင်းမှုဒဏ်ကို ခံစားရသကဲ့သို့ ကောင်းမှုကုသိုလ်ကံကို လုပ်ရင် ကောင်းမှုချမ်းသာကို ခံစားရမှာ



ပေါ့၊ အဲသည်အခါ မကောင်းမှုအကုသိုလ်တွေ လုပ်နေလျက် မကောင်းမှုဒဏ်ကိုမခံစားပါရစေနဲ့လို့ ငြင်းလို့ရပါ့မလား"

"မရနိုင်ပါဘူး ဘုရား"

"ဒါဖြင့် ကိစ္စတစ်ခုလုပ်ပြီး တောင့်တမျှော်လင့်စရာ လိုပါဦးမလား၊ ဒါနကို အလောဘဟိတ်နဲ့ လှူရင် ပြတ်ကရော မဟုတ်လား၊ ခုတော့ ကျုပ်တို့ဒကာ၊ ဒကာမတွေမှာ အလှူခံပုဂ္ဂိုလ်တွေ ရကြပါစေဆိုတဲ့ စေတနာထက် ကိုယ်ရမည့်အကျိုးမျှော်ကိုးပြီး ဒါနမှာ ကုန်သည်စိတ်နဲ့ လှူနေတတ်ကြတယ်၊ ဟုတ်ကဲ့ မဟုတ်လား"

"ဖြစ်တတ်ကြပါတယ် ဘုရား"

"ဒီအကြောင်းမျိုးနဲ့ပတ်သက်ပြီး ပုံပြင်ကလေးတစ်ခု ကြားဖူးတယ်။ တကယ် ဟုတ်မယ်တော့ မထင်ပါဘူး။ ဥပမာ ကပ်ပြောကြတာနဲ့ တူပါရဲ့၊ တစ်ခါတုန်းက ရွာတစ်ရွာမှာ ဒကာမကြီးတစ်ယောက် ရွာကျောင်းထိုင်ဘုန်းကြီးကို ဆွမ်းအုပ်တစ်အုပ်လာကပ်သတဲ့၊ ဒီတော့ ဘုန်းကြီးက 'အာယု၊ ဝဏ္ဏ၊ သုခ၊ ဗလ၊ ပဋိဘာန တည်းဟူသော ဆွမ်းအကျိုးငါးပါးနှင့် ပြည့်စုံပါစေသတည်း' လို့ ဆုပေးလိုက်သတဲ့၊ ဒကာမကြီးမှာ 'ပင်ပင်ပန်းပန်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ခဲ့ရတဲ့အကျိုးတော့ နပ်ပါသေးရဲ့လို့ ကျေနပ်နေတုန်း အခြားဒကာမကြီးတစ်ဦးက သောက်ရေအိုး တစ်လုံးခေါင်းပေါ်ရွက်လာပြီး လှူတဲ့အခါ ဘုန်းကြီးက 'လျင်မြန်ခြင်း၊ ကျော်စောခြင်း၊ စင်ကြယ်ခြင်း၊ မွတ်သိပ်ခြင်းမှကင်းခြင်း၊ အခြံအရံများခြင်း၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ခွန်အားကြီးခြင်း၊ ချမ်းသာကြီးခြင်း၊ ပညာကြီးခြင်းဟူသော ရေအကျိုးဆယ်ပါးနှင့်ပြည့်စုံပါစေ' လို့ ဆုတောင်းပေးလိုက်တဲ့အတွက် ဆွမ်းဒကာမကြီးက မကျေနပ်လာနဲ့ ဘုန်းကြီးကိုလျှောက်သတဲ့။ 'တပည့်တော်မမှာဖြင့် ဟင်းကျွေးဟင်းရဲ့ ပိုက်ဆံအကုန်အကျခံပြီး ဝယ်ရခြမ်းရ၊ ချက်ရပြုတ်ရနဲ့ ကာယိကထ ခံလိုက်ရတာ ရတော့ ဆွမ်းအကျိုးငါးပါးတဲ့၊ သူကပြင့် ရေတွင်းထဲက

www.burmeseclassic.com

www.burmeseclassic.com



ရေခတ်လာပြီး လှူတာ ရေအကျိုးဆယ်ပါးတောင်ရတော့မှာလား ဘုရား' လို့ဆိုသတဲ့။ ဒီတင် ဘုန်းကြီးက ဆွမ်းဒကာမကြီးကျေနပ်အောင် တစ်ဆုပ္ပတ္တိဉာဏ်နဲ့ ဘယ်လိုပြန်ပြောသလဲဆိုတော့ 'အဲ–ဟုတ်ပေတာ ပေါ့ ဒကာမကြီးရယ်၊ ဘုန်းကြီးက မေ့သွားလို့ ဒကာမကြီးမှာ ဆွမ်းချက်တဲ့ အခါတုန်းက ဆွမ်းဆန်ထဲ ရေပါရသေးတာပဲ၊ ကဲ ကဲ ဆွမ်းအကျိုး ငါးပါး၊ ရေအတွက်က ဆယ်ပါး၊ တစ်ဆယ့်ငါးပါးသောဆုနှင့် ပြည့်စေဗျား' လို့ ပိုပိုသာသာ ပေးလိုက်ရသတဲ့"

ကျွန်တော်တို့အားလုံး ရွှင်ပြုံးကြရပါသည်။

"သုံးဆောင်တဲ့ ဘုန်းကြီးတို့ တာဝန်ကလဲ ဒကာ၊ ဒကာမတို့ရဲ့ ဆွမ်းတစ်နပ်ကို သံသရာကြွေး တစ်ထပ်မတင်ရအောင် သတိထား စားကြရတယ်။ ဝိသုဒ္ဓိမဂ်မှာ မဟာသံဃရက္ခိတမထေရ်ကြီးက သူ့တူ သာမဏေငယ် ထမင်းကြမ်း အေးစက်စက်ကို စားနေတဲ့အခါမှာ၊ 'ဟဲ့ လျှာအပူမလောင်အောင်စားနော်' လို့ သတိပေးတဲ့အကြောင်း ဖတ်ဖူးကြမှာပေါ့၊ သံသရာဘေးမှ ပြေးထွက်လိုတဲ့ ရဟန်းတို့မည်သည် နေ့ နေ့ ညည မုရန္နစ်ပါးကို အချိန်ပြည့်လုပ်ကြရတာမို့ လွတ်လပ်သော အချိန်ပိုရယ်လို့ မရှိကြပါဘူး။ ဒါကြောင့် စားဝတ်နေရေးမှာ သဒ္ဓါတရား ရှိတဲ့ ဒါယကာ၊ ဒါယိကာမများကိုသာ အမှီသဟဲပြုလာခဲ့ကြပါ တယ်။ အဲ ရဟန်းဖြစ်ပြီးတော့ မုရန္နစ်ပါးကို တစ်ပါးမျှမလုပ်တဲ့ဘုန်းကြီး ကျတော့ အလုပ်လက်မဲ့ ဘုန်းကြီးလို့ခေါ်ရမလား မသိဘူး။

ဘုရားအလိုတော်ကတော့ ရဟန်းသံဃာများကလဲ မိမိတို့ကို ထောက်ပံ့လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေအကျိုးရှိအောင် ကိုယ်တိုင်ကလဲ အကျင့်စရဏနှင့်ပြည့်စုံပြီး(ကောင်းအောင်ကျင့်ပြီး) ဒါယကာ၊ ဒါယိကာမ များ ကောင်းဖို့ကိုပါ ညွှန်ကြားကြရပါတယ်၊ ဒါမှ အလှူရှင်ရော အလှူခံပါ အကျိုးရှိကြပေလိမ့်မယ်"

"သာဓု၊ သာဓု၊ သာဓုပါဘုရား"



ထိုဒေသနာမှာ ၁၉၆၄ ခု၊ စက်တင်ဘာလ ၁ပ ရက်၊ သောကြာနေ့ နံနက်တွင် အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်၌ ဆွမ်းကပ်ရာ ဆရာတော် အရှင်ဇနကာဘိဝံသ ကျေးဇူးရှင်ဘုရားက ဆွမ်းအနုမောဒနာ ပြုတော်မူခြင်း ဖြစ်ပါပေသည်။

၁၉၆၃ ခုနှစ် ရုပ်ရှင်မင်းသားကြီးကိုဇေယျနှင့် ပထမအခေါက် ရောက်စဉ်ကပင် တိတ်ဆိတ်ငြိမ်သက်လှသော ကျောင်းတိုက်၏ ကြည်နူး ချမ်းမြေ့ဖွယ်ကို ကြက်သီးမွေးညင်း ထလောက်အောင် ခံစားရပါပြီ။ ထိုအချိန်က ကျောင်းတိုက်တွင် သံဃာအပါးသုံးရာခန့် သီတင်းသုံးနေကြသော်လည်း အသံအသက် လုံးဝမပေါ်၊ စာရွတ်သံမျှမရှိ၊ ပကတိငြိမ်သက်တိတ်ဆိတ်နေခြင်းက မင်းမူနေသည်ဖြစ်ရကား သဒ္ဓါတရား မရှိသူများဆိုလျှင် တုန်လှုပ်ချောက်ချားကြမည်သာ။

အဇာတသတ်မင်းသည် ခမည်းတော် ဗိမ္ဗိသာရမင်းကြီးအား လုပ်ကြံပြီးသည်နောက် ဩတပ္ပသံဝေဂကြီးစွာရ၍ ဆရာဇီဝကအား အမှီပြုပြီးလျှင် ဆောက်တည်ရာ ရစိမ့်ခြင်းငှာ ဗုဒ္ဓမြတ်စွာ သီတင်းသုံးရာ သရက်ဥယျာဉ်ကျောင်းတိုက်ကြီးသို့ လိုက်ခဲ့လေသည်။

ကျောင်းတိုက်ကြီးတွင် သံဃာတော်ပေါင်း ၁၂၅၀ နှင့် ဗုဒ္ဓ သီတင်းသုံးနေတော်မူသည်ဟု သိထားပြီးသော်လည်း သံဃာတစ်ပါးတလေ၏ အရိပ်အရောင်ကိုမျှမမြင်ရ၊ မကြားရ၊ ပကတိ သရက်တောခေါင်ခေါင်တမျှ ဆိတ်ငြိမ်လွန်းလှသဖြင့် ဆရာဇီဝက က ငါ့ကို လုပ်ကြံသတ်ဖြတ်ရအောင် သွေးဆောင်ခဲ့လေသလားဟု ယုံမှားသံသယ ကြောက်စိတ်တွေဝင်ခဲ့ရ၏။

ထိုအကြောင်းအရာကို သတိရ၍ ကိုဇေယျအား လှည့်ကြည့်မိသည်။ ကိုဇေယျမှာ ပီတိသောမနကြီးစွာဖြင့် မျက်ရည်တွေတွေကျနေရာက

"ကျွန်တော် ဝမ်းနည်းသလိုလို ဝမ်းသာသလိုလိုနဲ့ ငိုချင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာ ဆရာရယ်"ဟု ပြောရာသည်။ ကျွန်တော့မှာလည်း ထိုနည်းအတူပင်။ ကြည်လင်ငြိမ်သက်သော ရေပြင်ကျယ်ကြီးအား တောင်သမန်အင်း၊ ထိုအင်းကြီးကို ရင်ဝယ်ပွေ့ကာ ဖြတ်သန်းနေသည့် နာမည်ကျော်တိုင်တစ်ထောင်ဦးပိန်တံတားကြီး။ ဤမှာဘက်ကမ်း၌ ရုပ်တူရှယ်တူ အရိပ်ထီးဝန်းများဆောင်နေကြသော မယ်ဇယ်ပင်ပျိုတန်း၊ ဟိုမှာဘက်တွင် စိမ်းစိုသောတောတန်း၏အရောင်ဖြင့် ပဏ္ဏာတင့်လှသည့် ထုံးသင်္ကန်းဖွေးဖွေးနှင့် ကုသိုလ်တော်စေတီ၊ ထိုမျှသော ရှုခင်းအထွေထွေကို ကျောပေးလျက် ဆိတ်ငြိမ်အေးဆေးစွာ ခံ့ခံ့ညားညား တည်နေသည်က သာသနာ့တက္ကသိုလ် ဘဏ္ဍာတိုက်ဗဟို၏ ကြည်ညိုလွမ်းဆွတ်ဖွယ်သော မဟာဂန္ဓာရုံကျောင်းတိုက်။

စကြံပတ်လည်အသွား ကျောင်းကလေးတွင် ဆရာတော်ဘုရားအား ဦးချ၍ ဖူးရလေပြီ။ ဆရာတော်တစ်ပါးတည်းသာ တွေ့ရသည်။ မတ်တတ်ရေးရသော စာရေးစားပွဲခြေတံရှည်မှ ခွာ၍ ကျွန်တော်တို့အား မပြုံးမရွှင်သော်လည်း ကြည်လင်ဖိတ်ခေါ်သော မျက်နှာထားဖြင့် လက်ခံတော်မူသည်။ ဆရာတော်၏ ဥပမိကိုကြည်ညိုလိုက်ရုံနှင့် သတ္တိ၊ ဗျတ္တိအပြည့်အဝရှိကြောင်း ထင်းခနဲနေအောင် သိနိုင်လေတော့သည်။

"ကဲ ကိုယ့်ကိုယ်ကို နေသာသလို သက်သက်သာသာနေကြ၊ ဘုန်းကြီးနဲ့တွေ့တဲ့အခါ အနေအထိုင် ကျဉ်းကျပ်ရင် ကြာကြာမနေချင်ဘဲ ရှိတတ်တယ်။ အရေးကြီးတာက ရောက်တဲ့အခါ ဘုန်းကြီးနဲ့ ဆွေးနွေးစရာ၊ ဆွေးနွေးချင်တာကလေးတွေများရှိရင် အချိန်ရမှ အကျိုးရှိမယ်"

ဆရာတော်က ဒကာ၊ ဒကာမတို့အပေါ် သက်ညှာသည်။ ကျောင်းပရဝုဏ်တွင်းမှာ ဖိနပ်စီးခွင့်ပြုထားသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဤအမိန့်ရှိသည်။



"ကျောင်းဝင်းက ကျယ်တယ်၊ ဒီတော့ နွေအခါမှာ ခြေပူတယ်၊ မိုးအခါကျတော့ ရိုစွတ်တယ်၊ ဆောင်းရောက်ပြန်တော့လဲ ဖုန်ထတယ်၊ ဒီတော့ ကျန်းမာရေးဘက်က ကြည့်ကြည့်၊ သန့်ရှင်းရေးဘက်က ကြည့်ကြည့်၊ ဖိနပ်စီးခွင့်ပြုတာက ကျောင်းအတွက်ရော၊ ဒကာ၊ ဒကာမအတွက်ပါ သပ္ပာယမျှမယ်လို့ထင်တယ်၊ ဖုန်တွေ နင်းလာ၊ အညစ်အကြေးတွေ နင်းလာမိတဲ့ ခြေထောက်နဲ့ ကျောင်းပေါ်တက်လာကြတာထက်တော့ ဖိနပ်ချွတ်ရောက်မှ ဖိနပ်ကို ချွတ်ပြီး ကျောင်းကြမ်းပြင်ကို နင်းတာက ပိုကောင်းတာပေါ့ မဟုတ်ဘူးလား။ နောက်တစ်ခုရှိသေးတယ်၊ ဘုန်းကြီးကျောင်းဆိုရင် ဖိနပ်ချွတ်ရမှာ စိုးတာနဲ့ ဆယ်ခေါက်လောက် လာချင်တာ ၂ ခေါက် လောက်သာ လာဖြစ်ကြမယ်။ ဒါကြောင့်လူငယ်တွေမှာ ဘုန်းကြီးကျောင်းနဲ့ဝေးကုန်ရော၊ ဘုန်းကြီးကျောင်းနဲ့ဝေးလေလေ၊ သာသနာယဉ်ကျေးခြင်းနဲ့ကင်းလေလေ။ အခက်ဆုံးကနိုင်ငံခြားဧည့်သည်တွေအတွက်ပေါ့။ တချို့ဆိုရင် မြန်မာပြည်ရောက်တဲ့အခိုက် ဗုဒ္ဓဘာသာအကြောင်းကို ဆွေးနွေးချင်ကြတယ်။ ဗုဒ္ဓအဘိဓမ္မာအယူအဆကို မေးချင်ကြတယ်၊ မှတ်သားချင်ကြတယ်။ အချို့ကလဲမြန်မာဘုန်းကြီးကျောင်းကို လှည့်ပတ်လေ့လာကြည့်ချင်ကြတယ်။ အဲသည်လို ကမ္ဘာလှည့်ခရီးသည်တွေကျတော့ ဖိနပ်ချွတ်ရမယ်ဆိုတာနဲ့တော်ရုံ တန်ရုံနဲ့မရောက်လာကြတော့ဘူး။ သူတို့မလာတော့ ကိုယ်ကသာသနာ သာသနာမပြုနိုင်ဘူး။ အဲ ရှိသေသော သဒ္ဓာစွာနဲ့ဖိနပ်ချွတ်ရမှသံသယကုက္ကုစ္စကင်းပါတယ်လို့ ယူဆတဲ့ဒကာ၊ ဒကာမကျတော့ ဖိနပ်ချွတ်ခဲ့ကြပေါ့၊ ကောင်းပါတယ်၊ ကျောင်းပေါ်အတက်မှာ ခြေဆေးပြီးတက် ကြရင် ပိုပြီး ကောင်းတာပေါ့ မဟုတ်ဘူးလား"

ဤစကားဖြင့် ဆရာတော်၏ သာသနာပြု စေတနာကို အပြစ်ကင်းသော ခေတ်မီမှုလိုလားကြောင်း သိနိုင်ပေသည်။

မဟာဂန္ဓာရုံကျောင်းတိုက်သည် ပရိယတ္တိသာသနာကို အထူး

www.burmeseclassic.com

www.burmeseclassic.com



ပြုသော စာသင်တိုက်ကြီးဖြစ်ပါသည်။ သို့လင့်ကစား ကျောင်းတိုက်၏ပြတ်သားသော စည်းကမ်းဥပဒေဆယ်ချက်ရှိရာ–

[၁]စိတ်ကောင်းရှိဖို့က ပထမ
[၂]ဝိနည်းလေးစားဖို့က ဒုတိယ
[၃]ကျန်းမာဖို့က တတိယ
[၄]သန့်ရှင်းဖို့က စတုတ္ထ
[၅]အဝတ်အစားတတ်ဖို့က ပဥ္စမ
[၆]အနေအထိုင်တတ်ဖို့က ဆဋ္ဌမ
[၇]အပြောအဆိုတတ်ဖို့က သတ္တမ
[၈]အသွားအလာတတ်ဖို့က အဋ္ဌမ
[၉]စည်းကမ်းလိုက်နာဖို့က နဝမ
[၁၀] စာတတ်ဖို့က ဒသမ

ဟူ၍ဖြစ်လေသည်။ ထို့ပြင် ဆွမ်းခံထွက်ခြင်း၊ အရေးတကြီးကိစ္စဖြင့် အခွင့်ရ၍ ထွက်ခြင်းမှ အပ၊ ကျောင်းတိုက်အပြင်သို့ ထွက်သွားသော မည်သည့် ရဟန်း သာ မဏေ ဖြစ်စေ ကျောင်းတိုက်တွင်းသို့ ပြန်ဝင်ခွင့်မရှိ။ ထိုစာတမ်းများကို ကျောင်းတိုင်းမှာ တွေ့ရဖတ်ရပါလိမ့်မည်။

ကျောင်းတိုက်ကြီးအတွင်းဝယ် အရိပ်အာဝါသကောင်းသော မန်းကျည်းပင်၊ ထနောင်း၊ မယ်ဇယ်ပင်များ အနှံ့အပြား ရှိကြသော်လည်း ထိုအပင်များအောက်ဝယ် သစ်ရွက်ခြောက်၊ သစ်ကိုင်းကျိုးနှင့် အမှိုက်သရိုက်များကို မြင်ရလိမ့်မည် မဟုတ်ပေ။ အမြဲရှင်းလင်း စင်ကြယ်လျက် ရှိသည်။ စာသင်ရဟန်းသာမဏေများ၏ စာအံစာရွတ်သံတို့ကို ကြားရလိမ့်မည်မဟုတ် တိုးတိုးတိတ်တိတ်ကျိတ်၍ကျက်ရပေသည်။

"ဘုရားကိုယ်တော်မြတ်ကြီးသည် ကျောင်းတိုက်အတွင်းဝယ် တိတ်ဆိတ်ငြိမ်သက်ခြင်းသာ နှစ်သက်တော်မူသည်။ ဆူဆူညံညံရှိခြင်းကို အလွန်အပြစ်တင်တော်မူလေ့ရှိ၏။ အခါတစ်ပါး အရှင် သာရိ



ပုတ္တရာ နှင့်အရှင်မောဂ္ဂလာန်ကိုယ်တော်ကြီးတို့၏ တပည့်သံဃာများ အသံစာစာဆူညံစွာပြုနေကြသည်ကို ဗုဒ္ဓက ကျောင်းတိုက်အတွင်းမှ နှင်ထုတ်တော်မူဖူးသည်"တဲ့။

"ဗုဒ္ဓကို ရှိသေရင် ဗုဒ္ဓအလိုအတိုင်း လိုက်နာပြုကျင့်ရမှာပေါ့။ ဘုန်းကြီးတို့တိုင်းပြည်မှာသာသနာပြုရတာ ဒကာ၊ ဒကာမတွေ အတွက် အလွန်လွယ်ကူပါတယ်။ ရတနာသုံးပါးကို အလွန်ရှိသေ ကိုင်းရှိုင်းတတ်ကြပါတယ်။ ရဟန်းတွေကျတော့ သံဃာကို သံဃာချင်းမို့ ရိုသေ ကိုင်းရှိုင်းမှုနည်းတတ်ကြပါတယ်၊ ဒါကြောင့် ရဟန်းတွေကိုဆုံးမဖို့ ဆိုရင် မမွှစက်ရော အာဏာစက်ပါ တွဲလုပ်ကြမှဖြစ်ရမလိုရှိနေတယ်" ဟု ဆရာတော်က ညည်းညူတော် မူရှာသည်။

"စရဏဆိုတဲ့ အကျင့်တရားဟာ ရဟန်းတွေအတွက် အရေးကြီးဆုံးပဲ၊ စရဏတရားမရှိရင် စာဘယ်လောက်တော်တော်၊ ဘာဘွဲ့ရရ၊ စာတတ်လို့သာ နာမည်ကျော်ချင်ကျော်မယ်၊ သံသရာအတွက် စိတ်မချရပါဘူးတဲ့၊ ဥဒ္ဒါလကဇာတ်မှာ ဘုရားက ဒီအတိုင်းဟောထားတယ်၊ ငယ်စဉ်ကစပြီးတော့ ဆရာကောင်းများထံမှ စရဏဆိုတဲ့ အကျင့်ကောင်း မျိုးစေ့ကောင်းရခဲ့တဲ့လူများက သာသနာတော်မှာ မိမိအကျိုး သာသနာအကျိုးတာရှည်လေးမြင့်စွာ ဆောင်ရွက်နိုင်ကြပါရဲ့။ အကျင့်မျိုးစေ့ မကောင်းတဲ့လူအများမှာတော့ ကိုယ့်ကိုယ်ကို မကြည်ညိုနိုင်ကြဘဲ သာသနာအကျိုးလဲ မဆောင်ရွက်နိုင်၊ ကိုယ့်အကျိုးလည်း မရှိနိုင်ဆာဘူး၊ ဒါကြောင့် အကျင့်မရှိဘဲ သာသနာထဲနေကြတဲ့ လူတွေထက် လူထွက်ပြီး သာသနာအကျိုး ဆောင်ရွက်ပေးနေကြတဲ့ ဥပါသကာများကို ချီးမွမ်းရမယ်"

စည်းကမ်းစနစ်အလွန်ကြီးတော်မူသော ဆရာတော်သည် သူ့ကျောင်းတိုက်၌ ဆွမ်းကပ်လှူမည့် ဒါယကာကိုပင် အလေ့အလွှင့်မရှိအောင် ပြုစုစေချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီးတို့ ကိုယ်တိုင် ချက်ပြုတ်ပြီး လှူချင်သလား၊ ဒီကျောင်းက ကပ္ပိယကြီးကို တာဝန်ယူစေချင်သလား" ဟု မေးမြန်းတော်မူသည်။

"အရှင်ဘုရား အလိုတော် အတိုင်းပါဘုရား"

"ဘုန်းကြီးမေးတာက ဒီလိုလေ၊ ဒကာကြီးတို့ကိုယ်တိုင် ချက်ပြုတ်မယ်ဆိုရင် ရပ်ဝေးကလာတဲ့ အာဂန္တုများဖြစ်လေတော့ ဝယ်ရခြမ်းရ၊ သယ်ရရွှေ့ရနဲ့ ကယိကထများမှာစိုးတယ်။ ကျောင်းတိုက်ရှိ သံဃာအကုန်ဆိုတော့ ၂၅၄ ပါး(၁၉၆၄ ခု)ရှိတယ်။ ဒီတော့ အိုးကြီးခွက်ကြီးနဲ့ချက်ရမှာ တာဝန်ကြီးလိမ့်မယ်၊ ဒါနဆိုပေမယ့်လဲ အထိုက်အလျောက်ထက်ပိုပြီးအလျှံပယ်ဖြစ်နေယင် မကောင်းပါဘူး။ ကပ္ပိယကြီးကတော့ ချက်နေကျမို့လျောက်ပတ်သလို အလေအလွင့်မရှိအောင် စီမံတတ်တယ်။ ကုန်ကျသမျှ အသေးအဖွဲ့ကအစ သူက စာရင်းပြပါလိမ့်မယ်"

"ပို၍သင့်လျော်ပါတယ်ဘုရား"

သို့နှင့် ကပ္ပိယကြီး ဦးကျော်ဝင်းအား ဆွမ်းကိစ္စအဝဝကို ကြောင့်ကြမဲ့လွှဲအပ်နိုင်ခဲ့ပါသည်။ ဦးကျော်ဝင်းမှာ အငြိမ်းစား မြေတိုင်းအင်စပက်တော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ် ပြုလျက် ကျောင်းတိုက်၏နဝကမ္မဥပါသကာ လုပ်လာသည်မှာ ဆရာတော်ဘုရားပျံတော်မူသည့်နေ့အထိ နှစ်ပေါင်း ၂၇ နှစ်ရှိခဲ့ပြီ။

ဆရာတော်ဘုရားထံ မန္တလေးသို့ကျွန်တော်ရောက်သည့်အခါတိုင်း အလိုလိုဝင် ဖြစ်ပါသည်။ နောက်ဆုံးဖူးတွေ့ရသည်မှာ ယမန်နှစ်က ပါရမီရိပ်သာ၊ မြစပယ်လမ်းရှိ ဝိဇ္ဇောတာရုံ ကျောင်းတိုက်သို့ ခန္ဓသိမ်တော်သမုတ်ရန်ကြွတော်မူစဉ်က ရှင်လန်းစွာဖူးတွေ့ရပါသည်။

"ဒကာသုခက ကျိုက်လတ်ဇာတိကိုး၊ ရွှေကျင် သာသနာပိုင် ဆရာတော် ဘုရားလဲ ကျိုက်လတ်ပစ္ဆိမာရုံကျောင်းတိုက်မှာ ပျံတော်မူ



သည်အထိ သီးတင်းသုံးသွားတာပဲ။ တောဘုမ္မာ မမ္ဗဂိတရေးတဲ့ ဦးပြုံးချို ဆိုတာလဲ ကျိုက်လတ်သားပဲ မဟုတ်လား"

"တင်ပါ့ဘုရား"

"အလျင်အနှစ်လေးငါးဆယ်က လယ်တီဆရာတော် ဘုရားကြီး ကျိုက်လတ်ကိုသာသနာပြုကြွတဲ့အခါမှာ နွားသားကို တစ်မြို့လုံး မစားဘဲ အရောင်းအဝယ်တောင် မရှိစေရပါဘုရားလို့ လှူလိုက်ကြတဲ့ အတွက် ဆရာတော်ဘုရားက ဓမ္မပါလမြို့လို့သမုတ်ခဲ့တာ မှတ်မိသေးတယ်" စသည့်ဖြင့် ရှေးဟောင်းနှောင်းဖြစ်များ အမိန့်ရှိတော်မူပါသည်။

'နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ'ဟူသောကျမ်းကို ရေးသားနေဆဲဖြစ်ကြောင်း အမိန့်ရှိပါသည်။

ပရိနိဗ္ဗာန်ပြုတော်မူရန်ဗုဒ္ဓ၏ နောက်ဆုံးကြွရာ ဒေသစာရီဖြစ်သော မဟာပရိနိဗ္ဗာနသုတ်ကို ကြည်ညိုစဖွယ် ခြယ်လှယ်ရေးသားတော်မူသည်ဟုသိရပါသည်။

တိုက်ဆိုင်လှသည်ဟု ပြောရမည်လားမသိ၊ ထို'နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ'စာအုပ်ရေးသားပြီးနောက် ဆယ်လမျှအလွန်ဖြစ်သော ၁၃၃၉ ခုနှစ်၊ နတ်တော်လဆုတ် ၂ ရက်၊ အင်္ဂါနေ့ နေ့လယ် ၁ နာရီအချိန်တွင် စာသင်ရဟန်းများအား သုတ်ပါဠေယျ ပါဠိ အဋ္ဌကထာကျမ်းတို ကောင်းစွာ ချပို့တော်မူသည့်နောက်၊ ၎င်းနေ့ ညနေ ၄ နာရီ မိနစ် ၃၀ အချိန် သက်တော် ၇၈ သိက္ခာတော် ၅၉ ဝါအရ ဘဝနတ်ထံ ပျံလွန်တော်မူရှာလေပြီ။

အလဇ္ဇီဖြစ်သော ဆဗ္ဗဂ္ဂီဂိုဏ်းသား ရဟန်းယောင်များအား ပြတ်ပြတ်သားသား နှိပ်ကွပ်၍ သာသနာစင်ကြယ်စေသော အရှင်မဟာမောဂ္ဂလာန်ကိုယ်တော်ကြီးကို အားကျကြည်ညိုပြီး ထိုလမ်းစဉ်ကို လိုက်တော်မူလိုသည့် မဟာဂန္ဓာရုံ ဆရာတော်။

သာသနာကိစ္စကို မလုပ်ရ မလုပ်နိုင်လျှင် မြန်မြန်သေ၍ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မြန် နောက်ဘဝကူးပြီး မြန်မြန်ဆက်လုပ်လိုက်ချင်သည်ဟု အားမလို အားမရ တမ်းတတော်မူခဲ့သော ရွှေကျင်နိကာယဥပဥက္ကဋ္ဌမဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ဓာရုံဆရာတော် အရှင် ဇနကာဘိဝံသကျေးဇူးရှင်သည် အပြောနှင့်အလုပ်ညီညွတ်စွာ စာချရင်း ပျံတော်မူရှာသည်။ ဆရာတော်သည် ရွှေဘိုတောင်ဘက် သရိုင်ရွာတွင် ခမည်းတော် ဦးဇောတိ၊ မယ်တော်ဒေါ်အုန်းလှိုင်တို့မှ ၁၂၆၁ ခုနှစ်၊ တပို့တွဲ လဆုတ် ၁၄ ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့သည်။

မြန်မာဘုရင်နှစ်ပါး၏ရာဇဂုရုတံဆိပ်နှင့် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ် သုံးတန်ကို လက်ခံတော်မူကြသော မဟာဝိသုဒ္ဓါရုံ ဆရာတော်နှင့် ထရံကာဆရာကြီးတို့၏ မြေးမြစ်ဖြစ်တော်မူသည်။ မူလစစ်ကိုင်းတောင်ရိုးမဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး၏ နောက်ဆုံး သဒ္ဓိဝိဟာရိက(နေ့ရော ညပါ အတူတကွ အနီးကပ်နေသော တပည့်) ဥပဋ္ဌာယ်ယူတပည့်ဖြစ်သည်။ ယခု အမရပူရ တောင်မြို့ မဟာ ဂန္ဓာရုံတိုက်ကို စာသင်သံဃာ ၅ ပါးနှင့် စတင်တည်ထောင်ခဲ့ရာ ၃၇ နှစ်ကြာမြင့်၍ ယခုအချိန်အထိ သံဃာတော် ၅၇၀ ရှိပါသည်။

လေကောင်းလေသန့်ရ၍ ဆိတ်ငြိမ်လှသည့် တောင်သမန်အင်းစောင်းတွင် သင်ရိုးကျမ်းစာများကိုအဓိပ္ပာယ်ဖွင့်ဆို ရေးသားတော်မူရုံမျှမက သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်တော်ဆိုင်ရာ ပါဠိ အဋ္ဌကထာကျမ်းများကိုလည်း အဖွင့်ဋီကာများစွာ ပြုစုရေးသားခဲ့ပါသည်။ စာအုပ်အဖြစ်ရိုက်နှိပ်ပြီး ကျမ်းစာပေါင်း ၅၀ ကျော်ရှိရာ ရတနာ့ဂုဏ်ရည်၊ ကိုယ်ကျင့်အဘိဓမ္မာ၊ အနာဂတ်သာသနာရေး၊ ဘာသာ ရေးပြဿနာနှင့်စစ်တပ်တရားတော်၊ ဘုရားဥပဒေတော်ကြီးစသော ကျမ်းများမှာ ခေတ်လူငယ်များအား အလွန်အကျိုးပြုခဲ့ပါသည်။

၁၃၁၂ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုဆက်ကပ်လှူဒါန်းခဲ့၍ ၁၃၃၇ ခုနှစ်တွင် ရွှေကျင်ဂိုဏ်း



လုံးကျွတ် အစည်းအဝေးကြီးမှ တွဲဖက်သာသနာပိုင် ရွှေကျင် နိကာယ ဥပဥက္ကဋ္ဌအဖြစ် တင်မြှောက်ပူဇော်ခြင်းကို ခံတော်မူသည်။

ဆရာတော်၏ အန္တိမဈာပန သာဓု ကိဋ္ဋိနသို့ နေ့စဉ် ညတိုင်း ရဟန်းရှင်လူ ပရိသတ်ပေါင်း ထောင်သောင်း ပူဇော်လာကြသော်လည်း ဆရာတော်ကြီး၏ စည်းကမ်းအလိုတော်ကို ရိုသေလိုက်နာသောအားဖြင့် ဆူဆူညံညံအသံအနှောက်အယှက်မရှိ ငြိမ်သက်တိတ်ဆိတ် ဝမ်းနည်းကြေကွဲစိတ်ဖြင့်သာ သံဝေဂကထာ တရားများကို နာကြလျက် ၁၃၄၉ ခုနှစ်၊ နတ်တော်လဆုတ် ၈ ရက်နေ့တွင် ရွှေကျင်သာသနာပိုင် ဥက္ကဋ္ဌဝိသုဒ္ဓါရုံဆရာတော်ကြီးထံ သီလခံယူကြပြီး ရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် ရွှေဟင်္သာဆရာတော်ကြီး၏ သြဝါဒကထာကို နာယူကြ၍ ရွှေကျင်နိကာယတွဲဖက်သာသနာပိုင် ဝိသုဒ္ဓါရုံ ပိုက်ကျိုးဆရာတော်ကြီးက ရေစက်ချကာ သတ္တဝါများအား အမျှဝေ ချီးမြှင့်တော်မူပြီး အလောင်းတော်ကို တောင်သမန်အင်းစောင်းသို့ ပို့ဆောင်၍ အဂ္ဂိဈာပနာ အန္တိမပူဇော်ကြသည်ဖြစ်ရကား နံ့သာတုံး မီးအလျှံကို သည်းခံကာ ရုပ်မာတ်သိမ်း၍ ချုပ်ပြတ်ငြိမ်းတော်မူရှာပါသတည်း။

[ငွေတာရီ ၁၉၇၈ မတ်]

www.burmeseclassic.com

www.burmeseclassic.com

# ရဟန်းတစ်ပါး ဒါယကာတစ်ယောက် (၁)

တစ်ရံရောအခါ တစ်နေရာ၌ ရဟန်းတစ်ပါးနှင့် လူဒါယကာတစ်ဦး တွေ့ကြုံကြလေ၏။ ထိုအခါ ဒါယကာက ရဟန်းတော်အား ဤသို့ အဆောတလျင် လျှောက်ထားလိုက်၏။

"ရုပ်တည်တော်မူပါဘုရား၊ သည်းခံတော်မူပါဘုရား၊ ခွင့်ပြုတော်မူပါဘုရား"

ထိုစကားကြောင့် ရဟန်းတော်က ပြန်၍ မေးလိုက်၏။

"ဘာအကြောင်းများရှိသလဲ ဒကာ"

"အရှင်ဘုရားအား ရှိခိုးလို၍ပါ ဘုရား"

"ကောင်းပြီဒကာ၊ ရှိခိုးလော့"

ဒကာသည် တုပ်ပျပ်ဝပ်လျှိုး၍ ရှိခိုးလိုက်လေ၏။

"တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ရှိသေ မြတ်နိုး ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား"

"တစ်ကြိမ်တည်းမဟုတ် သုံးကြိမ်နှင့်နှင့် ရှိခိုးတာ အကြောင်း ရှိသလား ဒကာ"

"အကြောင်းရှိပါသည် ဘုရား"

"ထိုအကြောင်းကိုဆိုလော့"

"တပည့်တော်မှာ မကောင်းမှုတွေကို ကိုယ်တိုင်ကိုယ်ကျ လုပ်ခဲ့မိတာတွေရှိပါသည်ဘုရား၊ နှုတ်ဖြင့်လဲ ကြမ်းတမ်းစွာ မြွက်ဆိုခဲ့ဖူးပါသည်ဘုရား၊ စိတ်ဖြင့်လဲ ကြံစည်ပြစ်မှားခဲ့မိတာ များလှပါပြီဘုရား၊ ဒါကြောင့် တစ်ကြိမ်မှ နှစ်ကြိမ် သုံးကြိမ်ထိအောင် ရှိခိုးရခြင်းပါဘုရား"

"အင်း–အကြောင်းမှန်သမျှ အကျိုးပေးဖို့ အထောက်အပံ့တွေ ဲ ဒကာ"



"အဲသည်လို အကျိုးပေးမှာတွေကို တပည့်တော် ကြောက်နေလို့ပါ ဘုရား"

"ဘာတွေကိုကြောက်နေသလဲ ဒကာ"

"ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ ဘဝတွေကို အကျိုးပေးလိမ့်မယ်လို့ ကြောက်နေတာပါဘုရား၊ တပည့်တော်ရဲ့ အပြု အမူ အပြောအဆို အကြံအစည်တွေဟာ ဒီဘဝမျိုးက လွတ်တော့မှာ မဟုတ်ဘူးလို့ ထိတ်လန့်ကြောက်ရွံ့နေမိပါတယ်ဘုရား"

"ဒီလိုကြောက်ရွံ့ရကောင်းမှန်းသိရင် အစကတည်းက ထို မကောင်းမှုများကို မပြုမလုပ် မမြွက်မဆို မကြံမစည်ဘဲ ရှောင်ပါတော့ ကော ဒကာ"

"မသိခင်က ပြုမိမှားတွေက အများအပြားပါဘုရား၊ သိပြန်တော့ကော မရှောင်နိုင် မကင်းနိုင်တဲ့ သဘောတရား အခြေအနေတွေ အရ ဖြစ်ခဲ့ရပါသည် ဘုရား"

"ကဲ ထားပါတော့၊ ငါ့ကို ရှိခိုးခြင်းကြောင့် ဒီအပြစ်တွေက လွတ်မယ်လို့ ထင်သလား"

"လွတ်မယ်လို့လဲ ထင်ပါတယ်ဘုရား၊ ပေါ့မယ်လို့လဲ ထင်ပါ တယ် ဘုရား"

"ဘာဖြစ်လို့လဲ ဒကာ"

"နှစ်သက်အပ်သောပုဂ္ဂိုလ်၊ အားကိုးအပ်သောသဘာဝ၊ မြေးဝင်ပုန်းခိုနိုင်သော အကာအကွယ်ဟု သုံးမျိုးသုံးစားရှိကြောင်း သိထားလို့ပါ ဘုရား"

"အဲသည်သုံးမျိုးကို ပြောစမ်းပါဘိ"

"တရားအပေါင်းကို ကိုယ်တိုင်သိ၍ သတ္တဝါဝေနေယျတို့အား ကယ်တင်တော်မူခဲ့သည့် ဗုဒ္ဓပါဘုရား။ ဗုဒ္ဓကိုယ်တော်တိုင်ဟောခဲ့တဲ့ ငြိမ်းအေးခြင်းလမ်းပြသြဝါဒတွေပါဘုရား။ ဗုဒ္ဓ၏ အဆုံးအမကို လိုက်

www.burmeseclassic.com

www.burmeseclassic.com



နာ၍ မိမိကိုယ်ကျိုး၊ သတ္တဝါတို့၏အကျိုးကို ကျင့်ကြံညွှန်ကြားနေတဲ့ ရဟန်းသူမြတ်တွေပါဘုရား၊ ဤသုံးမျိုးသုံးစားက တပည့်တော်အား အကာအကွယ်ပေးနိုင်တယ်လို့ တပည့်တော်ယုံကြည်ပါသည်ဘုရား"

"အိမ်း ဒကာ ဤသို့ယုံကြည်သည်ဟုဆိုလျှင် သဘာဝကျကျ သဘောတရားတစ်ခုကိုလည်း စဉ်းစားဦးတော့၊ မကောင်းမှုက ကောင်းမှုကံ ဟူသမျှကား ပြုသောသူအား တိုက်ရိုက်အကျိုးပေးလေ့ရှိတယ်၊ ဘယ်သူမပြုမိမိမှုသာလျှင် အကြောင်းဖြစ်ပေတယ်၊ ကိုယ့်ကိုယ်ကိုသာ အားကိုးရာရှိပေတယ်၊ ကိုယ့်အပြစ်ကို တစ်ပါးသူက ကြားဝင်၍ ခံယူကောင်းအံ့ဟု ထင်နိုင်စရာရှိပါမည်လား၊ ကယ်တင်ရှင်ကိုရှာဖွေ၍ တွေ့နိုင်ပါမည်လား"

"သဘာဝတော့ ကျပါသည်ဘုရား"

"ဥပမာတစ်ခု ပြဦးမည်ဒကာ၊ လောကပေါဟာရအားဖြင့် တိုင်းသူပြည်သားအား တရားသဖြင့် အုပ်ချုပ်သောမင်းတို့က မည်သည့် အမှုကိုမပြုရ၊ မည်သည့်စကားကိုမပြောရ၊ မည်သည့်အကြံအစည်ကို မကြံရ၊ ကြံစည်ပြောဆိုပြုလုပ်သည်ဖြစ်အံ့၊ ထိုသူအား ဤအပြစ်ထိုက်စေ၊ သတ်စေ၊ အကျဉ်းချစေ၊ ငွေလျော်စေ၊ ဒဏ်သင့်စေဟု မင်းဥပဒေ ကန့်သတ်ထားရိုးရှိသည် မဟုတ်လော"

"ရှိပါသည် ဘုရား"

"အကယ်၍ ထိုမင်း ဥပဒေမှ မလွတ်မကင်း ငြိစွန်းကျူးလွန်သူအား ထိုက်သင့်သည့်အားလျော်စွာ ရာဇဝတ်ပြစ်မှုသင့်စေသည်မဟုတ်လား"

"သင့်စေပါသည်ဘုရား"

"အသို့ဖြစ်လျှင် ထိုမင်းဘေးမင်းဒဏ်မှ ကယ်တင်လွတ်ငြိမ်းအောင် မည်သူတတ်နိုင်ပါတော့မလဲ ဒကာ။ ထိုအခါ၌ ကိုးကွယ်ရာ ရှိနိုင်ပါတော့မလား"

"ကိုးကွယ်ရာ ရှိပါသေးသည် ဘုရား"



"မည်သို့သော ပုဂ္ဂိုလ်ပေနည်း"

"တရားဥပဒေ ရာဇဝတ်ကျင့်ထုံးတို့ကို ကျွမ်းကျင်နှံ့စပ်သော ရှေ့နေရှေ့ရပ်များ ဖြစ်ပါသည်ဘုရား"

"ထိုရှေ့နေရှေ့ရပ်များက အဘယ်သို့စွမ်းဆောင် အကျိုးပြုလေသနည်း ဒကာ"

"ရှေ့နေရှေ့ရပ်များသည် ကြီးသောအမှုကိုငယ်စေ၊ ငယ်သောအမှုကို ပလပ်စေ၊ ခေါင်းဖြတ်ရအံ့သောအမှုအား ကိုယ်လက်အင်္ဂါမျှသာ ဖြတ်တောက်စေရုံမျှ၊ ကိုယ်လက်ဖြတ်စေအံ့သောအမှုကို ကြိမ်ဒဏ်သင့်ရုံမျှ၊ ကြိမ်ဒဏ်သင့်စေအံ့သောအမှုကို အချုပ်အနှောင်ခံရရုံမျှ၊ အချုပ်အနှောင်ခံရအံ့သောပြစ်မှုကို ငွေဒဏ်သင့်စေရုံမျှလျော့ပါးအောင် တတ်နိုင်ကြပါသည်ဘုရား"

"အသို့နည်း ဒကာ၊ ရှေ့နေရှေ့ရပ်တို့က တရားစီရင်သော မင်းစိုးတို့ အပေါ်၌ သြဇာအာဏာ ပေးနိုင်စွမ်းရှိပေသလား"

"မင်းစိုးတို့အပေါ်ဝယ် သြဇာအာဏာတော့ပေးနိုင်စွမ်း မရှိပါဘုရား။ သို့သော် မင်း၏ဥပဒေတို့ကို ကျွမ်းကျင်နှံ့စပ်သူပီပီ အပြစ်မှ လျော့ပါးသက်သာနိုင်စေသည့် အချက်အလက် အကိုးအကားများကို တင်ပြလျှောက်ထား အသနားခံခြင်းဖြင့်လျော့ပါးစေနိုင်ပါသည် ဘုရား။ ရှေ့နေရှေ့ရပ်တို့မည်သည်ကား အရပ်သူအရပ်သားအမှုသည်များထက် တရားဥပဒေကို ကျွမ်းကျင်နှံ့စပ်သဖြင့် ခြွင်းချက်အရပ်ရပ်ကို သိနိုင်မြင်နိုင် ညွှန်ကြားနိုင်သည့် တရားခံ၏ကိုးကွယ်ရာများ ဖြစ်ကြပါသည် ဘုရား"

"အိမ်း ကောင်းလေစွ၊ ကောင်းလေစွ၊ သင့်လေစွ ဒကာ"

"ထို့ကြောင့် ယခုလည်း ထိုနည်းနှင်နှင် အရှင်ဘုရား... ရှေ့နေရှေ့ရပ်သဘောထား၍ ပြုမိများသောမကောင်းမှုတို့မှ လွတ်မြောက်ကင်းကွာအောင် အားကိုးမှီခိုကြည်ညို၍ ရှိခိုးရပါသည်ဘုရား"

www.burmeseclassic.com



"ကောင်းပြီဒကာ၊ သင်၏ဥပမာသည် သင့်စွ။ ကံ ကံ၏ အကျိုးသည်ကား ပေးမြဲ ဓမ္မတာဖြစ်၏။ သို့သော် လေးလံစွာသော ကျောက်တုံးကျောက်ခဲသည် အချည်းနှီးအားဖြင့် ရေနက်ရာ၌ ကျဆင်း နစ်မြုပ်သွားမည်မှန်သော်လည်း လှေ ဖောင်တို့တွင် တင်လျှင်ကား မနစ် မမြုပ် မလေးမပင်ဘဲ လိုရာအရပ်သို့ ယူဆောင်သွားနိုင်သည်မှာ သင်၏ မျက်မြင် ဖြစ်ခဲ့ဖူးလိမ့်မည်။ ထို့အတူ အလွန်တရာ ကြီးလွန်းလှစွာသော မကောင်းမှုငါးခုမှ လွဲ၍ သာမန်မကောင်းမှုများမှာ လှေ ဖောင်နှင့် တူ သည့် ကောင်းမှုကုသိုလ်များဖြင့် ကြိုးစား၍ တင်ဆောင်လေတော့"

"အလွန်တရာ ကြီးလွန်းလှသော မကောင်းမှုကံငါးခုကား အဘယ်တို့ပါနည်း ဘုရား"

"အမိကို သတ်သောအပြစ်၊ အဘကိုသတ်သောအပြစ်၊ ရဟန္တာ ကိုသတ်သောအပြစ်၊ ဗုဒ္ဓအားသွေးထွက်သံယိုပြုသောအပြစ်၊ သံဃာ တော် အချင်းချင်းကွဲပြားစေသောအပြစ်ဟူ၍ ငါးပါးဖြစ်သည် ဒကာ။ ထိုကံငါးပါးကား ငရဲသို့ရောက်ခြင်းမှ တားဆီးနိုင်စရာ မရှိ ဖြစ်ဘိ၏"

"ဘုရားတပည့်တော်၌ ထိုကံငါးပါးတွင်တစ်ပါးပါးကိုမျှ ကျူး လွန်စော်ကားမှုမရှိခဲ့ပါဘုရား"

"ထိုသို့ဆိုလျှင် ယခုဒကာကိုယ်တိုင် သိတတ်သော သတိ အားလျော်စွာ ရတနာသုံးပါးတို့အား သဒ္ဓါကြည်ညို ရိုသေမြတ်နိုး ရှိခိုး ခြင်းအမှုကို တစ်ကြိမ်နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် ပြုခဲ့လေပြီ။ ထိုသို့ ပြုခဲ့သော စေတနာတို့ကြောင့် စေတနာအရ၊ ထိုမှတနည်း စေတနာ မှန်ကန်လျှင် သင်၏စေတနာ အင်အားအလျောက် သင်ပြုခဲ့သော မကောင်းမှုကံတို့မှ ပျောက်နိုင် ငယ်နိုင် ပေါ့လျော့နိုင်တော့၏။ ဤကား ကံဥပဒေ၏ ခြွင်းချက်ပေတည်း။ လောကဥပဒေတွင် နောင်တရခြင်း နောင် မဖြစ်ပေါ် မကျူးလွန်ပါဟု ဝန်ခံခြင်းတို့နှင့် တူညီ၏။ သို့ပါငြား လည်း ဒကာ မှတ်ထားဦးလော့။ ရှေ့နေရှေ့ရပ်တို့မည်သည် တရားခံ



၏ တစ်စုံတစ်ခု တစ်ခါတစ်ရံ ပြုခဲ့ပြီးသော အမှု၌သာ လျှောက်လဲစွမ်း ဆောင် ကယ်တင်နိုင်အား ရှိပေသည်။ ဖြစ်လတ္တံ့ ပေါ်လတ္တံ့သော အမှု အတွက်မှုကား ရှေ့နေများက တာဝန်မယူနိုင်ပေဘူးဒကာ။ ငါ၏ စကား ကို နားလည်လော့"

"သဘောပေါက်ရပါပြီ ဘုရား"

"အကယ်၍ ဒကာသည်အကုသိုလ်အမှုကို နောင်အသစ်တဖန် မဖြစ်ပေါ်အောင် စောင့်ထိန်းနိုင်သည်ဖြစ်အံ့။ ယခုကဲ့သို့ လူ့ဘဝ၌ပင် မလိုလားအပ်သော အကြောင်းတရား ဘေးအန္တရာယ်များကပါ လွတ် ကင်းနိုင်မည်ဖြစ်၏။ ထိုသည်တို့ကား–

ရောဂါဆိုးတို့ဖြင့် နှိပ်စက်ခံရခြင်း၊ လက်နက်တို့ဖြင့် နှိပ်စက် ခံရခြင်း၊ ငတ်မွတ်ခေါင်းပါးမှုတို့ဖြင့်နှိပ်စက်ခံရခြင်းဟူသော အကြောင်း တရားသုံးပါး။

ဘုရားပွင့်ခိုက် ငရဲ၌ဖြစ်ရခြင်း၊ ဘုရားပွင့်ခိုက် တိရစ္ဆာန်ဖြစ်ရ ခြင်း၊ ဘုရားပွင့်ခိုက် ပြိတ္တာဖြစ်ရခြင်း၊ အသက်ရှည်လျား၍ တရားနာခွင့် မရသော အရူပအသညသတ်ဘုံ၌ဖြစ်ရခြင်း၊ သာသနာမရောက်ရာ တောစွန်တောင်ဖျား၌ဖြစ်ရခြင်း၊ မိစ္ဆာဒိဋ္ဌိအယူရှိသူဖြစ်ရခြင်း၊ မဂ်ဖိုလ် ရစေနိုင်သော ပဋိသန္ဓေ ပင်ကိုဉာဏ်မရှိသူဖြစ်ရခြင်း၊ ဘုရားမရှိရာအခါ ကျွမှ ပဋိသန္ဓေပင်ကိုဉာဏ်ရှိသူဖြစ်ရခြင်းဟူသော ဖြစ်ရသော အရပ်၏ အပြစ်ရှစ်ပါးတို့သည်လည်းကောင်း။

ထိုမှတစ်ပါး စည်းစိမ်ဥစ္စာနှင့် အသက်ပါဖျက်ဆီးတတ်သော ရေဘေး၊ မီးဘေး၊ မင်းဘေး၊ ခိုးသူဘေး၊ မချစ်မနှစ်သက်သူဘေး တည်း ဟူသော ရန်သူမျိုးငါးပါးမှလည်းကောင်း။

ကာလ၏ဖောက်ပြန် ပျက်စီးခြင်း၊ လားရာဂတိ၏ ဖောက်ပြန် ပျက်စီးခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ဖောက်ပြန်ပျက်စီးခြင်း၊ မိမိ၏လုံ့လ

www.burmeseclassic.com

www.burmeseclassic.com



ပယောဂ ဖောက်ပြန်ပျက်စီးခြင်းတည်းဟူသော ပျက်စီးဖောက်ပြန်ခြင်း၊ အကြောင်းတရားလေးပါးမှလည်းကောင်း။

ထို့အပြင်လည်း ဆွေမျိုးတို့သေကြေပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာပျက်စီးခြင်း၊ အနာရောဂါဖြင့်ပျက်စီးခြင်း၊ အကျင့်သီလပျက်စီးခြင်း၊ အယူလွဲမှားပျက်စီးခြင်းဟူသော ပျက်စီးရာ အကြောင်းတရားငါးပါး စသည်စသည်တို့မှ လွတ်ကင်းရာသေး၏”

ထိုသောအခါ ဒါယကာက စိတ်ရွှင်လန်းချမ်းမြေ့စွာ ဝမ်းမြောက် ဝမ်းသာ လျှောက်ထားလိုက်လေ၏။

“သို့ကလောက်ဆိုလျှင် တပည့်တော်စိတ်ချလောက်ပါပြီဘုရား”

“ဘယ်သို့ဆိုသနည်း ဒကာ အဘယ်ကြောင့် ဝမ်းသာနိုင်သေးသနည်း။ အဘယ့်ကြောင့် စိတ်ချနိုင်သေးသနည်း။ ငါဆိုခဲ့သော သဘောတရား မှန်သမျှသည် သင်ဒကာ၏ ကောင်းမှုကုသိုလ်ကလေးရှိကာမတ္တ၊ တစ်ခဏတစ်ဘဝသာ လွတ်ကင်းစရာ ရှိနိုင်သေးသည်။ ထာဝရစိတ်ချနိုင်စရာမရှိသေး၊ ဆင်းရဲကင်းပြီဟု မဆိုနိုင်သေး။ ချမ်းသာရာကိုမရနိုင်သေး၊ စင်စစ်တမူကား ကာမဂုဏ်၌ ကြဲစည်မွေ့လျော်ခြင်း၊ ဘဝ၌တွေဝေခြင်း အယူဝါဒ၌စွဲလမ်းခြင်း၊ မသိတွေဝေ ဖုံးလွှမ်းခြင်းတည်းဟူသော ဝဲဂယက်လေးပါးမှ ကင်းလွတ်ရန်းထွက်ရာ လက်ကိုင်အမှန်တရား လေးပါးရှိပေသေး၏။ ဆင်းရဲခြင်းအမှန်ဟု သိခြင်း၊ ဆင်းရဲရာအကြောင်းခံ အမှန်ကိုသိခြင်း၊ ထွက်မြောက်မှုရှိသည် အမှန်ဟုသိခြင်း၊ ထွက်မြောက်ရာလမ်းကိုသိခြင်း၊ ခံစားခြင်း၊ ကျင့်ကြံအားထုတ်ခြင်းတို့နှင့်ပြည့်စုံသောအခါရောက်မှသာ ဆောကင်းရာအမှန် ချမ်းသာရာအစစ် ဆင်းရဲခြင်း မဖြစ်တော့မည်ကို စိတ်ချလေလော့။ ထို့ကြောင့် ဒကာသည် အားထုတ်နိုင်ပါစေဟု ဆုံးဖြတ်လိုက်ပေတော့”

“ကောင်းလေစွ ကောင်းလေစွ ကောင်းလေစွ ဘုရား”



ရဟန်းတော်သည် လူဒါယကာ အပေါ်မှနှာ၍ ကြွတော်မူလေ၏။ ဒါယကာကား လက်အုပ်ချီလျက် ဖူးမြော်ကြည်ညိုရင်း ကျန်ရစ်ခဲ့ရှာလေသတည်း။

(မန္တကထိကဦးလှသိန်း၏ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် သံဃာတော်များ သင်တန်းမှ ဩကာသအဖွင့် ဟောပြောချက်ကို မှတည်ပါသည်)

[မြဝတီ ၁၉၆၆ စက်တင်ဘာ]

www.burmeseclassic.com

www.burmeseclassic.com

## ရဟန်းတစ်ပါး ဒါယကာတစ်ယောက် (၂)

တစ်ရံရောအခါ တစ်နေရာ၌ ရဟန်းတစ်ပါးနှင့် ဒါယကာတစ်ယောက် ဆုံမိကြလေ၏။ ထိုအခါ ဒါယကာက ရဟန်းတော်အား ဤသို့ မေးလျှောက်၏။

"ရဟန်းတို့၏ဝိနည်းကို လူဒါယကာတို့က လေ့လာသင်ကြားသည့်အတွက် အပြစ်ရှိနိုင်ပါသလား အရှင်ဘုရား"

"ဒကာ၏မေးခွန်း၌ စကားရိပ် ကြွင်းကျန်သေးဟန်ရှိ၏။ အဘယ်ကြောင့် ဤပြဿနာ ဖြစ်ရကြောင်း အကုန်အစင် လျှောက်ထားစမ်းပါဦး ဒကာ"

"တင်ပါဘုရား၊ အချို့သော ပုဂ္ဂိုလ်တို့က ရဟန်းဝိနည်းကို လူတို့က သင်ကြားသိထားသည်ရှိသော် ရဟန်းတို့အပေါ်၌ ပြစ်တင်စွပ်စွဲတတ်သောကြောင့် အကုသိုလ်ဖြစ်သည်ဟု ယူဆ၍ ရဟန်းတို့အရာကို လူဒါယကာတို့က မသင်ထိုက်ဟု ဆိုကြပါသည် ဘုရား၊ အချို့ပုဂ္ဂိုလ်တို့ကမူ ဘုရားရှင်ကိုယ်တော်တိုင်က မင်္ဂလသုတ်တွင် ဝိနည်းကို သင်ထိုက်ကြောင်း အထင်အရှား ဟောကြားတော်မူခဲ့သည် ဖြစ်ခြင်းကြောင့် သင်ကြားထိုက်ကြောင်း ဆိုကြပါသည် ဘုရား"

"မင်္ဂလသုတ်တွင် ဘယ်သို့ ဟောခဲ့ပါသနည်း ဒကာ"

"ဝိနယောစ သုသိက္ခိတော ကောင်းစွာသင်ကြားအပ်သော အကြင်ဝိနည်းတရားသည်လည်းကောင်းဟု ဟောပါသည်ဘုရား"

"အိမ်း၊ သုသိက္ခိတော ကောင်းစွာ သင်ကြားအပ်သောဟူသည့် ဘုရားစကားတော်ကို မှတ်ထားဦး၍ ဒကာ၏စကားကို ဆုံးအောင် ဆက်စမ်းပါလော့"

"မှန်လှပါ၊ ထိုစကားကို စာဒက တက်ကြပြန်ပါသည်ဘုရား၊



ဝိနည်းကိုကောင်းစွာသင်ထိုက်၏ဟု ဟောတော်မူရာ၌ မြတ်စွာဘုရားသည် ထိုမင်္ဂလသုတ်တော်ကို လူနတ်တို့ကိုသာ ဟောတော်မူခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဝိနည်းကိုသင်သင့်သည်ဆိုရာဝယ် လူတို့၏ ကျင့်သင့် ကျင့်အပ်သော လူ့ကျင့်ဝတ်ဝိနည်း(ဂိဟိဝိနယ)ကိုသာ ဆိုရာရောက်ကြောင်း၊ ထိုစကားကို ထောက်၍ ရဟန်းတို့က ရဟန်း၏ ဝိနည်းကို သင်ထိုက်သကဲ့သို့ လူတို့က လူ့ကျင့်ဝတ်လူ့ဝိနည်းကိုသာ သင်ထိုက်ကြောင်း ဆိုကြပါသည် ဘုရား"

"အင်း ဒကာ၏ လျှောက်ထားချက်များမှာ ပြည့်စုံသင့်သလောက် ပြည့်စုံပါပြီ၊ ကောင်းပြီ ဒကာ၊ မြတ်စွာဘုရားသည် တစ်ပါးသောအခါ၌ မထင်ရှားသော နတ်သား၏မေးလျှောက်ခြင်းကြောင့် ခင်္ဂလသုတ်ကို ဟောတော်မူ၏။ ထို့ကြောင့် မင်္ဂလသုတ်ပါ ဓမ္မကထာများသည် လူနတ်တို့နှင့်သာသက်ဆိုင်၏။ သို့ကလို အချို့ပုဂ္ဂိုလ်က ဆိုလိုကြောင်း ဒကာကဆိုသည်မဟုတ်လား"

"မှန်လှပါဘုရား"

"မြတ်စွာဘုရားသည် အဘိဓမ္မာ ဒေသနာတော်ကို မည်သည့်ဌာန၌ မည်သည့်ပုဂ္ဂိုလ်များကို ဟောတော်မူသည်ဟု သင်မှတ်ယူထားသနည်း ဒကာ"

"တာဝတိံသာ နတ်ပြည်၌ မယ်တော် သန္တုသိတနတ်သားအား အမှူးပြု၍ များစွာသော နတ်ဗြဟ္မာတို့ကို ဟောတော်မူသည်ဟု မှတ်သားမိပါသည်ဘုရား"

"ထိုသို့ဆိုလျှင် အဘိဓမ္မာတရားသည် တာဝတိံသာ နတ်သားတို့ အတွက်သာ ကျင့်ကြံသိမှတ်ဖို့ဟောတော်မူခြင်း ဖြစ်လေသလော"

"မဟုတ်ပါဘုရား၊ အလုံးစုံသော ဉာဏ်ပညာကြီးရင့်သူ လူနတ် ရဟန်းကို နိဗ္ဗာန်သို့ မျက်မှောက်ပြုကြစေခြင်းအကျိုးငှာ ကျင့်ကြံသိမှတ်ဖို့ ဖြစ်ပါသည်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မှန်၏ ဒကာ၊ ဤအတိုင်းသာ မှတ်ယူသင့်၏။ သုတ် ဝိနည်း အဘိဓမ္မာဟု ဆိုအပ်သောပိဋကတ်သုံးပုံကို လူတို့သည်လည်းကောင်း၊ ရဟန်းတို့သည်လည်းကောင်း ကောင်းစွာသင်ကြားထိုက်ပေ၏။ ဒကာ ဆိုခဲ့သော သုသိက္ခိတော၊ ကောင်းစွာသင်ကြားအပ်သော ဟူသည့် စကားကား အရေးအကြီးဆုံးဖြစ်လေသည်"

"ကောင်းစွာသင်ကြားခြင်းဟူသည် ဘာကို ရည်ရွယ်ပါသေးသနည်း ဘုရား၊ ပိဋကတ်ကိုသင်ကြားခြင်း၌ ကောင်းစွာသင်ကြားခြင်းသာ ရှိနိုင်မည်မဟုတ်ပါလား အရှင်ဘုရား"

"ခြွင်းချက်ရှိသေးသည် ဒကာ၊ ပိဋကတ်ကိုသင်ကြားတိုင်း ကောင်းစွာ သင်ကြားခြင်း(ဝါ)တစ်နည်းကား ကောင်းသောသင်ကြားခြင်းမျိုး မဖြစ်နိုင်သေးကြောင်း ဘုရားကိုယ်တော်တိုင် ဟောဖော် သတိပေးခဲ့ဖူးသည် ဒကာ၊ ၎င်းတို့ကား သုံးမျိုး သုံးစားခွဲခြားဆုံးမခဲ့ခြင်းရှိ၏။

ပထမ သင်ကြားခြင်းကား ကျော်စောထင်ရှားလိုသဖြင့်၊ လာဘ်လာဘ အခြွေအရံ ပေါများလိုသဖြင့်၊ သူတစ်ပါးအပေါ် ကြွားဝါနှိပ်စက်ချုပ်ချယ်ဖိစီးလိုသဖြင့် သင်ကြားနည်းဖြစ်၏။ ဤသို့သော သင်ကြားနည်းကား ပိဋကတ်ကို တတ်မြောက်ခြင်းကြောင့် အကျိုးရှိရမည့် အစား အကျိုးယုတ်တတ်သောကြောင့် မြွေဖမ်းယောကျ်ား အလမ္မာယ်သမားနှင့် တူသော သင်ကြားခြင်းဟု ဥပမာပေးတော်မူခဲ့၏"

"အဘယ်ကြောင့် မြွေဖမ်းယောကျ်ားနှင့်တူပါသလဲ အရှင်ဘုရား"

"မြွေဖမ်းယောကျ်ားသည် အလမ္မာယ်ပြ၍ အသက်မွေးမှုပြုရန် မြွေကိုဖမ်း၏။ ထိုမြွေကပင် သူ့အား ကိုက်ခဲ၍ အသက်မွေးဝမ်းကျောင်း မရသည်သာမက သေဆုံးရသည်အထိ အကျိုးနည်းစေ၏။ ဤကား ဥပမာတည်း။ ထို့ကြောင့် အထက်က စကားကဲ့သို့ ပိဋကတ်သုံးပုံကို အသက်မွေးဝမ်းကျောင်း အတွက်သော်လည်းကောင်း၊ ကြွားဝါနှိပ်စက်



ချုပ်ချယ်လို၍သော်လည်းကောင်း သင်ကြားခြင်းသည် မကောင်းသော သင်ကြားနည်း၊ အကျိုးနည်းစေသော သင်ကြားနည်းဖြစ်သည်ဟု ဘုရားက ဆို၏"

"ကျန်သော သင်ကြားနည်းများကိုလည်း သိပါရစေဘုရား"

"ဒုတိယသင်ကြားနည်းကား သံသရာဝဋ်မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကို နည်းယူကျင့်ကြံအားထုတ်ရန် သင်ကြားခြင်းဖြစ်၏။ ဤကား ကောင်းသော သင်ကြားနည်းတည်း"

"နောက်ဆုံးသင်ကြားနည်းဟူသည်ကိုလည်း မိန့်တော်မူပါ ဘုရား"

"နောက်ဆုံး တတိယသင်ကြားနည်းကား အရိယာရဟန္တာတို့သည် ပိဋကတ်သုံးပုံ၌ ကျင့်ကြံနည်းယူဖွယ် မလိုတော့ပြီ ဖြစ်သော်လည်း ဗုဒ္ဓ၏မုခပါဌ်တော်များကို မပျောက်မကွယ်စေခြင်းငှာ တရားဘဏ္ဍာထိန်းသိမ်းစောင့်ရှောက်သည့်နည်းဖြင့် သင်ကြားခြင်းဖြစ်၏"

"ကောင်းလေစွ ဘုရား၊ တပည့်တော် သိရပါပြီ"

"ဆက်ဦးအံ့ ဒကာ၊ ရဟန်းဝိနည်းကား လူတို့၏အရာမဟုတ်၊ ရဟန်းတို့အား ပုတ်ခတ်ပြစ်တင်စွပ်စွဲခြင်းကြောင့် အကုသိုလ်ပင် ဖြစ်စေတတ်သည်ဟူသောစကားမှာ မြွေဖမ်းယောကျ်ား အလမ္မာယ်သမားနှင့် တူသောသင်ကြားဖြင့် လေ့လာသင်ကြားသော စေတနာကြောင့် ဖြစ်နိုင်၏။ ထိုသို့မဟုတ်မူ၍ ဗုဒ္ဓ၏သြဝါဒ၊ ဗုဒ္ဓ၏အာဏာစက်တို့ကို ကြည်ညိုသောစိတ်၊ မြားမြောင်စွာသောဝိနည်းသိက္ခာပုဒ်တို့ကို ဤရွေ့ဤမျှ ထိန်းသိမ်းစောင့်ရှောက် ရှိသေလိုက်နာရပေတကားဟု ဘုရားသားတော် ရဟန်းများအပေါ်ဝယ် ချီးကျူးကြည်ညိုသောသဒ္ဓါ၊ စောင့်ရှောက်လိုသော စေတနာ၊ သာသနာတော်ကို အထောက်အပံ့ပြုလိုသည့် သောနိ သောမနသိကာရစသည်တို့ဖြင့် အရင်းခံပါမူကား မင်္ဂလသုတ်ပါ 'သုသိက္ခိတော ကောင်းစွာ သင်ကြားခြင်းဖြင့် အကျိုးရှိသော သင်ကြား

www.burmeseclassic.com

www.burmeseclassic.com



နည်းဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် ဝိနည်းတော်ကို လူဒါယကာတို့က သင်သင့် မသင်သင့်၊ သင်ထိုက် မသင်ထိုက် ဟူသည်မှာ ပုဂ္ဂိုလ် ဒါယကာ ၏မနောပုဗ္ဗင်္ဂမော စေတနာရှေ့သွားသာလျှင် ပဓာန ဖြစ်ပေလိမ့်မည် ဒကာ"

ထိုအခါ ဒါယကာက ခေါင်းတဆတ်ဆတ်ညိတ်ကာ ရဟန်းတော်အား ဦးညွတ်လိုက်၏။

"တပည့်တော်သဘောပေါက်ပါပြီ အရှင်ဘုရား၊ လူဒါယကာတို့မှာ စေတနာရှေ့သွားကောင်းကောင်းနှင့်ဝိနည်းတော်ကို အလွန်ပင် သင်ကြားထိုက်ကြပါသည်ဘုရား၊ အကြောင်းမူကား ဝိနည်းသိက္ခာပုဒ်တော်များကို စောင့်စည်းကျင့်သုံးရိုသေသော ရဟန်းတော်အား သဒ္ဓါကြည်ညိုမှုမှာ ဝိနည်းလေ့လာထားသော ဒါယကာကလေ့လာမှုမရှိသော ဒါယကာထက်အဆပေါင်းများစွာ သဒ္ဓါကြည်ညိုစိတ် ပိုမိုလိမ့်မယ်လို့ ထင်ရပါသည် ဘုရား"

"မှန်ပေတယ် ဒကာ၊ စိန်ကဲကျောက်ကဲ၌ လိမ္မာ ကျွမ်းကျင်သော သူကြွယ်တစ်ဦးသည် အရည်အသွေးကောင်းသော စိန်ရွှေရတနာကို သာမန်အရပ်သားတစ်ယောက်ထက် ဈေးကြီးပေး၍ ဝယ်ဝံ့သော သတ္တိရှိပေလိမ့်မည်၊ ဝယ်ယူပြီးသော် ကိုယ်တိုင်သော်လည်း ဝတ်ဆင်နိုင်ကောင်း၏၊ အမြတ်အစွန်းများစွာရအောင် ရောင်းဝယ်ဖောက်ကားစီးပွားရှာလိုလျှင်လည်း ရှာနိုင်ပေ၏။ ထို့အတူ ရတနာသုံးပါးနှင့် ပတ်သက်၍ ကြည်ညိုထိုက်သောဂုဏ်၊ အားကိုးထိုက်သောအရည်အချင်း၊ ဆည်းကပ်ထိုက်သည့်အရသာများကို သိထားသူ၌ မိရိုးဖလာ ရှေးစဉ်အလာကြောင့် ရိုရိုးကိုးကွယ်နေရရှာသော သာမန်ဒါယကာထက် အလွန့်အလွန်အကျိုးရှိနိုင်ပေလိမ့်မည် ဒကာ"

ရဟန်းတော်က ဤသို့ တရားဟောပြီးသောအခါ နှုတ်ဆိတ်၍သာ နေပြန်တော့၏။ ဒါယကာသည် သူ၏စိတ်ထဲ၌ တန်းလန်းဖြစ်နေ



သော ဝိဝါဒတစ်ခုကို ဖွင့်၍ လျှောက်သင့်၊ မလျှောက်သင့် ချီတုံချတုံဖြစ်နေပြန်လေ၏။ ထိုအရိပ်အကဲကို မြင်လိုက်သောရဟန်းတော်က

"ဘာများလျှောက်ချင်သေးသလဲ ဒကာ၊ မေးစရာရှိလျှင် မေးနိုင်ပါရဲ့။ ဖြေနိုင်သည်ကိုဖြေ၍ မဖြေနိုင်သေးသည်ကို ထေရ်ကြီးဝါကြီး ဆရာတော်များထံ လျှောက်ထားပေးပါမည်။ သာသနာမှာ သာသနာ့ ဗဟုသုတရှိတဲ့ ဒါယကာကောင်းရှိဖို့ အလွန်အရေးကြီးပါသည်" ဟု အသာတကြည် ဆွေးနွေးမှုကို ဖိတ်ခေါ်ခွင့်ပေးလိုက်လေ၏။ ထိုအခါမှ ဒါယကာက လျှောက်၏။

"တပည့်တော်မှာ မရှင်းမလင်းသော ဝေါဟာရတစ်ခု ရှိနေပါသည် ဘုရား။ တပည့်တော်တို့ အရပ်စကားတွင် 'ရဟန်းမှန်လျှင် အာပတ်သင့်သည်' ဟု လူတွေကပြောတတ်ကြပါသည်ဘုရား၊ ထိုစကားအဓိပ္ပာယ်မှာ ရဟန်းဆိုတာ အာပတ်သင့်ရိုးထုံးစံရှိသည်၊ ထိုထက် ရှင်းရှင်း လျှောက်ရလျှင် ရဟန်းတိုင်းအာပတ်သင့်ကြသည်။ ဒါကြောင့် အာပတ်သင့်တာမဆန်းပါဘူး။ သို့ကလို အဓိပ္ပာယ်မျိုးကို ယူဆလက်ခံသေးကြပါသည်။ ဤစကား မှန်မမှန် သိလိုပါသည် ဘုရား"

ဒါယကာ၏ မဝံ့မရဲလျှောက်ထားပုံကို ရဟန်းတော်က မသိမသာ ပြုံးတော်မူလိုက်သည်။ ထို့နောက် ချောင်းဟန့်ကာ လည်ချောင်းရှင်းလိုက်ပြီးမှ ပြတ်ပြတ်သားသား ဤသို့ စကားစလိုက်လေ၏။

"ဒကာလျှောက်သည့် စကားသည် အလွန်အဖိုးတန်သော စကားဖြစ်သည်၊ ရဟန်းနှင့်ဒါယကာဟာ ဆရာဒကာအရင်း အမှတ်ထား၍ မရှင်းလင်းသောပြဿနာများကို ရိုးသားစွာတင်ပြဆွေးနွေးဖို့ အလွန်တရာလိုလားအပ်သည်"

"အရှင်ဘုရားထံမှ ဤစကားမျိုးကိုကြားရခြင်းအတွက် အလွန် ဝမ်းမြောက် အားတက်ရပါသည်ဘုရား။ ရဟန်းကိစ္စနှင့် ဆိုင်သော အကြောင်းအရာအချက်အလက်ပြဿနာများကို ရဟန်းတော်တိုင်းအား

www.burmeseclassic.com

www.burmeseclassic.com



လက်ခံမည်လက်မခံမည်မသိ၍ လျှောက်ထားမေးမြန်းဖို့ မဝံ့မရဲ ဖြစ်ရပါသည် ဘုရား။ ထို့ကြောင့် တပည့်တော်တို့၌ သာသနာရေးရာနှင့်ပတ်သက်၍ ဗဟုသုတနည်းပါးနေကြရသည်ဟု ထင်မိပါသည်ဘုရား" ဟု လျှောက်လေသော် ရဟန်းတော်က

"ဒါကတော့ ဒကာတို့ လူ့လောကတွင် ပုဂ္ဂိုလ်အမျိုးမျိုး အစားစားရှိသလို ရဟန်းပုဂ္ဂိုလ်၌လည်း အမျိုးမျိုးရှိတန်ကောင်းရဲ့ ဒကာ။ 'မကောင်းမြစ်ထား၊ ကောင်းရာညွှန်လှစ်၊ အသစ်ဟောကြူး၊ နာဖူး ထပ်မံ၊ နတ်ထံတင်ရာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ပါးဖြာ' ဟု သိင်္ဂါလောဝါဒသုတ်၌ ဘုရားကိုယ်တော်မြတ် အထင်အရှားဟောခဲ့ပါသည်။ ဒါယကာများက လိုလားစွာချဉ်းကပ်မေးမြန်းလာလျှင် ဖြေဆိုကြပါလိမ့်မည်။ ယခု ဒကာလျှောက်ထားသော ရဟန်းတော်နှင့် အာပတ်အကြောင်းမှာ သို့ကလိုရှိ၏ ဒကာ။ သိက္ခာတော်များကို ရဟန်းများစောင့်ထိန်းကြရန်အတွက်သာ ဘုရားမြတ်စွာက ပညတ်ဆုံးမတော်မူခဲ့ခြင်း ဖြစ်သည်။ ထိုပညတ်ချက်များကို လူဒါယကာတို့က စောင့်စည်းရန်မဟုတ်ပေ၊ စောင့်စည်းခြင်းမရှိသောကြောင့်လည်း အပြစ်မရှိ။ ဥပမာ ရွာတွင်းသို့ဝင်အံ့သောငှာ ကာလ၌ သင်္ကန်းကို အဝန်းညီစွာ ဝတ်ရုံရမည်ဟု အမိန့်တော်ရှိရာဝယ် ရဟန်းများအနေဖြင့် တင့်တယ်သပ်ရပ်ကြည့်မြင်ရှုဖွယ်ဖြစ်စေလို၍ဖြစ်သည်။ လူဒါယကာတို့ အနေဖြင့်ကား ထိုစည်းကမ်းအတိုင်း ဝတ်ဆင်ကြရန်မလို၊ အဝန်းမညီခြင်းကြောင့်လည်း အပြစ်မရှိ၊ ထို့ကြောင့် အာပတ်ဟူသည် ရဟန်းများ၌သာ ထိုက်သင့်တတ်သည်ဖြစ်ရကား စကားအပြန်အလှန်အားဖြင့် ရဟန်းမှသာလျှင် အာပတ်သင့်သည်ဟု ဆိုလိုရင်းဖြစ်သည်။ နောက်တစ်နည်းကား ရဟန်းအဖြစ်မှ အလိုအလျောက် လျှောကျသွားရသော အပြစ်ကြီး (ပါရာဇိကကျ)လေးပါးဟူ၍ရှိသည်။ ထိုလေးပါးတွင် တစ်ပါးပါးဖြင့် ရဟန်းအရာမှ သက်လျှော၍သွားရသော ပုဂ္ဂိုလ်တို့အတွက်ကား အခြား



သေးငယ်သည့် အာပတ်တို့ကို ထပ်မံပြုကျင့်ကျူးလွန်စေကာမူ တိုး၍တာဝန်မရှိနိုင်တော့ပေ။ အဘယ်ကြောင့်ဆိုသော် ရဟန်းမဟုတ်တော့ပြီဖြစ်သည့်အတွက်ကြောင့်ပင်။ ဤကိုရည်၍ ရဟန်းအစစ်မှန်မှ အာပတ်သင့်တတ်သည်၊ သင့်နိုင်သည်ဟု ဆိုလိုသောစကားဖြစ်သည်။ ရဟန်းအစစ်တိုင်း အာပတ်သင့်ရမည်ဟူသောအဓိပ္ပာယ်မျိုးမဟုတ်"

"တပည့်တော်သည် ရဟန်းတိုင်း ညစဉ်အာပတ်ဖြေ (ဒေသနာကြား)သည်ကိုတွေ့ရပါသည်။ အာပတ်သင့်၍ဖြေသည်ဟု ယူဆရပါမည်လား ဘုရား"

"ဒကာ ယခုလျှောက်သကဲ့သို့ ရဟန်းတိုင်း အာပတ်ဖြေကြသည်ကား မှန်၏။ ဤသို့ပြုကြသဖြင့် အာပတ်သင့်ကြသောကြောင့်ပြုသည်ဟု မယူဆသင့်ပေဘူး ဒကာ။ ဝိနည်းသိက္ခာပုဒ်တော်တို့ကို အသက်တမျှချစ်မြတ်နိုးစွာ စောင့်ရှောက်တတ်သော(ဝါ) စောင့်ရှောက်လေ့ရှိသော ရဟန်းတို့သည် အလွန်သေးသော အပြစ်ကလေးတို့ကိုပင် အလွန်ကြီးလေးသော အပြစ်ကြီးများဟူ၍ စောင့်စည်းထိန်းသိမ်းလေ့ရှိကြသည်။ နောက်တစ်ကြောင်းလည်း လေထဲတွင်ပါလာသော မြူမှုန်တို့တမျှ မထင်ရှားသောအပြစ်သေးငယ်တစ်စုံတစ်ရာရှိမှုကြောင့်လည်း ကင်းကွာပျောက်ပါစေခြင်းငှာ ကုစားတော်မူကြခြင်းသာဖြစ်သည်။ ကုက္ကုစ္စကင်း၍ သန့်ရှင်းတော်မူကြရန် အလို့ငှာပြုမူတော်မူခြင်းဖြစ်သည်ဟု မှတ်ယူနှလုံးသွင်းပါလော့"

"တပည့်တော်ယုံမှားသံသယကင်းရပါပြီဘုရား။ အရှင်ဘုရား၏ စကားမှ အချက်တစ်ခု စဉ်းစားမိပြန်ပါပြီဘုရား၊ မြတ်စွာဘုရားသည် မပြုသင့်မပြုထိုက်သော အပြစ်တို့ကို ဆုံးမတော်မူလေ့ရှိသည်ဟု တပည့်တော် နားလည်ပါသည်ဘုရား၊ ဥပမာအားဖြင့် သူတစ်ပါး၏အသက်ကို သတ်ခြင်းသည် မလိုလားအပ်သော အပြစ်ကြီးတစ်ခုဖြစ်ပါသည်။ ထိုအပြစ်ကိုကျူးလွန်သူသည် ရဟန်းဖြစ်စေ၊ လူဖြစ်စေ အကုသိုလ်အမှုကို

www.burmeseclassic.com

www.burmeseclassic.com



ပြုသည်ဖြစ်၍ အပြစ်ဟုစွပ်စွဲထိုက်ပါပေသည်။ အဝတ်ပုဆိုးကို တင့်တယ်အောင် ဝတ်ခြင်းမရှိ၍ လူ၌အပြစ်ဟု မသတ်မှတ်ပါဘဲလျက် ရဟန်းသံဃာတွင်မှ အပြစ်ရှိသည်ဟု ပညတ်ခြင်းမှာ သဘာဝမကျသလို ဖြစ်နေပါပြီလား အရှင်ဘုရား။ စင်စစ်မှာ သက်န်းအဝန်းမညီခြင်းကြောင့် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်ခြင်း ရှိဟန်မတူပါတကား"

"အေး ဤစကားသို့ ဆိုက်ရောက်လာခြင်းကို ဝမ်းမြောက်စွာ ဖြေကြားချင်လှ၏ ဒကာ။ ငါတို့၏အဘ မြတ်စွာဘုရားသည် သူ၏သားသံဃာဟူသမျှအား အသေးအဖွဲ့ကအစ လူနှင့်တစ်တန်းတည်း တူညီနေသည်ကို အလွန်မလိုလားခဲ့ပေဘူးဟု မှတ်ပါလော့။ 'သမဏ သာရုပ္ပ' ဟူသော ပါဠိစကားမှာ 'ရဟန်းတို့၏ တင့်တယ်သပ္ပာယ်ခြင်း' ဟု အဓိပ္ပာယ်ရှိသည်။ မည်သူတစ်ဦးကိုမျှ မထိခိုက်ဟု ဆိုရာတွင် သင်္ကန်းအဝန်း မညီသော ရဟန်းတစ်ပါးပါးကိုမြင်ရသော လူဒါယကာ ဒါယိကာမများ၏မျက်စိ၌ 'ရဟန်းတွေကလဲ လူတွေလို ဒေါင်းတည် မောင်းတည် ဖိုးယိုး ဖားယား ပါပဲကလား' ဟု မှတ်ထင်တတ်သောကြောင့် ထိခိုက်သည်ပင်ဖြစ်ပေသည် ဒကာ။ ထို့ကြောင့် စားသောနေရာ သွားသောနေရာ ဝတ်သောနေရာ ဣန္ဒြေစောင့်စည်းရသော နေရာမှန်သမျှ လူစားစား လူသွားသွားကာ လူလိုဝတ်ပြီးလျှင် လူကဲ့သို့ လျှပ်ပေါ် လော်လည်မှုကို လွန်စွာစက်ဆုပ်ပြစ်တင်လျက် တင်းတင်းကျပ်ကျပ် ပဲ့ပြင်ပညတ်တော်မူခြင်းဖြစ်သည်။ ရဟန်းသည် လူကဖြစ်သည်ဟု ဆိုရိုးစကားရှိငြားသော်လည်း လူအဖြစ်က အမှုအရာ အကျင့်စရိုက်များကို လူ့ဘောင်၌ အလုံးစုံစွန့်ပစ်ခဲ့ပြီးမှ အလွန်သန့်စင်သော သံဃာ့ဘောင် အဖွဲ့အစည်းသို့ သံဃာ့စည်းမျဉ်း၊ သံဃာ့ဥပဒေ၊ သံဃာအုပ်ချုပ်ပုံ အခြေအနေအတွင်းဝယ် အမြဲထာဝစဉ် သတိအဖော်ဖြင့် နေကြစေလိုသော ဆန္ဒရှိသည်။ ရဟန်းတို့၏ အနေအထိုင်၊ အဝတ်အစား၊ အသွား



အလာ စသည်တို့မှာ မကြည်ညိုသေးသော ပုဂ္ဂိုလ်တို့အားလည်း ကြည်ညိုစေရသည်။ ကြည်ညိုပြီးသား ပုဂ္ဂိုလ်တို့အားလည်း ကြည်ညိုသည်ထက် ပို၍ ပို၍ ကြည်ညိုစေရမည်ဟု ဝိနည်းတော်ကို ပညတ်သောအကြောင်းဆယ်ပါး၌ အပါအဝင်ဖြစ်ခဲ့သည်။ လူနှင့်မတူမှ လူတို့၏ရှိသေသမှုပြုခြင်းကိုထိုက်တန်အောင် ကျင့်ရာရောက်သည်။ လူနှင့်မတူမှ လူနတ်တို့၏ရှိခိုးခြင်းကို ခံထိုက်ပေမည်။ လူနှင့်မတူမှ လူတို့၏ မွန်မြတ်သော စားဦးသောက်ဦး အလှူကိုခံယူတော်မူထိုက်သည်။ သို့မှသာ အဖိုးအနဂ္ဃဖြစ်သော ရတနာသုံးပါး၌ တစ်ပါးအဝင်အပါ ဖြစ်ကြရမည်မဟုတ်လား ဒကာ၊ ထို့ကြောင့်သာ မြတ်စွာဘုရားသည် သဗ္ဗညုတရွှေဉာဏ်ရှင်ပီသစွာ တပည့်သားသံဃာအား ဆုံးမပညတ်တော်မူခဲ့ခြင်းဖြစ်ပေ၏"

ဤတွင် ဒါယကာက ဝမ်းသာကြည်နူး၍ ဦးတင်ကာ ကြည်ညိုစွာ လျှောက်လိုက်ပေ၏။

"သာဓု သာဓု သာဓုပါ ဘုရား"

[မြဝတီ ၁၉၆၆ ဒီဇင်ဘာ]

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းဆောင်နှင့် ယဉ်သား၊ ဆရာသမားနှင့် တပည့်

မြတ်စွာဘုရားလက်ထက်တော်ကဖြစ်တယ်။

တစ်နေ့သောအခါမှာ မြတ်စွာဘုရားဟာ အာနန္ဒာမထေရ် အပါအဝင် နောက်ပါသံဃာတော်များနှင့် ကောသလတိုင်းမှာ ဒေသစာရီ ကြွချီတော်မူလာတယ်။

တစ်ခုသောခရီးရောက်တော့ အလွန်ကြီးမားတဲ့ အင်ကြင်းတောအုပ်ကြီးတစ်ခုကို တွေ့တော်မူတယ်။ မြတ်စွာဘုရားက ကြွတော်မူရာ လမ်းကြောင်းမှ ဖဲခွာပြီး အဲသည်အင်ကြင်းတောထဲကို ရှေးရှု၍ ကြွဝင်တော်မူတယ်။ နောက်ပါသံဃာတော်များကလဲ မြတ်စွာဘုရား နောက်တော်ပါးက ထက်ကြပ်မကွာ လိုက်ပါသွားကြတယ်။

အင်ကြင်းတောအုပ်ကြီးအလယ်ရောက်တော့ မြတ်စွာဘုရားက အရပ်လေးမျက်နှာကို ရှုကြည့်တော်မူပြီး 'ဟသိတ' ပြုံးတော်မူခြင်းဖြင့် ပြုံးတော်မူလိုက်တယ်။

သည်နေရာမှာ စကားစပ်လာလို့ 'ပြုံးခြင်း ရယ်ခြင်း' ၆ မျိုး ရှိတာကို ပြောရဦးမယ်။

၁။ သိတ–မျက်လုံး နှုတ်ခမ်း အနေပျက်ရုံ ပြုံးခြင်း

၂။ ဟသိတ–သွားပေါ်ရုံကလေးပြုံးခြင်း

၃။ ဝိဟသိတ–ပကတိသော အသံညင်းညင်း ထွက်ရုံရယ်ခြင်း

၄။ ဥပဟသိတ–ပခုံးဦးခေါင်းလှုပ်အောင်ရယ်ခြင်း

၅။ အပဟသိတ–မျက်ရည်ထွက်အောင်ရယ်ခြင်း

၆။ အတိဟသိတ–ခြေပစ်လက်ပစ် မရျုမရှိုက်နိုင်အောင် ရယ်ခြင်း။

အဲသည် ရယ်ခြင်း ခြောက်မျိုးတို့အနက် ဉာဏ်နှင့် ပြည့်စုံ



တော်မူသော ဘုရား ရဟန္တာ အစရှိတဲ့ သူတော်သူမြတ်များဟာ 'သိတ' ပြုံးခြင်းနှင့် 'ဟသိတ' ပြုံးခြင်းမျိုးလောက်သာ ပြုံးတော်မူလေ့ရှိတယ်။ အဲဒါကလဲ အကြောင်းထူးမရှိဘဲ ပြုံးတော်မူလေ့မရှိပါဘူး။ စပ်ဆိုင်ရာ အကြောင်း တစ်ခုခုနဲ့ ပတ်သက်၍ ပြောဆိုဆုံးမ တရားဟောပြတော်မူလိုခြင်းကြောင့် ပြုံးတော်မူလိုက်တာ ဖြစ်တယ်။

'ဟသိတ' ဆိုတဲ့ ပြုံးတော်မူခြင်းမျိုးနဲ့ မြတ်စွာဘုရားက ပြုံးတော်မူလိုက်တဲ့အခါ အလွန်ဖြူစင်အရောင်တလက်လက် တောက်ပနေတဲ့ သွားတော်များက နီထွေးသောနှုတ်ခမ်းတော်အောက်မှ လက်ခနဲပေါ်လာတယ်။

အဲသည်အခါမှာ ရောင်ခြည်တော် ခြောက်ပါးအနက် ဩဒါတ ဆိုတဲ့ ဖြူဖွေးသော ရောင်ခြည်တော်တို့ဟာ မြတ်စွာဘုရား မျက်နှာတူရူ ရှေးရှုတော်မူတဲ့အရပ်သို့ လျှပ်စစ်လက်လိုက်သလို ဝင်းခနဲ ကွန့်မြူးသွားတယ်။ ဒါကြောင့်သာ နောက်တော်ပါးမှ ကပ်ပါလာတဲ့ ညီတော်အာနန္ဒာ အစရှိသော သံဃာတော်များက မြတ်စွာဘုရား ကိုယ်တော်မြတ် ပြုံးတော်မူလိုက်ပြီလို့ သိကြရတယ်။

အဲသည်အခါမှာ မြတ်စွာဘုရား၏ ပြုံးတော်မူခြင်း အကြောင်းကို ညီတော်အာနန္ဒာမထေရ်ကသာ မေးမြန်းလျှောက်ထားခွင့် ရှိတော်မူတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရားကိုယ်တော်နှင့် အနီးကပ်ဆုံး လိုက်ပါနေရတဲ့ပုဂ္ဂိုလ်လဲဖြစ်တယ်၊ အရင်းနှီးဆုံးအလုပ်အကျွေးလဲ ဖြစ်တော်မူတယ်၊ အချိန်မရွေး နေရာမရွေး မေးမြန်းခွင့်ပေးတော်မူထားတာလဲ ရှိတယ်လေ။ ဒါကြောင့် ရှင်အာနန္ဒာက မြတ်စွာဘုရားအား ပြုံးတော်မူခြင်း အကြောင်းကို လျှောက်ထားမေးမြန်းလိုက်သတဲ့။

"တရားအပေါင်းကို အကုန်အစင် အမှန်သိမြင်တော်မူသော မြတ်စွာဘုရား။ မြတ်စွာဘုရား၏ ပြုံးတော်မူခြင်း အကြောင်းကို မိန့်တော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တော့မှ မြတ်စွာဘုရားက ပြုံးတော်မူခြင်း အကြောင်းကို မိန့်ကြားတော်မူတယ်။

"အာနန္ဒာ–အခု အင်ကြင်းတောကြီးအရပ်၌ ရှေးအခါက အိမ်ခြေလူနေအလွန်စည်ကားတဲ့ မြို့ကြီးတစ်မြို့ဖြစ်ခဲ့တယ်။ အဲသည်အခါမှာ တရားအပေါင်းကို အကုန်အစင် အမှန်သိမြင်တော်မူသော ကဿပမြတ်စွာဘုရားပွင့်တော်မူနေတယ်။ သာသနာတော်ကလဲ နေအရောင် လအရောင်ကဲ့သို့ ထွန်းပြောင်ထိန်လင်း နေပေတယ်။ ထိုမြတ်စွာဘုရားကို ချဉ်းကပ်၍ ဝတ်ပြုလုပ်ကျွေးနေတဲ့ ဥပါသကာတစ်ယောက်ရှိတယ်။ သူ့အမည်က 'ဂဝေသီ' လို့ ခေါ်တယ်။ အဲသည်ဥပါသကာရဲ့ ဆော်သြမှုကြောင့် နောက်လိုက်ဥပါသကာများ ငါးရာအထိ တိုးတက်များပြားလာတယ်။ သံဃာတော်များကလဲ အထောင်အသောင်း အသိန်းအသန်း ရှိနေကြတယ်။ ဒါကြောင့် ဂဝေသီဥပါသကာကြီးနဲ့ ဥပါသကာငါးရာတို့ဟာ သံဃာတော်များရဲ့ဝေယျာဝစ္စကို ပြုစုလုပ်ကျွေးကြတယ်။ ဂဝေသီဥပါသကာကြီးဟာလဲ အလိုအလျောက် ဥပါသကာတို့ရဲ့ အကြီးအမှူးခေါင်းဆောင်ဖြစ်နေတော့တယ်။

မင်္ဂလေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ တရားများနှင့် စိစစ်ပြောရမယ်ဆိုရင်တော့ ဂဝေသီဥပါသကာကြီးဟာ ကဿပမြတ်စွာဘုရား၏ ထံတော်ပါးမှာ ရှိနေခဲ့ပေမယ့် အပြည့်အစုံ သီလလုံခြုံသူ မဟုတ်သေးပါဘူး။ ဝတ်ပြုဖွယ်ရှိသမျှ ဝတ်ပြု၊ ဆောင်ရွက်ဖွယ်ရှိသမျှ ဆောင်ရွက်ပေးနေတဲ့ ပုဂ္ဂိုလ်သာမန်လောက်အဆင့်သာရှိတယ်။ (ရှင်းရှင်းပြောရလျှင် ဘုရားနားမှာနေပြီးတော့ တရားအရသာကို မခံယူမကျင့်သုံးသေးဘဲ ပေါ့ပေါ့ဆဆလျော့ရဲလျော့ရဲဖြစ်နေတဲ့ပုဂ္ဂိုလ်ပေါ့)

ဂဝေသီဥပါသကာက သူ့ကိုယ်သူ အဲဒီလို ဆင်ခြင်ကြည့်လိုက်ပြီး သူ့နောက်ငယ်သားတွေကို အကဲခတ်လိုက်ပြန်တော့ ထိုသူတွေဟာလဲ သူ့လိုပဲ ပေါ့ပေါ့ဆဆလျော့ရဲလျော့ရဲသမားတွေသာ ဖြစ်နေ



ဘဲ့ အကြောင်းသိရသတဲ့။ သည်တော့ ဂဝေသီ ဥပါသကာက စဉ်းစားလိုက်မိတယ်။

"အင်း–ငါနဲ့ငါ့နောက်လိုက်များဟာ ငါလဲအတူတူ နင်လဲအတူတူ ဆိုတာမျိုး ဖြစ်နေကြပြီ။ သေသေချာချာ တွေးကြည့်လိုက်မယ်ဆိုရင် ခေါင်းဆောင်နှင့်ငယ်သား၊ မိမိက မသာလွန် မထူးခြားလို့တော့ 'ထူး မခြားနား' ဖြစ်နေတာဟာ ရှက်စရာ ကောင်းတယ်။ သည်ကနေ့ကစပြီး ငါဟာ သူတော်ကောင်း တရားရှိမှ ငါးပါးသီလကို လုံခြုံအောင်စောင့် ထိန်းမှ သူတို့ထက် သာလွန်မြင့်မြတ်လိမ့်မယ်လို့ သိန္နိဋ္ဌာန်ချပြီး ဂရုစမ္မ သီလကိုစောင့်ထိန်းနေတော့တယ်။

လူဆိုတာ လက်လွတ်စပယ် နေလျှင် ပရမ်းပတာဖြစ်ပြီး သီလဆိုတဲ့ အထိန်းအကွပ်နဲ့ နေလျှင် အနေအထိုင် အသွားအလာ အပြောအဆို အမူအကျင့်တို့မှအစ တည်ငြိမ်ပုံကို ငယ်သားများက တွေ့ရတော့ တလေးတစားနှင့် မေးမြန်းစပ်စုလာကြတယ်။

ဂဝေသီဥပါသကာကြီးက သီလဆောက်တည်နေကြောင်း ပြောပြလိုက်တယ်။ သည်တော့ ငယ်သားများက သူတို့လည်း ခေါင်းဆောင် ဆရာကြီးရဲ့ အကျင့်စာရိတ္တကို အားကျအတုယူ၍ လိုက်နာပြုမှ ဆရာ ကောင်းတပည့်ဖြစ်တော့မယ်ဆိုပြီး အသီးသီး သီလစောင့်ထိန်းကြတော့တယ်။ အဲသည်အခါ ဂဝေသီဆရာကြီးက စဉ်းစားလာပြန်တယ်။

ငါ့အပေါင်းအသင်းများဟာ ငါနဲ့တန်းတူပြုကျင့်လာကြပြီ၊ သူတို့နဲ့ငါဟာ ထူးမခြားနား ဖြစ်လာကြပြီ၊ သူတို့ထက်သာလွန်အောင် ငါက ပိုကျင့်မှ သူတို့ဆရာအဖြစ်ထိုက်ထိုက်တန်တန် ရှိတော့မယ်လို့ ဆုံးဖြတ်ပြီး 'အဗြဟ္မစရိယာ' ဆိုတဲ့ မေထုန်အကျင့်ကိုဖြတ်တောက် ရှောင်ကြဉ်လိုက်တယ်။ သို့ကလို ဗြဟ္မစရိယအကျင့်ကို ကျင့်နေမှန်း သိပြန်တော့ တပည့်ပေါင်းငါးရာတို့လည်း ဆရာကြီးနည်းတူ အဗြဟ္မ

www.burmeseclassic.com



စရိယာ' အမှုမှ ရှောင်ကြဉ်၍ ဗြဟ္မစရိယ အကျင့်ကို ကျင့်သုံးကြပြန်ရော။

နောက်တစ်ခါ ဂဝေသီဆရာကြီးက ဆရာပီပီ သူတို့ထက် ပိုပိုသာသာတော့ အဆင့်အတန်းမြင့်အောင်ကျင့်ဦးမှပဲလို့ ကြံဆပြီး နေလွှဲညစာကိုရှောင်လိုက်ပြန်တယ်။ နောက်လိုက်ငယ်သားများကလဲ သူတို့ဆရာကို သူတို့ သဒ္ဓါကြည်ညိုလာတော့၊ ဆရာနည်းတူ သူတို့ပါ နေလွှဲညစာ ရှောင်လိုက်ကြပြန်ရော။

အဲသည်လိုနဲ့ ခေါင်းဆောင်နှင့်ငယ်သား တန်းတူဖြစ်လာတာကို အားမရ မရောင့်ရဲနိုင်တဲ့ ဂဝေသီဆရာကြီးဟာ ကဿပမြတ်စွာဘုရား ထံတော်မှာ ရှင်ရဟန်းပြုပြီး မဂ်ဖိုလ်တရားတို့ကို အားသွန်ကြိုးပမ်း၍ ရဟန္တာစင်စစ်ဖြစ်သွားတယ်။ သည်အခါမှာ တပည့်ငါးရာတို့ကလဲ 'ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားသော်၊ နောက်နွားတစ်သိုက် စိုက်စိုက်လိုက်၏'ဆိုသလို သူတို့အသီးသီးလည်း ရဟန်းပြုပြီး တရား အားထုတ်ကြတာနဲ့ အားလုံးရဟန္တာများဖြစ်သွားကြတယ်။

အဲဒါဟာ မြတ်စွာဘုရားက အာနန္ဒာ မထေရ်ကို ပြုံးတော်မူခြင်းနဲ့ ပတ်သက်လို့ မိန့်တော်မူတဲ့ သဘောအဓိပ္ပာယ်ကို မြန်မာလို အတိုချုံးပြီး ပြောပြလိုက်တာ ဖြစ်တယ်။ အကျယ်ကို အင်္ဂုတ္တရနိကာယ် မြန်မာပြန် ဂဝေသီသုတ်ကိုကြည့်ပေါ့ကွယ်"

ကျွန်တော့်ဆရာ ဦးဖုန်းမိုသည် ဤသို့တဆက်တည်း ပြောလာပြီးသည့်နောက် ခေတ္တနား၍ လက်ဖက်ရည်ကြမ်းကို ငုံ့သောက်လိုက်ပါသည်။ ကျွန်တော်က သူ့ကိုကြည့်ရင်း သူ့စကားကိုပြန်၍ တွေးနေမိပါသည်။

ဦးဖုန်းမိုက သောက်ပြီးသော လက်ဖက်ရည်ပန်းကန်ကို ချလိုက်ကာ "အဟမ်း"ဟု အာရှင်းလိုက်ပြီးနောက်–

"မြတ်စွာဘုရားဟောတော်မူတဲ့ ဒီသုတ္တန်ကိုကြားနာရတော့



ခင်းမှာဘာသင်ခန်းစာရသလဲ"ဟု မေးလိုက်ပါသည်။ ကျွန်တော်က သူ့မျက်နှာကိုကြည့်ပြီးမှ–

"ခေါင်းဆောင်ဆရာလုပ်သူများဟာ နောက်လိုက်တပည့်များဆက်၊ အမြဲတမ်း အရည်အချင်း ပိုသာရမယ်ဆိုတဲ့ သင်ခန်းစာများဖြစ်လေမလား ဆရာ"ဟု မရဲ့မရဲဖြေလိုက်ရပါသည်။

"အေးပေါ့ကွ၊ အဲသည် သင်ခန်းစာကို ယူရမှာပေါ့၊ မင်းတို့အရွယ် လူငယ်တွေဟာ တစ်နေ့မှာ ခေါင်းဆောင် ဖြစ်ကြရလိမ့်မယ်။ လူငယ်တိုင်းဖြစ်ရမယ်လို့တော့ မဆိုနိုင်ဘူးပေါ့ကွာ၊ လူငယ်ထဲက ပညာဗဟုသုတရှာဖွေဆည်းပူးပြီး ရုပ်ရှာကိုစွ အသင်းအဖွဲ့ကိုစွ အလှူအတန်းကိုစွ လုပ်ငန်းဆောင်တာကိုစွတို့မှာ ပါဝင်ဆောင်ရွက်ရာက သူများထက်ထူးချွန်လာမယ်ဆိုရင် တဖြည်းဖြည်းနဲ့ အကြီးအမှူး ခေါင်းဆောင် ဖြစ်လာတတ်ကြတယ်။ ဦးဆောင်တယ်ဆိုတဲ့စကားဟာ သူများထက် ရှေ့ဦးက ဆောင်ရွက်တဲ့လူလို့ ဆိုတာဖြစ်တယ်။

ထူးထူးချွန်ချွန်ဆိုတဲ့ စကားဟာလဲ သူများထက်ထူးပြီး သူများတကာထဲက ချွန်ထွက်လာအောင် လုပ်လေ့လုပ်ထရှိခြင်းကို ပြောတာဖြစ်တယ်။ ခေါင်းဆောင်တိုင်းသည် နောက်လိုက်တို့ထက် ခေါင်းတစ်လုံး ပို၍ မြင့်ရမည်ဆိုတဲ့ အင်္ဂလိပ် စကားပုံတစ်ခုရှိတယ်"

"အဲသည့်စကားပုံက အမေရိကန်သမ္မတ အေဘရာဟင် လင်ကွန်းလို ပုဂ္ဂိုလ်မျိုးကို ဆိုတာလား"

"မဟုတ်ပါဘူး၊ အရပ်မြင့်တဲ့ အေဘရာဟင်လင်ကွန်းကို ရိုက်ရိုက်ညွှန်းတဲ့ စကားမဟုတ်ပါဘူး။ ခေါင်းတစ်လုံးပိုမြင့်ရမယ် ဆိုတာက ငယ်သားတွေထက် ဉာဏ်ပညာအမြော်အမြင်နဲ့ ဆင်ခြင်တုံတရား ပိုရမယ်လို့ ဥပမာတင်စားပြီးပြောတာကွ၊ သူများထက် ခေါင်းတစ်လုံးစာလောက်ပိုပြီးဉာဏ်ဦးနှောက်ရှိရမယ့်သဘော၊ အရပ်ရှည်တာကို ပြောတာ မဟုတ်ဘူး၊ ဟိုတစ်ခါက ကမ္ဘာကို သိမ့်သိမ့်တုန်

www.burmeseclassic.com



အောင် ကျော်ကြားခဲ့တဲ့ စစ်ဘုရင် ကေရာဇ် နပိုလီယံ ဆိုရင် အရပ်ပုပု လေးရယ်၊ 'သိင်္ဂါလောဝါဒသုတ်'ထဲက နာယကဂုဏ် ခြောက်ပါးကို မင်းပြောစမ်း"

"ထကြွနိုးကြား၊ သနားသည်းခံ၊ ထေဖန်ထောက်ရှု၊ ဤခြောက် ခု၊ ကြီးသူ့ကျင့်ဝတ်သာ တဲ့"

"အေး-အဲဒါလောကနီတိထဲမှာလည်းပါတယ်။ အဲသည်ဂုဏ် ခြောက်ပါးဟာ ဆရာသမားမှာ ဖြစ်စေ၊ ဦးဆောင်ဦးရွက်လုပ်တဲ့သူမှာ ဖြစ်စေ၊ ခေါင်းဆောင်နာယကမှာ ဖြစ်စေ သူများထက် ထူးပြီး သူများ ထက်ပိုပြီး သူများထက် သာလွန်အောင် ကျင့်ရမယ့် ဝတ္တရားတွေ ဖြစ် တယ်။ တပည့်တွေရဲ့ဦးနှောက်လောက်၊ တပည့်တွေရဲ့ စိတ်ဓာတ် လောက်၊ တပည့်တွေနဲ့ ပိန်မသာ လိန်မသာဖြစ်နေရင် ဆရာကောင်း၊ ရှေ့ဆောင်ကောင်းအဖြစ်နဲ့ ထိုက်ထိုက်တန်တန် လေးစားခြင်း ခံရမှာ မဟုတ်ဘူး၊ ခေါ်တော့ ဆရာပဲ၊ ဆက်ဆံတော့ အရှိအသေတန်ပြီး သူငယ်ချင်းပေါင်း ပေါင်းတာတွေ ပြည့်လို့မဟုတ်လား"

"အများကြီးပေါ့ဆရာ၊ ဒီလိုဆရာမျိုးတော့ မဖြစ်ချင်ဘူး ရှက် စရာတောင် ကောင်းသေး"

"အေး-အဲသည်လို ရှက်တတ်ရင် ဆရာပီသတဲ့ ဆရာမျိုးဖြစ်ဖို့ နီးလာပြီမှတ်၊ ဘုရားဟောတဲ့ ဂဝေသီဥပါသကာကိုကြည့်၊ နောက်လိုက် တပည့်တွေနဲ့ အဆင့်အတန်း တန်းတူညီမျှဖြစ်နေတာကို မခံနိုင်လို့ သီလစောင့်တယ်။ တပည့်တွေက သူနဲ့တန်းတူသီလစောင့်ကြပြန်တော့ သူက တစ်ဆင့်တိုးပြီး တက်လိုက်ပြန်တယ်။ တပည့်တွေက တစ်ဆင့် တိုးပြီးတက်လာပြန်တော့လဲ သူက တန်းတူရည်တူ အဖြစ် မခံနိုင်ပြန် ဘူး။ ဒီလိုနဲ့နောက်ဆုံးရဟန်းပြုပြီး အရဟတ္တဖိုလ်ပေါက် လောကမှ လွတ်မြောက်သွားတယ် မဟုတ်လား။

တပည့်တို့-နောက်လိုက်ငယ်သားတို့ဆိုတာမျိုးကလဲ မိမိတို့ရဲ့



ဆရာ၊ မိမိတို့ရဲ့ခေါင်းဆောင်က အကျင့်သီလပြည့်စုံတယ် ဆိုရင် သူတို့ ကိုယ်တိုင် အကျင့်ပျက်ရမှာကို ရှက်လာတတ်ကြတယ်။ ကြောက်လာ တတ်ကြတယ်။

ဆရာသမားက လုံ့လဝီရိယနဲ့ ထထကြွကြွ လုပ်ဆောင်နေတဲ့ အခါကျတော့လဲ သူတို့ကိုယ်တိုင် ပျင်းရိလေးကန်နေလို့ မဖြစ်တော့ဘူး လေ။ ဒီသဘောတရားဟာ လောကီရေးရာ အလုပ်စခန်းမှာလဲ အကျိုး သက်ရောက်နိုင်တယ်"

ဦးဖုန်းမိုက စကားကို လက်စသတ်၍ လက်ဖက်ရည်ကြမ်း တစ်ခွက် ငုံ့လိုက်ပြန်သည်။ ကျွန်တော်က ကြည်ညိုလေးစားစွာဖြင့် ကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အမှောင်တွင်းမှ လျှပ်တစ်ပြက်

ကိုရွှေလူအား "ဟိုဟာကလေးကို လိုချင်လိုက်စမ်းပါလား၊ သည်ဟာကြီးကို ရချင်လိုက်စမ်းပါလား" ဟု လောဘက ဆို၏။

"ဒါကလေးကိုမပေးလိုက်ချင်နဲ့၊ ကိုယ့်ဖို့ကိုယ်ကြည့်မှပေါ့" ဟု ကန့်ကွက်နေသည်မှာလည်း သူသာဖြစ်သည်။

"လိုချင်တာများရှိရင် ကျုပ်က လှုပ်ရှားတက်ကြွပေးပါ့မယ်၊ မရလျှင် မာန်ထောင်ပြပါ့မယ်၊ မာန်ထောင်ပြီး ရန်စောင်လို့မှမရလျှင် ဝမ်းနည်းပန်းနည်း ငိုပေးလိုက်ပါ့မယ်" ဟု ဒေါသက ဝိုင်းကူပြောပြန်သည်။

သူတို့နှစ်ဦးပြောတာကို ခဏကလေးတွေးကြည့်မည်ကြံကာ ရှိသေးသည်။

"မတွေးနဲ့၊ မတွေးနဲ့၊ ဘာမှ စိတ်ကူးမလွဲနဲ့၊ သူတို့နှစ်ဦးပြောသမျှ လုပ်သမျှဟာ ကိုယ်ကောင်းဖို့ချည်းပဲ၊ အမှန်ဆိုတဲ့ သစ္စာတို့၊ မဖောက်မပြန်သော ပရမတ်ဆိုတာတို့ကို ဘေးချိတ်ထားလိုက်ပါ၊ မင်းလုပ်လျှင်ဟုတ်ရမှာပေါ့၊ မင်းကြံလျှင် မှန်ရမှာပေါ့၊ မင်းပတ်ဝန်းကျင်မှာ မင်းသာ အတော်ဆုံး မင်းသာ အသိဆုံး မင်းသာ အတတ်ဆုံးလို့ ကြုံးဝါးပြလိုက်စမ်းပါ၊ အားလုံးက ချီးကျူးသြဘာ ထောမနာ ပေးကြမှာပေါ့" ဟု မောဟက မှိုင်းတိုက်ပေးလိုက်သည်။

သုံးယောက်ပေါင်းတော့ လောင်းကျော်လေပြီ။

သူတို့သုံးဦး၏သြဇာအာဏာကို ဘယ်အခါကစ၍ ရှိသေစွာ



လိုက်နာကျင့်သုံးခဲ့ရပါသနည်း၊ မွေးကတည်းကပေါ့၊ အသက်အရွယ်နှင့်အလိုက် နို့စို့အရွယ်မှ လူထဲအရောက် သူတို့သြဇာက ကြီးမားသည်ထက် ကြီးမားလာသည်၊ ကျယ်ပြန့်သည်ထက် ကျယ်ပြန့်လာသည်၊ ပြင်းထန်သည်ထက်ပြင်းထန်လာသည်၊ တိုးမြင့်သည်ထက်တိုးမြင့်လာသည်။

သြဇာအာဏာတို့ဖြင့် ဒဏ်ရာဒဏ်ချက်ပြည့်နှက်လာသောအခါ လူးလွန့်လိုက်မိသည်။ တုန်လှုပ်သွားမိသည်။

"ဟော့လူ—ဘယ့်နှယ်လဲ၊ မခံသာတော့ဘူးလား၊ ငြီးငွေ့ပင်ပန်းလာပြီလား"

အတော်ဝေးဝေးမှ အသံသဲ့သဲ့ကလေးကို ကြားလိုက်ရသည်။ အလင်းရောင်ကလည်း အင်အားနည်းပါးလှစွာ မှိတ်တုတ်မှိတ်တုတ်၊ သို့သော်မဲ့ အမိုက်မှောင်အတွင်းဝယ် အနေကြာခဲ့ရသော အခြေအနေ အရ ထိုမှိတ်တုတ်မှိတ်တုတ်ကလေးပင်လျှင် လျှပ်တစ်ပြက်လင်းသွားသည်။

"ခင်ဗျား ဘယ်သူလဲ" ဟု မေးလိုက်လျှင်—

"ပညာလေ" ဟု မပွင့်တပွင့် ဖြေသည်။

"ခင်ဗျားပြောတာကလဲ သဲသဲကွဲကွဲမရှိလိုက်တာ၊ နောက်ပြီးတော့ ကောင်းကောင်းလဲ မမြင်ရဘူး"

"မင်းနားကို သူတို့က ပွမ်းဆို့ထားလို့ပါကွ၊ နောက်ပြီး မင်းမျက်စိကိုလဲ သူတို့က ဖုံးထားကြတာ၊ မင်းငါ့ကို ထင်ထင်ရှားရှား ဘယ်မြင်နိုင်မလဲ"

"သူတို့ဆိုတာ ဘယ်သူတွေလဲ"

"ဟား ဟား၊ ခုထက်ထိ မင်းမသိသေးဘူးလား ဆေးဟာ ခေါင်းဆောင်တဲ့ မင်းအပေါင်းအသင်းတွေလေ"

"ဩော်—သူတို့လား၊ သူတို့နဲ့က အနေကြာခဲ့ပြီလေ မင်းများက အခုမှပေါ်လာတာကိုး"

www.burmeseclassic.com



"ငါက အမြဲရှိပါတယ်မောင်ရာ၊ မင်းကသာ ငါ့ကိုရှိမှန်းသတိမထားလို့ပါ"

"ဒါနဲ့တောင် နှုတ်ဆက်ဖော်မရဘူးဗျာ"

"အေး–ငါက လောဘတို့အဖွဲ့လို မခေါ်ပင့်ချေ ပလူးပလဲ မဆော်ဝင်းတတ်ဘူးကွ၊ ငါ့ကို လိုလိုချင်ချင်နဲ့ ဖိတ်မန္တကပြုမှ၊ လေးလေးစားစားနဲ့ အားလဲကိုးမှ၊ အခုတောင် မင်းလူးလွန့် ညည်းတွားလိုက်လို့၊ သူတို့နှိပ်စက်တာကို မခံချင်တဲ့စိတ် ပေါ်များလာလေသလားလို့ မင်းအရိပ်အကဲ လာကြည့်တာ"

"ခင်ဗျားက ဘာအကူအညီပေးနိုင်သလဲ"

"ငါကတော့ ဆင်ခြင်မှုပဲပေးနိုင်တယ်၊ ဝေဖန်သုံးသပ်မှု ဆိုပါတော့ကွာ၊ အဲသည်ဆင်ခြင်တာမျိုးကလဲ သူတို့လို ဝုန်းဝုန်းဒိုင်းဒိုင်း ထိတွေ့နိုင်တာမျိုးတော့ မဟုတ်ဘူး၊ နူးညံ့တယ်၊ သိမ်မွေ့တယ်၊ နက်နဲတယ်၊ ခက်ခဲတယ်၊ ဆန်းကြယ်တယ်၊ ဒီတော့ ပေ့ါပေ့ါဆဆနဲ့တော့ ငါ့အရသာကို ခံစားနိုင်မှာမဟုတ်ဘူးကွ"

"ကဲ–နည်းနည်းလောက်ပြောပြပါလားဗျာ၊ သူတို့လာပြီး မနှောင့်ယှက်နိုင်တဲ့အချိန်ကလေး ဆွေးနွေးကြတာပေါ့"

"အေး– မင်းသတိတော့ အရှိသားပဲ၊ ကဲ–သေသေချာချာ တွေးကြည့်လိုက်စမ်း။ လိုချင်တာရယ်၊ လှုပ်ရှားတာရယ်၊ ဘာမှ မစဉ်းစား မချင့်ချိန်တာရယ်၊ သူတို့က မြှောက်ပေးသမျှ မင်းလုပ်ခဲ့ရသမျှ၊ မင်းပြောခဲ့ရသမျှ၊ မင်းကြံခဲ့ရသမျှတွေဟာ ဘယ်အချိန်မှာ အဆုံးသတ်ရပါစေ့မယ်လို့ အတိုင်းအတာ ရှိခဲ့ဖူးသလား၊ ဘယ်အသက်အရွယ်ရောက်လျှင် သို့မဟုတ် ဘယ်လောက် ပြည့်စုံလျှင် မင်းအနားယူတော့လို့ ဆုံးဖြတ်ချက်ပေးခဲ့သလား"

"အဲသလိုတော့ မပေးခဲ့ဘူးဗျ"

"ဟော့–ဘယ်အရာ ဘယ်ကိစ္စဖြစ်ဖြစ် အစရှိလျှင် အဆုံးရှိရမယ်လေ၊ အအေးရှိလျှင် အပူရှိရမှာပေါ့၊ ပင်ပန်းတာရှိလျှင် ငြိမ်းချမ်းတာရှိရမှာပေါ့"



"ဟုတ်ပါရဲ့၊ အစသာ သူတို့က ပြောခဲ့တာ အဆုံးကိုတော့ သူတို့ အာမ မခံကြဘူး"

"ဒါဖြင့် အချိန်တစ်ရာရှိသော ကျောက်တုံးကျောက်ခဲကို ဖက်ပြီး အသူတစ်ရာနက်တဲ့ မဟာသမုဒ္ဒရာထဲ ဆင်းတဲ့ လူမိုက်တစ်ယောက် ဖြစ်တော့မှာပေါ့"

"ကျွန်တော် မဆင်းချင်ပါဘူး၊ ဒါပေမဲ့ သူတို့ပြောတာတွေက ကျွန်တော် နှစ်သက်စရာတွေ၊ မြတ်နိုးစရာ လိုချင်စရာတွေ ဖြစ်ဖြစ်နေတာ ခက်တယ်"

"အေး–မင်း မဆင်းချင်ပါဘူးဆိုတဲ့ အာသီသကလေး ပေါ်နေတာပဲ ငါနဲ့ပေါင်းလို့ဖြစ်နိုင်တဲ့ အလားအလာရှိလာပြီ၊ ဒီမှာ–မင်း နည်းနည်းထပ်တွေးကြည့်လိုက်စမ်း၊ မင်းလိုချင်ပါတယ်ဆိုတဲ့ နှစ်သက်စရာ မြတ်နိုးစရာတွေရလာတော့ မင်းကိုယ်တိုင်အမြဲပဲ မြတ်နိုးနေသလား၊ အဲသည် မြတ်နိုးစရာတွေကကော အမြဲပဲ မင်းနဲ့မကွဲမကွာ တည်ရှိနေမလား၊ မင်းစိတ်နဲ့မင်းကိုယ်တောင် အမြဲတည်နေရဲ့လား၊ တုန်ကုန်ပြောလိုက်မယ်ကွာ မင်းနဲ့တကွသော မင်းပတ်ဝန်းကျင်မှာ ရှိသမျှ တွေ့သမျှ သက်ရှိသက်မဲ့ ရုပ်ဝတ္ထုတွေဟာ မြဲနေတာကို မရှိဘူး၊ အဲဒါကလေး တစ်ချက်သိတာနဲ့ တကယ်မြတ်နိုးစရာ ကောင်းမကောင်း စဉ်းစားနိုင်ပြီပေါ့ကွာ၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ တောတောင်ရေတံခွန် အလှအပတွေနဲ့ ပန်းချီကားကြီးပါကလားရယ်လို့ ကောင်းကင်က တိမ်နိုင်တိမ်ခဲတွေကို အမြဲကြည့်နေလို့ ယုတ္တိမရှိသလို၊ ပလုံစီလို့ဖြစ်လာတဲ့ ရေပူဖောင်းကလေးကို ပုလဲလုံးဆိုပြီး တန်ဆာဆင်လို့ရနိုင်မှာ မဟုတ်ပါဘူး၊ ဒီတော့ အစွဲအလမ်းကြီးမားအောင် မြတ်နိုးနေလို့ လိုဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဘယ်ဟာမှ အမြဲမရှိဘူးလား"

"ငါပြောတာက 'မြဲနေတာမရှိ' လို့ ပြောတာပဲ၊ အမြဲမရှိ မဟုတ်ဘူး၊ အရှိမမြဲပေါ့"

"အမြဲမရှိ–အရှိမမြဲ၊ ဟာ–စကားချင်းတူသလိုလိုနဲ့ နည်းနည်းကွဲပါကလား"

"အေး–နည်းနည်းမဟုတ်ဘူး၊ အများကြီးကွဲတယ်၊ မင်း စဉ်းစားနိုင်ပြီ"

"ကျွန်တော့်ကို ထပ်ရှင်းပြပါဦးလား၊ ကျွန်တော်တွေးလို့ ကောင်းလာပြီ"

"မင်းနည်းနည်းနားထွေးနေလို့ပါကွာ၊ အမြဲမရှိဆိုတာ 'ဘယ်တော့မှ မရှိ' လို့ အဓိပ္ပာယ်ပေါက်နေတတ်တယ်၊ အရှိမမြဲ ဆိုတာက 'ရှိတော့ရှိတယ် မမြဲဘူး' လို့ ငါက ပြောချင်တာ၊ မြေ–ရေ–လေ–မီးဆိုတဲ့ ဓာတ်ကြီးလေးပါးတို့ဟာ ဘယ်အခါမဆို ဘယ်နေရာ မဆိုရှိကြတယ်၊ ဒါပေမဲ့ တည်တံ့စွဲမြဲပြီး နေကြတာမဟုတ်ဘူး၊ သူတို့သဘောနဲ့သူတို့ ဖောက်ပြန်ပြောင်းလဲ အမြဲရွေ့လျားနေလေ့ရှိကြတယ်၊ ခဏကလေးမှာ ဖြစ်လာပြီး ခဏကလေးသာ တည်နေလိုက်တယ်၊ ခဏကလေးမှာပဲ ပျက်သွားပြန်ရော၊ ဒါကြောင့် အရှိမမြဲဘူးလို့ ပြောရတာ။ အမြဲမရှိဘူးဆိုရင် ဖြစ်စရာကို ဘာတစ်ခုမှမရှိဘူးလို့ မင်း အဓိပ္ပာယ် တစ်မျိုးပေါက်သွားနိုင်သေးတယ်"

"အင်း–ကျွန်တော်နည်းနည်း သဘောပေါက်လာပြီ၊ အဲသည် 'အရှိမမြဲ'ဆိုတာ 'အနိစ္စ'လို့ ပြောကြတာလား"

"အေး–အနိစ္စဆိုတာက ပါဠိလိုပြောတာ၊ ဒါပေမဲ့ ဘယ်ဘာသာနဲ့ပြောပြော မင်းသဘောပေါက်ရင် ငါနဲ့နီးစပ်ပြီပေါ့ကွာ၊ အမှောင်တွင်းမှာ လျှပ်တစ်ပြက်လင်းလိုက်သလိုတော့ ရှိမှာပေါ့"

# နာမည်နှင့်လူ

လူတိုင်းမှာနာမည်ရှိကြပါတယ်။ ဥပမာ မောင်ဖြူ၊ မောင်နီ၊ မောင်မဲ စသည်ဖြင့် အဲဒါက လူနှင့်နာမည်တွဲနေတဲ့သဘော။ အဲသည်မှာ မောင်ဖြူဆိုတဲ့ နာမည်တူတွေက အများကြီး၊ မောင်နီဆိုတဲ့ နာမည်တူတွေကလည်း အများကြီး၊ မောင်မဲဆိုတဲ့နာမည်တူတွေကလည်း အများကြီးဖြစ်နေတဲ့အခါမှာ 'ဘယ်မောင်ဖြူလဲ'လို့ ခွဲခြားပြီးပြောနိုင်အောင် သူတို့ရဲ့ဂုဏ်ထူးဝိသေသရှိလျှင် မူလနာမည်ရှေ့က တပ်ပြီးပြောရပါတယ်။ ဥပမာ တပ်ကြပ်ဖြစ်လျှင်'တပ်ကြပ်မောင်ဖြူ'၊ ဗိုလ်ဖြစ်လျှင် 'ဗိုလ်မောင်ဖြူ' စသည်ဖြင့်–စသည်ဖြင့် ဆိုပါတော့၊ နာမည်ပြောင်များရှိလျှင်လည်း ပုတဲ့မောင်ဖြူကို'မောင်ဖြူပု'၊ အရပ်ရှည်တဲ့မောင်ဖြူကို 'လန်ဘား မောင်ဖြူ'လို့ခေါ်တတ်ကြရဲ့။

နာမည်ပေါ်လွင်ထင်ရှားခြင်းဆိုတာ ကောင်းသောသတင်းကျော်ကြားခြင်း၊ မကောင်းသတင်းကျော်ကြားခြင်းရယ်လို့ရှိပါတယ်၊ ကောင်းသောကျော်ကြားခြင်းကို'ဂုဏ်'ဟူ၍လည်း ဆိုကြတယ်၊ 'နာမည်' ရတယ်လို့လည်း ဆိုကြပါတယ်။

ထိုဂုဏ်သတင်းကျော်ကြားခြင်း၊ နာမည်ရခြင်းဆိုရာမှာ မိမိကိုယ် မိမိပြုယူ၍မရနိုင်ပါဘူး၊ ပတ်ဝန်းကျင်က လူထုက အသိအမှတ်ပြုလာမှ လက်ခံရရှိတတ်ပါတယ်၊ ဒါလည်း နေ့ချင်းညချင်း ဖြစ်လာနိုင်တာမဟုတ်ပါဘူး။

'ကောင်းသောဂုဏ်၊ ကောင်းသောနာမည်(နာမည်ကောင်း)ကို ကောင်းသောအမှုများ၌ နေ့ရှည်လများ နှစ်နှင့်ချီ၍ နိစ္စဓူဝ [illegible]လာမှ ရနိုင်ခြင်းဖြစ်တယ်။ သို့သော်မကောင်းသတင်းများမှာကား နေ့ချင်းညချင်းပျံ့နှံ့ခြင်းဖြစ်စေတတ်တယ်' ဟု ဗုဒ္ဓမြတ်စွာက ဟောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းနှင့်ပတ်သက်လို့ ရယ်စရာပုံပြင်ကလေးတစ်ပုဒ် ကြားဖူးပါတယ်။ မြို့ကလေးတစ်မြို့မှာ အလွန်နာမည် ထင်ပေါ် ကျော်ကြားလိုတဲ့ ဘုရားလူကြီး(ဂေါပက)တစ်ယောက်ရှိတယ်။ နှစ်ရှည်လများ ဗုဒ္ဓဝေယျာဝစ္စအလုပ်တွေကိုကြိုးစား၍လုပ်လာခဲ့သော်လည်း သူ တောင့်တသည့်အဆင့်အထိ နာမည်က ထွက်မလာနိုင်ပါဘူးတဲ့။ ဘုရားထဲမှာ ပိုက်ဆံတောင်းနေတဲ့ သူတောင်းစားမကလေးကို ဖက်လည်း နမ်းလိုက်ရော၊ ဘုရားလူကြီးရဲ့သတင်းဟာ တစ်မြို့လုံး အုပ်မရ ဆိုင်းမရ ကျော်ကြားပါလေရောတဲ့၊ အဲဒါမြတ်စွာဘုရား ဟောထားတော်မူတဲ့ အတိုင်းပါပဲ။

ကောင်းသောဂုဏ်၊ နာမည်ကောင်းရနိုင်ရာအကြောင်း ၄ ပါး ရှိပါတယ်။

(၁) အမျိုး၊ (၂) ဘာသာ၊ (၃) သာသနာ၊ (၄) ပညာ၊ အဲသည် ၄ မျိုးဖြစ်ပါတယ်။

(၁) အမျိုးဆိုရာမှာ တိုင်းပြည်နှင့်အမျိုးကို ချစ်ခြင်း၊ စောင့်ရှောက်ခြင်း၊ ကာကွယ်ခြင်း၊ အလုပ်အကျွေးပြုခြင်း၊ သစ္စာစောင့်သိရှိသေခြင်းလို့ဆိုပါတယ်။

(၂) ဘာသာဆိုရာမှာ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့်စာပေ အနုသုခုမပညာတို့ကို မြတ်နိုးလေ့လာ အကျိုးပြုထွန်းကား မြင့်မားအောင် ဆောင်ရွက်ခြင်းလို့ဆိုပါတယ်။

(၃) သာသနာဆိုရာမှာ ဗုဒ္ဓမြတ်စွာ၏အဆုံးအမများကို ရိုသေလိုက်နာကျင့်ဆောင်ခြင်း၊ ဓမ္မတရားတော်များကို ဆည်းပူးလေ့လာ သင်ကြားခြင်း၊ ဟောပြောခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ သံဃာတော်များအား ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းခြင်း၊ ဝေယျာဝစ္စဆောင်ရွက်ခြင်း။

(၄) ပညာဆိုတာကတော့ ဝိဇ္ဇာပညာ သိပ္ပံပညာ ပညာရပ်မှန်သမျှကို ဆိုရမှာဖြစ်ပါတယ်။ အဲသည့်အကြောင်းတရား ၄ ပါးအနက်



တစ်ခုခုကို ပြောင်မြောက်ထူးချွန်လို့ရှိလျှင် ဂုဏ်ဝိသေသ၊ နာမည်ထွက်လာမှာ မလွဲပါဘူး၊ သူမတူအောင် ထူးချွန်လေ–သူမတူအောင် ကျော်ကြားလေဖြစ်ပါတယ်။ မြတ်စွာဘုရားရှင်ဟာ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဆယ်ပါးကို ထူးထူးချွန်ချွန် ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့လို့ 'ဂုဏ်တော်ကိုးပါးနှင့်တကွ အသင်္ချေယ နာမတံဆိပ် ဂုဏ်ဝိသိဋ္ဌဖြင့် ဇမ္ဗူထိပ်မှတက်၍ ဘဝဂ်တိုင် ကြေငြာလျက်' ဟူ၍ ဆရာတော်ကြီးများက ရေးသားစပ်ဆို ကြည်ညိုတော်မူကြရတယ်။

မိမိမှာ ကောင်းသတင်းဂုဏ် ထင်ရှားလာတဲ့အခါ 'လူနှင့်နာမည်' ဘဝမှ 'နာမည်နှင့်လူ' ဖြစ်လာပါပြီ။

မန္တလေးလူထုဒေါ်အမာက 'ပြည်သူချစ်သော အနုပညာသည်' စာအုပ်မှာရေးဖူးတယ်။ ရွှေမန်းကိုတင်မောင် ငယ်စဉ်က ဆရာတော်ဦးကေသရဘုန်းတော်ကြီးက မွေးစားပြီး သဘင်ပညာရှင်ကြီး ဒေါ်ငွေမြိုင်ထံမှာ အပ်နှံ၍ ကစဉ်အခါက 'ဘုန်းကြီးရဲ့မင်းသားကလေး'လို့ခေါ်ကြသတဲ့၊ နှစ်ပေါင်းများစွာကြာလို့ ရွှေမန်းတင်မောင်အဖြစ်ဖြင့် လျှမ်းလျှမ်းတောက်ကျော်ကြားလာတဲ့ အခါမှာ ဆရာတော်ဦးကေသရကို 'မင်းသားရဲ့ဘုန်းကြီး'လို့ ခေါ်လာကြပါရောတဲ့။

'နာမည်နှင့်လူ'(မိမိ၏နာမည်ရင်းအရှေ့မှ သီးသန့်နာမည်တစ်ရသူ)ဖြစ်ဖို့မှာ သူလိုကိုယ်လို ကြိုးစားသည်ဆိုရုံမျှနှင့်မဖြစ်နိုင်ပါ။

'တိပိဋကမရေ မဓမ္မဘဏ္ဍာဂါရိက'အရှင်ဦးဝိစိတ္တသာရာဘိဝံသ၊

'အောင်ဆန်းသူရိယ' လှသောင်း၊

'ဟင်နရီဒူးနန့်' စိုင်းအောင်လှိုင်မြင့်စသောပုဂ္ဂိုလ်တို့မှာ မြန်မာပြည် လူဦးရေနှင့် တစ်ကုဋေမှ တစ်ယောက်၊ တစ်ဆူ ပေါ်လာတို့ ရှေ့သည့်ကူကြောင်း သိနိုင်ကြပါတယ်။

'ပိဋကတ်သုံးပုံစလုံး အာဂုံ ဆောင်' ဟု လာမှ အာဂလူ ဖြစ်ပြီမှာဆော် တိပိဋကဆရာတော်ဘုရားကသူ့တပည့်ကျော် တိပိဋကဓရ လောင်းသာ

www.burmeseclassic.com

www.burmeseclassic.com



တို့ကို အမြဲသတိပေးလျက်ရှိပါတယ်။ ပိဋကတ်သုံးပုံကို အနှစ်ထုတ်ယူလိုက်လျှင် သံဝေဂနှင့် ဥပေက္ခာ ဟူ၍ အတိုချုံးကာ မှတ်သားထားရန် ဆိုပါတယ်။ ပိဋကတ်သုံးပုံကို အထဲမှ အသံ ထွက်အောင်အရကျက်နိုင်မှ အောင်နိုင်မည်ဖြစ်ကြောင်း ဆိုလိုပါတယ်။

ဤတွင် 'နာမည်နှင့်လူ' လေးမျိုးလေးစားရှိကြောင်း သိရပါတယ်။

(၁) လူသေသော်လည်း နာမည် မသေသောသူ၊

(၂) လူမသေသော်လည်း နာမည်သေသွားသောသူ၊

(၃) လူလည်းသေ နာမည်လည်းသေသွားသောသူ၊

(၄) လူလည်းမသေ နာမည်လည်းမသေသောသူ၊

ဤသို့လေးမျိုးလေးစားရှိသည့်အနက်'လူလည်းမသေ နာမည်လည်း မသေသောသူမှာ' အမွန်မြတ်ဆုံးဖြစ်၍ 'လူသေသော်လည်း နာမည်မသေသူမှာ လောက၏ အကျိုးဆောင်ကောင်း ဖြစ်နိုင်သေးလျက် 'လူမသေသော်လည်း နာမည်သေသွားသူ'နှင့် 'လူလည်း သေ–နာမည်လည်းသေသွားသူ' အဖြစ်ကိုကား လုံးဝ မလိုလားအပ်ပါ။ မည်သူမျှလည်း လိုလားလိမ့်မည် မဟုတ်ပါဘူး။

# စက္ခုရူပေန သံဝါသာ

စက္ခုရူပေနသံဝါသာ၊ ရာဂပုတ္တံဝိဇာယတိ။

ကျွန်တော်တို့ငယ်ငယ် အသက် ၂၀ မပြည့်ခင် အရွယ်ကတည်းက အဲသည့်ပါဠိကို နှုတ်ဖျားမှာစွဲခဲ့တာပေါ့၊ မြတ်စွာဘုရားက ရာဟုလောဝါဒသုတ်မှာ ဟောတော်မူခဲ့တဲ့ ဂါထာထင်ပါတယ်။

အဓိပ္ပာယ်က 'စက္ခု=မျက်စိသည်၊ ရူပေန=ရူပါရုံနှင့်၊ သံဝါသာ =ပေါင်းဖော်မိသည်ရှိသော်၊ ရာဂပုတ္တံ=ရာဂတည်းဟူသော သားကို၊ ဝိဇာယတိ=ဖွားမြင်၏'

အဲသည်ပါဠိကိုတရားသဘောကြည်ညိုလို့၊ သိလို့၊ ကျက်ထားကြတာမဟုတ်ပါဘူး၊ သမီးရည်းစား မေတ္တာစာရေးရင် တယ်ပြီး အသုံးဝင်သကိုး၊ မြန်မာလိုသဘောကတော့ မျက်စိဟာ ရူပါရုံနှင့်တွေ့လျှင် ချစ်တတ်ကြိုက်တတ်လာသလို ချစ်နှမရဲ့အလှကိုမြင်ရလို့ အသည်းထဲ ဘဝင်ထဲမှာ အကြိတ်အခဲအဖြစ် 'ချစ်နေပါပြီ၊ ကြိုက်နေပါပြီ'ပေါ့။

ကျွန်တော်တို့တုန်းကလည်း ကျွန်တော်တို့အလျောက် အချစ်အသွေးတက်လေးတွေပေါက်လာပြီး ရူးတိုရူးနှမ်းစာတွေရေး၊ ကဗျာတွေ ရေး၊ တေးတကြော်ကြော်အော်ဆိုကြတာပါပဲ။ ဒါကြောင့် ခုခေတ် ကလေးတွေကိုလည်း ကိုယ်ချင်းစာမိတဲ့အခါ သူတို့ရူးပုံနှမ်းပုံ ရှေ့မှေ့ ခုန်ပြီး ဟာစ်ပုံအော်ပုံတို့ကို အပြစ်မတင်ချင်တော့ဝါဘူး။

ဘာပဲပြောပြော အသိနဲ့အသက်ဟာ အင်မတန် ကွာခြားတတ်တယ် တကျော့ရှုပြီး မိန်းမပိုးရာမှာ အသုံးချခဲ့မိကြတဲ့ အဲသည်ပါဠိတော်ကို အသက်ကြီးလာလို့ အသိကြွယ်လာတော့ ဗုဒ္ဓမြတ်စွာ ဆိုလိုတော်မူရင်းအဆုံးအမကို ရိပ်မိလာနိုင်ခဲ့ပါတယ်။

'မျက်စိသည် ရူပါရုံနှင့်ပေါင်းဖော်မိသည်ရှိသော်'တဲ့ အဲသည် စကားလုံးကိုပဲ စဉ်းစားကြည့်လျှင် အင်မတန်တရားကျလှပါရဲ၊ တရားရ

www.burmeseclassic.com

www.burmeseclassic.com



စရာ အကြောင်းတွေကိုချဲ့ထွင်ပြီးသိနိုင်ပါတယ်။ စက္ခုဆိုတာ မျက်စိမှန်းတော့သိတယ်၊ အဲသည်မျက်စိမှာ အကြည်ဓာတ်မပါလာလျှင် အဆင်းကိုမမြင်ရဘူး၊ ကြောင်တောင်ကန်းပဲဖြစ်မယ်၊ စက္ခု အကြည်ဓာတ်နဲ့ရူပါရုံဆိုတာ(မျက်စိထဲမြင်သမျှအားလုံး တောတောင် ရေမြေနဲ့ တကွ၊ ယောကျ်ားမိန်းမ၊ သက်ရှိသက်မဲ့ သတ္တဝါအားလုံး) အဲသည်နှစ်ခုရှိပေမယ့် အလင်းရောင် မရှိလျှင် မမြင်ရပြန်ဘူး၊ ဒါကြောင့် မျက်စိအကြည်ဓာတ်ရယ်၊ အမြင်ခံအရာဝတ္ထုရယ်၊ အလင်းရောင်ရယ် အဲသည်သုံးခု ဆုံမှ ရူပါရုံဆိုတာ မြင်ရပါမယ်၊ အဲသလိုမြင်ရအောင် ဘယ်ဘုရားကမှ ဖန်ဆင်းပေးခဲ့တာမဟုတ်ပါဘူး၊ ကံဆိုတဲ့အကြောင်းတရားက ကမ္မဇရုပ်တွေ ဖန်တီးပေးလိုက်လို့ ကိုယ့်ကိစ္စကို အသီးသီး ဆောင်ရွက်ကြတာပဲ ဖြစ်တယ်။

ကံက ကမ္မဇရုပ်တွေကို လုပ်ပေးတဲ့ ဓာတ်သဘာဝ သဘောတရားတွေကို ရိပ်မိတဲ့ သိပ္ပံရှင်တွေက ဓာတ်ပုံရိုက်တဲ့ ကင်မရာတွေ လုပ်ရောင်းကြတယ်။

နောက်တစ်ခု ဆက်တွေးကြည့်ရအောင်၊ မျက်စိဟာ ရူပါရုံနဲ့ ပေါင်းဖော်မိလျှင် ရာဂတည်းဟူသောသားကို ဖွားတယ်လို့ဆိုထားတယ်။ အဲသည်နေရာမှာလည်း ဗုဒ္ဓမြတ်စွာဟာ အစွန်းမထွက် ဓာဒကမတက်နိုင်အောင်မိန့်တော်မူထားတာဟာ ကြည်ညိုစရာ ချီးမွမ်းစရာကောင်းလှပါတယ်၊ မျက်စိဟာ ရူပါရုံနဲ့တွေ့တိုင်း ရာဂတည်းဟူသောသားကို ဖွားသလားလို့မေးလျှင် ဗုဒ္ဓမြတ်စွာကိုယ်တော်က မျက်စိသည် ရူပါရုံနဲ့ တွေ့တိုင်း ရာဂတည်းဟူသောသားကို ဖွားတယ်လို့ မဟောပါဘူး၊ မိခင်သည် သားကိုကြည့်၍ သားကိုမြင်၍ ရာဂမဖြစ်ပါဘူး၊ ဖခင်သည် သမီးကိုမြင်၍ ရာဂ မဖြစ်ပါဘူး၊ မိန်းမချင်းဆိုလျှင်လည်း ရာဂမဖြစ်ပါဘူး၊ ယောကျ်ားချင်း ဆိုလျှင်လည်း ရာဂမဖြစ်ပါဘူး။

သံဝါသ–ပေါင်းဖော်မိလျှင်လို့ ဆိုထားပါတယ်။ အဲသည်



စကားတစ်လုံးက ချုပ်ထားလိုက်တာပါပဲ၊ ပေါင်းဖော်မိတယ်ဆိုတာမှာ သံဝါသဆိုတဲ့ပေါင်းဖော်ခြင်းပါဠိက သေဝနဆိုတဲ့ ပေါင်းဖော်ခြင်းပါဠိနှင့် အဓိပ္ပာယ်ချင်းမတူပါဘူး၊ သေဝနဆိုတဲ့ပါဠိက မိတ်ဆွေဖြစ် ပေါင်းဖော်တာမျိုး၊ ဆည်းကပ်လို၍ပေါင်းဖော်တာမျိုးဖြစ်ပါတယ်၊ သံဝါသ–ဆိုတာကတော့ မေထုန်စိတ်နှင့်ယှဉ်၍ ပေါင်းဖော်ခြင်း၊ အဲသည်လိုတဏှာစိတ်(မေထုန သံဝါသ)လင်မယားကဲ့သို့ ပေါင်းဖော်မိကြမှ ရာဂတည်းဟူသောသားကိုမွေးတယ်လို့ ဆိုထားတာပါ။ ရာဂကို သားအဖြစ်နဲ့တင်စားထားတဲ့ဥပမာက အတော်နိုင်လုံသွားပါပြီ။

အဲ–ရာဂဆိုတာကို မြန်မာလို ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိပြန်ရင်လည်း ဗုဒ္ဓမြတ်စွာဒေသနာကို ကြည်ညိုစရာ တွေ့ရပြန်ပါလိမ့်မယ်၊ ရာဂဆိုတဲ့ပါဠိဟာ'တပ်မက်ခြင်း'လို့ မြန်မာလို အဓိပ္ပာယ်ရပါလိမ့်မယ်၊ အဲဒီ ရာဂကို 'မြူ'နဲ့တင်စားကြတယ်၊ မြူဆိုတာ မြေက ဖြစ်တဲ့ အမှုန်ကလေးတွေပေါ့။ ပြတင်းပေါက် နေရောင်ထိုးတဲ့အခါ၊ လှည်းလမ်းကြောင်းကို လှည်းဖြတ်မောင်းတဲ့အခါ မြင်နိုင်တဲ့ အမှုန်ကလေးတွေပေါ့။ ရထ–မြူ=ရထားမောင်းသွားသောအခါထသောအမှုန်၊ အဲဒီမြူကိုတစ်လုံးချင်းဟာဖြင့် ဘုရားရဟန္တာမှလွဲ၍ ဘယ်သူမှမမြင်နိုင်ဘူး၊ မြူမှုန်ပေါင်း သိန်း, သန်း, ကုဋေ စုဝေး ဖြစ်ပေါ်နေမှ ကျွန်တော်တို့က မြင်ကြရတယ်။ မိမိကိုယ်ပေါ်မှာ ကပ်လာတင်လာပေမယ့် လုံးဝမသိပါဘူး။ မြူမှုန် တစ်လုံးမှတစ်လုံး အမှုန်ပေါင်းကုဋေကုဋာ ပြွမ်းလာလျှင်တော့ အညစ်အကြေး ဒုနှင့်ဒေး ဖြစ်လာပါလေရော၊ အဲသည် မြူမှုန်(မြူ)ကို ကိလေသာ မြူမှုန်အဖြစ် တင်စားပြထားတာဖြစ်ပါတယ်။

ဒါကြောင့် ရာဂစိတ်သည် တစ်ခုချင်း တစ်ခုချင်း ဆိုလျှင် တစ်ခဏချင်း တစ်ခဏချင်း ဆိုလျှင် မသိသာသော်လည်း ထုထဲများပြားလာလျှင် ကိလေသာ အာသဝေါတရားအဖြစ် တိုးပွားသထက် တိုးပွားပြီး တစ်စုတစ်ဝေးတည်း ဖြစ်ပေါ်လာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ် သုတ်သင် ရှင်းလင်းခြင်းမရှိသော အဆောက်အအုံတို့တွင် ကြိုကြိုကြားကြား၌ အတောင့်အခဲ အထပ်ထပ် ဖြစ်နေသော မြူချပ် မြူလွှာကြီးများကို တွေ့နိုင်ပေလိမ့်မယ်။ ထို့အတူ ရာဂအမှုန်တွေ အထပ်လိုက် အလွှာလိုက် ဖြစ်လာခြင်းကြောင့် ပညာတည်းဟူသော ဝိဇ္ဇာအလင်းရောင်ကို ဆို့ပိတ်ထားသည့် အဝိဇ္ဇာ ဖြစ်ခဲ့ရတယ်။

ကဲ–ဒီတော့ 'စက္ခုရှုပေန သံဝါသာ'ဆိုလို့ မျက်စိမှုန်တဲ့သူများ၊ မျက်စိမမြင်တဲ့သူများ၊ ရူပါရုံကို သံဝါသမဖြစ်နိုင်လို့ ရာဂပုတ္တံဆိုတဲ့ ရာဂ မဖြစ်ကြတော့ဘူးတဲ့လား၊ မျက်စိမမြင်ပေမယ့် သောတ အကြည်ဓာတ်က ရှိနေသေးတယ်လေ၊ သူက သဒ္ဒါရုံဆိုတဲ့ အသံနဲ့ အနုနပြော သလို ပေါင်းဖော်မိလျှင် ရာဂပုတ္တံဆိုတဲ့ 'ကောင်ကလေး' ရောက်လာပြန်တာပါပဲ။ သူကလည်း ဆိုးတာပါပဲ၊ တစ်ခါက စောင်းသမားရဲ့လက်သံ သဒ္ဒါရုံကိုတပ်မက်လွန်းလို့ ဘုံခုနစ်ဆင့်ပေါ်က အမျိုးသမီးတစ်ယောက် ရိုးရိုးတန်းတန်း ဆင်းလာလျှင် ကြာမှာစိုးလို့တဲ့ ပြတင်းပေါက်က ခုန်ချလိုက်တာ သေပါလေရော။

ထိုနည်းလည်းကောင်းပဲ–ဃာန အကြည်ဓာတ်က အနံ့ဂန္ဓာရုံနှင့်သွားပေါင်းမိရင်၊ ဇိဝှါအကြည်ဓာတ်က ရသာရုံနှင့်၊ ကာယ အကြည်ဓာတ်က ဖောဋ္ဌဗ္ဗာရုံ၊ မနောဆိုတဲ့ စိတ်က အတွေးဆိုတဲ့ ဓမ္မာရုံ၊ ဒါတွေ ဒါတွေနဲ့ ပေါင်းဖော်ရင် ရာဂဖြစ်ကြတာပါပဲ။

"မျက်စိကြောင့် အဆိုးဘက်သို့ရောက်စေသလို အကောင်းဘက် သို့ရောက်စေတာများရှိပါသေးသလား"

ရှိပါသော်ကော၊ ရှေးက ပညာရှိသူတော်ကောင်းများ ဆုတောင်းတဲ့စကား အတိုချုပ်သုံးလုံးရှိပါတယ်။

အဲသည်သုံးလုံးက ဘာတွေလဲဆိုတော့ ပု၊ ဒိ၊ အာ တဲ့။ 'ပု' ဆိုတာက=ပုဗ္ဗေနိဝါသဉာဏ်။ 'ဒိ' ဆိုတာက=ဒိဗ္ဗစက္ခုဉာဏ်။ 'အာ' ဆိုတာက=အာသဝက္ခယဉာဏ်။



အဲသည်မှာ 'သုံးတန်ဘုံသား၊ အများသတ္တာ၊ ဝေနေယျတို့၏ တမ္ဘဂတိ၊ စုတိပဋိသန်၊ လားရန်ဌာနနှင့်တကွ၊ ဒူရ ပဋိစ္ဆန္န သဏှ သုခုမ ဖြစ်သော ရူပါရုံကို၊ အကုန်မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်'ဆိုတဲ့ စက္ခုမျိုး။

ပသာဒစက္ခု၊ ဉာဏစက္ခု၊ ဒိဗ္ဗစက္ခု၊ ဗုဒ္ဓစက္ခု၊ သမန္တစက္ခု တည်းဟူသော စက္ခုငါးမျိုး။

သစ္စာလေးပါးကိုမြင်တော်မူရာ၌ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ ဆိုတဲ့စက္ခုမျိုး။ ဤသို့ ဤသို့သောအဆိုးနှင့်အကောင်း၌ ရာဂသားဖွားစေသော ရာဂ စက္ခု အဝိဇ္ဇာအကန်းဘဝမှ အာလောကော အလင်းရောင်ရသော ဓမ္မစက္ခု ဖြစ်ပေါ်လာစေရန် ဆန္ဒပြုကြစေသတည်း။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကျောက်မျက်လုံး

ကျိုက်လတ်မြို့တွင် ကျွန်တော်တို့ ငယ်စဉ်က'တစ်ဖက်လပ် မြတ်ထွန်း' ဟု အခေါ်ခံရသူတစ်ယောက်ရှိသည်။ သူ့ခမျာ ညာဘက်မျက်လုံး တစ်ဖက်ပျက်စီးနေရှာသည်။ မျက်တွင်းဟောက်ပက်ဖြစ်နေသောကြောင့် အကြည့်ရဆိုးလှသည်။

ကျွန်တော်တို့ကလူပျိုပေါက် သူကလူပျိုကြီးအရွယ်ဖြစ်သည်။ ဂေါ်လီကျောက်ဒိုးပစ်ရာတွင် အလွန်လက်တည့်လှသည်။

"မြတ်ထွန်းတို့က လက်တည့်မှာပေါ့ကွ၊ မျက်စိတစ်ဖက်ကို မှိတ်ပြီး ချိန်ဖို့မှမလိုတော့ဘဲဟာ" ဟု သူ့ရွယ်တူများက နောက်ပြောင် ကျီစယ်ကြသည်။ ကျွန်တော်တို့သည် သေနတ်ပစ်သည့်အခါဖြစ်စေ၊ တစ်ခုခုကိုဖြောင့်ဖြောင့်တန်းတန်း မြင်အောင် ချိန်ကြည့်သည့်အခါ ဖြစ်စေ မျက်လုံးတစ်ဖက်ကို မှိတ်၍ တစ်ခုတည်းသော မျက်လုံးဖြင့်သာ ကြည့်ရှုချိန်ဆရသည်မဟုတ်လား၊ ဒါကို ကိုမြတ်ထွန်းက အကိုးအကား လုပ်၍ပြောတတ်သည်မှာ-

"ငါကမင်းတို့ထက်ဘယ်နေရာမှာမဆို အမြင်ဖြောင့်မှန်တယ်ကွ" ဟုသတည်း။

ကျွန်တော်တို့က ကိုမြတ်ထွန်းစကားကို ဟုတ်လိမ့်နိုးနိုး ထင်မိသည်ကို အတန်းပိုင်ဆရာက ကျွန်တော်တို့အား ရှင်းပြဖူးသည်။

"မျက်စိဆိုတာ ရှေ့အစွန်း နောက်အစွန်း ဝဲဘက် ယာဘက် ဒေါင့်အစွန်းနှစ်ခုကို မြင်နိုင်ဖို့ ကြည့်နိုင်ဖို့ နှစ်လုံးနှစ်ဖက် ဖန်တီးပေးထားတာ၊ တစ်လုံးတည်းနဲ့ မကြည့်ရဘူး၊ အဲသလိုကြည့်တဲ့ လူမျိုးကို 'တစ်ယူသန်' 'တစ်ဖက်မြင်အစွန်းရောက်သမား'လို့ခေါ်တယ်၊ တစ်လုံးတည်းသာ လိုမှဖြင့်ကွာ၊ နဖူးတည့်တည့်မှာ မျက်လုံးတစ်လုံးတည်းသာ တတ်ပေးလိုက်ရင် ပြီးရောပေါ့မဟုတ်လား၊ နောက်တစ်ခါ နားနှစ်ဖက်



ဝါတာကိုလည်း ကြည့်ဦးကွ၊ ဒါကလဲ တစ်ဖက်တည်းသော စကားကိုသာ နားထောင်ဖို့ မဟုတ်ကြောင်း ထင်ရှားတဲ့အထောက်အပံ့ဖြစ်တယ်၊ သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်မျှ နားထောင်ရမယ့်သဘောဖြစ်တယ်ကွ"

ထိုအခါနေရာတကာကပ်သီးကပ်သတ်မေးတတ်သော မောင်ချစ်စိန်က-

"ပါးစပ်ကျတော့ တစ်ပေါက်တည်းပါလားဆရာ"ဟု ခုံတန်းတစ်နေရာက ထ၍ ပြောလိုက်သောကြောင့် အားလုံးဝါးခနဲ ရယ်လိုက်ကြသည်။ ဆရာကပါ ရောရယ်လိုက်ရာက-

"အေး-ပါးစပ်ကျတော့ တစ်ပေါက်တည်းကွ၊ မျက်စိက ရှေ့စွန်း နောက်စွန်းကြည့်၊ နားက သူ့ဘက်ကိုယ့်ဘက် နားထောင်ပြီးမှ ပါးစပ်က စကားနည်းနည်းပြောရအောင် တစ်ပေါက်တည်း လုပ်ပေးထားတာ၊ မင်းလို စကားများတဲ့ အကောင်မျိုးသတိထား"ဟု ပြောလိုက်သောကြောင့် ဝိုင်းရယ်ကြပြန်ရာ ချစ်စိန်ကပါ လိုက်ရယ်ရင်း-

"တစ်ပေါက်တည်းရှိလို့တော်တာပေါ့ဆရာရယ်၊ လူတစ်ကိုယ် ပါးစပ်နှစ်ပေါက်ဆိုရင်" သူ့စကားကို အဆုံးမသတ်ဘဲ ဗိုက်ကို နှိပ်၍ ရှုံ့မဲ့ပြလိုက်သောကြောင့် တစ်တန်းလုံးတဝါးဝါးဖြစ်ကုန်ကြရသည်။

ကိုမြတ်ထွန်း၏မိဘများသည်လယ်ပိုင်ရှေ့ာင်းပိုင် စားနိုင်သောက်နိုင်သူများဖြစ်ကြပါသည်။ ကျွန်တော်တို့ခေတ်က အင်္ဂလိပ် အစိုးရဆယ်တန်းအောင်ပြီးသူလည်း ဖြစ်သည်။ စက္ကူပသာအမှုလွဲလျှင် ရုပ်ရေရှုပကာယအရုပ်အမောင်း သင့်တင့်သူလည်းဖြစ်သည်။ သဘော သကာယလည်း ကောင်းသောကြောင့် ကျွန်တော်တို့အရွယ် [illegible] နှင့်ပါ ဝင်ဆံ့သူဖြစ်သည်။ တစ်ခါတလေ ကျွန်တော်တို့က ဝိုင်းသန်း၍ မေးကြသည်။

"ကိုမြတ်ထွန်းကြီး-ရည်းစားရှိဘူးလား"

"ကိုမြတ်ထွန်းကြီး-ဘယ်သူ့ပိုးနေလဲဗျ" စသည့် မေးခွန်းများ

www.burmeseclassic.com



မေးသောအခါ စပ်ဖြဲဖြဲလုပ်၍ ဖဲ့လည်ကြောင်ပတ် လုပ်နေသည်က များသည်။ ကျွန်တော်တို့၏မိဘများနှင့် သူ၏မိဘများသည် တစ်ရပ်တည်းနေ တစ်ရေတည်းသောက်ဖြစ်ခြင်းကြောင့် တစ်ဦး၏အတွင်းရေးများကို တစ်ဦးက သိနေကြပါသည်။ ကိုမြတ်ထွန်း အလွန်စွဲလမ်း ပိုးပန်းနေသော မိန်းကလေးမှာ ကျိုက်လတ်မြို့၏ မျက်နှာဖုံး ကွမ်းတောင်ကိုင် အပျိုစာရင်းဝင် မမြရင်ဆိုသူ မိန်းကလေးဖြစ်သည်။

ကျိုက်လတ်မြို့ဈေးကြီးအတွင်း ပိုးထည်ဆိုင်ရှင် ကိုဘလွန်း မမယ်ခတို့၏တစ်ဦးတည်းသောသမီးဖြစ်သည်။ ကိုမြတ်ထွန်းက မမြရင်အား ပိုးပန်းသည်ဆိုရာ၌စကားပြောခြင်း၊ စာပေးခြင်း စသည်တို့ကို ပြုလုပ်ဝံ့ရာသည်မဟုတ်၊ သူ့မိဘများကိုသာ ကြောင်းလမ်း၍ အတောင်းခိုင်းခြင်းဖြစ်ပေသည်။ ကိုမြတ်ထွန်းကိုယ်တိုင်က မမြရင်အား မပြောပြဝံ့ခြင်းမှာ မိမိ၏ပျက်စီးနေသော တစ်ဖက်လပ်မျက်စိကို အကြောင်းပြု၍ ခေါင်းခါလိုက်မှာ စိုးရိမ်ရာ၍ဖြစ်သည်၊ ကိုဘလွန်း မမယ်ခတို့က ကိုမြတ်ထွန်း၏မိဘများကိုစဉ်းစားပါရစေဦးဆို၍ မယုတ်မလွန် အဖြေပေးထားလိုက်သည်ဆို၏။

နွေဦးပေါက်ပြီဆိုလျှင် စပါးများသိမ်းပြီးစ ရောင်းပြီးစ အချိန်ဖြစ်၍ လယ်သမားလယ်ရှင်များလက်တွင်း ငွေရွှင်ကြစမြဲဖြစ်သည်။ ထိုအခါ အိမ်မကွာကြမ်းမကွာ ဒေသရပ်ရွာမကွာဘဲ အလှူများ ပြုလုပ်ကြသကဲ့သို့ မန္တလေး အညာဘုရားဖူး ထွက်သူတို့က ထွက်ကြသည်။

ကျွန်တော်၏ဖွားအေသည်သူ့မိဘဘိုးဘွားများ၏ ဇာတိ ဖြစ်သော စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်ရှိ မြောင်မြို့ကို အလွန်သံယောဇဉ်ကြီးရာသည်။ အနည်းဆုံးသုံးနှစ်တစ်ခေါက်မှမရောက်ရလျှင် ကျေနပ်သူ မဟုတ်။ ထိုနှစ်ကျွန်တော့် အမေ၊ အဒေါ်နှင့်ကျွန်တော် အပါအဝင် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးနှင့်မြောင်မြို့များတွင် သွားရောက်လည်ပတ်လှူဒါန်းနေခြင်းကြောင့် တစ်လကျော်မျှ အချိန် ကြာ



လွန်သွားခဲ့သည်။ ကျိုက်လတ်မြို့သို့ ပြန်ရောက်သောအခါ မျက်စိမျက်နှာ ပုံပန်းကျ၍လုပနေသော ကိုမြတ်ထွန်းကို တအံ့တသြ တွေ့လိုက်ရသည်။

"ဟာ–ကိုမြတ်ထွန်းကြီးဝမ်းသာလိုက်တာဗျာ၊ ခင်ဗျား မျက်လုံး ပြန်ကောင်းသွားပြီနော်" ဟု ဝမ်းသာအယ်လဲ သူ့လက်နှစ်ဖက်ကို ဆွဲကိုင်လှုပ်ယမ်း၍ပြောမိသည်။

"ပြန်ကောင်းသွားပြီတော့မဟုတ်ဘူးပေါ့ကွာ၊ ရန်ကုန်က မျက်စိ ဆရာဝန်ကြီး ဒီ–ဘရူးဝါး(ဂျာမန်လူမျိုး)က ကျောက်မျက်လုံး တပ်ပေးလိုက်တာကွ" ဟုပြောပါသည်။

ကျွန်တော်ကသူ့မျက်လုံးကိုရှုရှုးစမ်းစမ်းကြည့်ပြီး အံ့သြနေသည်။ အမှန်ကိုပြောရလျှင် ကျောက်မျက်လုံးဆိုသည်ကို ပထမဦးဆုံးမြင်တွေ့ဖူးခြင်းသာဖြစ်သည်။ ဒီတော့မှ ကျွန်တော်က သူ၏ညာဘက်မျက်လုံးကိုသတိထား၍ကြည့်မိသည်။ သူ့ငယ်အိမ်နှင့် မျက်ဖြူသားများက မွေးရာပါမျက်လုံးအစစ်များထက် ပိုမိုကြည်လင်တောက်ပနေကြသည်။

"အဲသည်ကျောက်မျက်လုံးထည့်ထားတော့ ခင်ဗျားမြင်ရောလား"

"ငါကတော့ ဘယ်မြင်ရပါမလဲကွ"

"ဒါဖြင့် ဘာလို့ ထည့်ထားတာလဲဗျာ"

"ဒီလိုလေကွာ၊ ကျောက်မျက်လုံးကိုတတ်ထားလို့ ငါကတော့ မမြင်ရဘူးပေါ့၊ အေး–ငါ့ကိုမြင်ရတဲ့လူတွေအတွက်တော့ ကြည့်ကောင်းရှုကောင်းအောင်ပေါ့"

"ဟာ–ဒါဖြင့် ခင်ဗျားဟာ အလိမ်အညာကြီးဟာပဲ"

ကိုမြတ်ထွန်းကမချိသွားဖြဲရယ်လိုက်ပြီး ကျွန်တော့်ခေါင်းကို ပုတ်လိုက်ပါသည်၊ များမကြာမီ သူပိုးပန်းခဲ့သော မမြရင်နှင့် အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပါ၍မင်္ဂလာဆောင်ခမ်းခမ်းနားနားကလေး လုပ်လိုက်ကြသေးသည်။ သူ့ဝမ်းသာပျော်ရွှင်နေသည်ကို ကျွန်တော်တွေ့ရသည်။ မျက်စိတစ်ဖက် လပ်လောက် အကြည့်ရမဆိုးသောကြောင့် မမြရင်တို့က လက်ခံလိုက်သည်ဟု ယူဆဖွယ်ရာရှိသည်။

ကျွန်တော် ဖျာပုံအစိုးရကျောင်းရောက်သွား၍ အင်္ဂလိပ် ပုံပြင်ကလေးတစ်ခုဖတ်ရသောအခါ ကိုမြတ်ထွန်းကို သွား၍ သတိရမိသည်။ ပုံပြင်၏အမည်မှာ 'မျက်မမြင်နှင့်ဖန်မီးအိမ်'ဟူ၍ဖြစ်သည်။ မျက်စိ မမြင်သော ဂျွန် အမည်ရှိလူကြီးသည်ညဘက်၌လမ်းထွက်သောအခါ လက်ကိုင်ဒုတ်အပြင်ဖန်မီးအိမ်ကလေးကိုပါဆွဲ၍ထွက်သောကြောင့် တစ်ခါတော့လူတစ်ဦးကမေးသည်ဆို၏။

“မစ္စတာဂျွန်–ခင်ဗျားကိုယ်တိုင် မမြင်ဘဲနှင့် ဤမီးအိမ်ကို ယူဆောင်ခြင်းဖြင့် ဘယ်ကဲ့သို့သောအကျိုးကျေးဇူးများရှိမည်နည်း”ဟု မေးလိုက်သောအခါ–

“ဤမီးအိမ်မှာ ကျွန်ုပ်မြင်ဖို့မဟုတ်ပါ၊ ဤမီးအိမ်ကြောင့် ကျွန်တော့်ကို မြင်၍ မြင်းစီးသမားများ၊ မြင်းလှည်းသမားများက ရှောင်ကွင်းသွားရန်သာဖြစ်သည်”ဟုမျက်မမြင်ကြီးက ပြန်လည်ဖြေကြားသည်ဟူ၏။ ထိုပုံပြင်ကို ဖတ်ရှု၍ ကိုမြတ်ထွန်းကို သတိရမိသောအချိန်၌ပင် တစ်နေ့သ၌ ကျိုက်လတ်မြို့မှာပင် ကိုမြတ်ထွန်း ကွယ်လွန်သွားရှာသည်။

“ကျောက်မျက်လုံးက ငါမြင်ဖို့မဟုတ်ပါဘူးကွာ၊ ငါ့ကိုမြင်ရတဲ့ လူတွေ အကြည့်ရမဆိုးအောင်လို့ပါ” ဟူသောစကားကိုလည်း ပြန်လည် ကြားယောင်မိပါသည်။ ရင်ထုမနာဖြစ်လိုက်ရပါသည်။

ကျွန်တော်အသက် ၆၀ နှစ်ကျော်၍ ၇၀ နီးလာသောအခါ ခေါင်းကဆံပင်များကွက်တိကွက်ကြားအဖြူအနက်များဖြင့် အကြည့်ရဆိုးလာသည်။



“ခင်ဗျားဆံပင်တွေ ဆိုးပေးပါဗျ၊ ကွက်တိကွက်ကြားနဲ့ ကြည့်မကောင်းပါဘူး” ဟု မန္တလေးလူထုဦးလုက အဖော်ညှိ၍ သိမ်းသွင်းသည်။ ကျွန်တော်ဆံပင်ညှပ်ခုံပေါ်တွင် ထိုင်၍ ကျွန်တော့်အား ဆံပင်ဆိုးနေသည်ကို မှန်ထဲမှာကြည့်နေမိသည်။ တကယ်တော့ ကျွန်တော့်ခေါင်းက ဆံပင်ဖြူကို ကျွန်တော်မြင်၍ ဆေးဆိုးနေခြင်းမဟုတ်ပါ။ သူများက မြင်ကောင်းအောင် (ဝါ)ဆံပင်မဖြူသေး ဟုထင်အောင် လိမ်ညာနေခြင်းသာ ဖြစ်သည်ဟု စဉ်းစားမိသည်။

ထိုမှ တစ်ဆက်တည်းစဉ်းစားလိုက်လျှင် မိမိတို့၏ ကိုယ်ကာယ ခန္ဓာအစဉ်ကို ပြုပြင်သုံးသပ်ဝတ်ဆင်နေကြသည်ကော–မိမိအတွက်ဟူသည်ထက် သူတစ်ပါး ကြည့်ကောင်းအောင် ကျောက်မျက်လုံး တပ်ပေးနေကြခြင်းသာဖြစ်သည်မဟုတ်လားကရို။

www.burmeseclassic.com

www.burmeseclassic.com

# စိတ်ချမ်းသာခြင်း

လွန်ခဲ့ပြီးသော ဖေဖော်ဝါရီလ ၉ ရက်နေ့က အလင်္ကာကျော်စွာ ရွှေမန်း တင်မောင်၏အိမ်တွင် စကားဝိုင်းကလေးတစ်ဝိုင်း ဖြစ်ခဲ့ကြသည်။

ရွှေမန်းကိုတင်မောင်၊ ဓမ္မကထိကဦးလှသိန်း၏ညီ မုံရွာမြို့ စာရေးဆရာ ကိုလေးခန့်၊ ဆန်းညွန့်ဦး ဦးလှခင်၊ ကျွန်တော်နှင့် ကျွန်တော့်ညီ အပါအဝင် လူငါးဦးမျှသာ ဖြစ်ပါသည်။

စကားဝိုင်းအစမှာ ဇာတ်သဘင်အကြောင်း၊ ဂီတအကြောင်း၊ ရုပ်ရှင်အကြောင်းမျှသာ ဖြစ်သော်လည်း ဝိပဿနာတရား အရသာ ဘက်သို့ စကားဦးလှည့်ခဲ့မိကြသည်။

ရွှေမန်းကိုတင်မောင်ကိုယ်တိုင်တရားဓမ္မနှင့်ပတ်သက်၍ ဗဟုသုတ များစွာ ရှိသည်။ ဗဟုသုတရှိသလောက် တရားစကား အပြောကောင်းသည်ကို သူ့ပရိသတ်မှန်သမျှ သိကြပေလိမ့်မည်။ ဇာတ်စင်ပေါ်တွင် ကပြ အသုံးတော်ခံရင်း ဇာတ်လမ်းဇာတ်ကွက် အလိုက်သား တတွတ်တွတ်နေအောင် ပြောတတ်သည်မဟုတ်၊ အိမ်မှာနေရင်း မိတ်ဆွေ အပေါင်းအသင်းများနှင့် တွေ့သည့်အခါတွင်လည်း အကြောင်းဆိုက်ရာတိုင်း ကရားရေသွန် အဆက်မပြတ် ပြောဟောနိုင်သည်၊ သူ့ကဘား စကားပြောဖို့ ဝါသနာပါသူတည်း၊ ကြားနာရသူများဘက်ကလည်း မပျင်းမရိ စိတ်ဝင်စားစရာ ဖြစ်ဘိသည်။

ထိုနေ့ကဆိုလျှင် သူ့ထံမှစကားတစ်ခွန်းရခဲ့သည်။ သူ့စကားမှာ စကားထူး စကားဆန်းဟု မဆိုသာပါ။ သို့သော် မဆန်းသော်လည်း



ထူးသည်ဟု ကျွန်တော်က ဆိုရပါမည်။ ထိုစကားကို ကျွန်တော်က ဖောက်သည်ချရမည်ဆိုလျှင်–

"တရားထိုင်ခြင်းရဲ့အကျိုးတရားတွေ ဆရာကပြောနေတော့ ကျွန်တော်နားထောင်နေရင်း စဉ်းစားမိတာကလေးတစ်ခု ပေါ်လာတယ်"

"ဆိုစမ်းပါဦး၊ ဘယ်လိုစဉ်းစားမိလို့လဲ"

"စဉ်းစားမိတာ အဆန်းတော့ မဟုတ်ပါဘူး၊ တရားထိုင်တယ်ဆိုတာ မိမိရဲ့စိတ်ကို သိမ်းဆည်းခြင်း၊ ချုပ်ထိန်းခြင်း၊ စောင့်ရှုကြည့်ခြင်း၊ ဒီသဘောတွေပဲ မဟုတ်လားဆရာ၊ ပါဠိတွေတော့ ရှိသပေါ့၊ ဒါပေမဲ့ ကျွန်တော်တို့ နားလည်လွယ်တဲ့ အရပ်စကားနဲ့ ပြောကြရမှ အားရလို့ ဒီအတိုင်းပဲပြောကြပါစို့"

"ဟာ–ဟုတ်တာပေါ့၊ တရားကိုသိခြင်းဆိုတဲ့နေရာမှာ မိမိ နားလည်သလို ဘဝင်ကျသွားတာကိုဆိုလိုတာပဲလို့ ကျွန်တော်တော့ သဘောပေါက်ထားတယ်။ ဘယ့်နှယ်လဲ ဦးလေးခန့်" ဟု ကျွန်တော်က ပြောသဖြင့်–

"ဟုတ်ပါတယ် ခင်ဗျာ၊ ဘုရားဟောတော်မူတဲ့ ဓမ္မကထာ ဆိုရင် ဘုရားကိုယ်တော်တိုင်ဟောတဲ့အခါ ဇာတ်တူတူ မတူတူ မိမိ၏ ဘာသာ အယူဝါဒစကားနဲ့နားလည်တယ်လို့တောင်ဆိုထားတာပဲ၊ ကဲ– ဆက်စမ်းပါဦး ဦးတင်မောင်"

"တရားထိုင်တဲ့အခါ စိတ်ချမ်းသာခြင်းရှိနေတယ် ဆိုတာလဲ ဆရာတို့ပြောနေကြတယ်နော်"

"ဟုတ်ကဲ့ ကျွန်တော်ပြောပါတယ်၊ စိတ်ကို ပိုင်နိုင်စွာ ရှိသလောက် ချမ်းသာကြရတာတော့ လက်တွေ့ပါပဲ"

"အဲသည်လို စိတ်ချမ်းသာတယ်ဆိုတဲ့စကားနဲ့ ပဋိပက္ခစကားကတော့ စိတ်မချမ်းသာခြင်း ဆိုတဲ့စကားပေါ့၊ ကျွန်တော်တို့တစ်တွေ ဒီစကားကို နည်းနည်းကလေး အဆင်မပြေတာနဲ့ တွေ့လိုက်တိုင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



ကြတယ်၊ ညည်းကြတယ်၊ ငိုခဲ့ကြတယ်၊ သောကဖြစ်ခဲ့ကြတယ်၊ ပူပန်ကြောင့်ကြ ဝမ်းနည်းခဲ့ကြရတယ်၊ တစ်ခါတစ်ရံများ ပေါက်ကွဲဒေါသဖြစ်ခဲ့ကြရတယ်။ တချို့တလေများ စိတ်မချမ်းသာလွန်းလို့ ကိုယ့်ဘဝကိုယ်စွန့်ပစ်လိုက်တဲ့ လူတွေတောင်ရှိနေကြတယ်၊ ဒါတွေဟာ စိတ်မချမ်းသာလို့ပဲ"

"ဟုတ်သပေါ့ဗျာ၊ အခိုက်အတန့်အားဖြင့် တွေ့ကြုံခံစားရတဲ့ လောကဓံကို ကြံ့ကြံ့ခိုင်ခိုင် နိုင်အောင် မတွန်းလှန်နိုင်တဲ့ စိတ်ကြောင့်လို့ ဆိုရမှာပေါ့"

"အဲဒါကို ကျွန်တော် စဉ်းစားမိတာပဲ"

"လုပ်စမ်းပါဦး၊ ဘယ်လို စဉ်းစားမိတာလဲ"

"ကျွန်တော် စဉ်းစားမိတာက လောကပေါဟာရအားဖြင့် ငွေကြေးများများ ရှိတဲ့လူကို ငွေချမ်းသာတယ်လို့ ခေါ်ကြတယ်၊ အဲသည်စကားနဲ့ တစ်စပ်တည်း တွေးကြည့်လိုက်တော့ စိတ်များများရှိတဲ့လူကို စိတ်ချမ်းသာတယ်လို့ ခေါ်ရလိမ့်မယ်၊ စိတ်များများမရှိတဲ့လူကို စိတ်မချမ်းသာဘူး စိတ်ဆင်းရဲတယ်၊ ဒီလိုပဲ ခေါ်ကြရလိမ့်မယ်"

"အံမယ်-ဒီစကား ဆန်းသဗျို့၊ ကဲ-ဆက်စမ်းပါဦး ခင်ဗျာ"

ဦးလေးခန့်က စိတ်ပါလာ၍ ရှေ့သို့ ကိုယ်ပါညွတ်လာပြီး မေးလိုက်သည်။ ကျွန်တော်ကတော့ သူ့ကိုကြည့်ရင်း သူ့စကားကို နက်နက်နဲနဲစဉ်းစားနေမိ၏။

"ကျွန်တော့်စကားက မဆန်းပါဘူး၊ ငွေကို များများ စုဆောင်းတဲ့လူဟာ ငွေချမ်းသာတဲ့လူ ဖြစ်မယ်။ ငွေများများရအောင် မစုဘဲ လက်လွှတ်စပယ် ပေါ့ပေါ့ရ ပေါ့ပေါ့သုံး လွယ်တိုင်း သုံးနေတဲ့လူဟာ ငွေမချမ်းသာနိုင်သလို ငွေဆင်းရဲရသလို၊ စိတ်ကိုလဲ ပေါက်လွှတ်ပဲစားသုံးဖြုန်းပစ်ရင် စိတ်မချမ်းသာဘူး စိတ်ဆင်းရဲတယ်ဆိုတဲ့အဖြစ်မျိုးရောက်လာနိုင်တယ်ဆိုတာ ကိုယ့်ဗမာစကားနဲ့ကိုယ် တွေးယူမိလို့ပြော



တာပါ၊ တရားထိုင်တယ်ဆိုတာ စင်စစ်တော့ စိတ်ကို ထိန်းသိမ်းခြင်း၊ ဆောက်တည်ခြင်း၊ ပွားများအောင် လေ့ကျင့်ခြင်း၊ မပျံ့လွင့်စေခြင်း ဆိုတဲ့ အကျိုးသဘောသက်ရောက်နိုင်တဲ့ ကိစ္စမဟုတ်လား"

"ဟာ ခင်ဗျားအတွေးကို ကျွန်တော် ကြိုက်လိုက်တာဗျာ၊ ကျွန်တော် သဘောပေါက်ပြီ ကိုတင်မောင်ရေ"ဟု ကျွန်တော်က အားပါးတရ သူ့ပေါင်ကို ပုတ်ရင်းပြောလိုက်မိသည်။ ဦးလေးခန့်နှင့် ကိုလှခင်တို့က လည်း ခေါင်းညိတ်နေကြသည်။ သို့သော် ကိုတင်မောင်က သူ့စကားကို ရပ်ဆိုင်း၍ မသွားအောင် ဆက်၍ပြောလိုက်ပြန်သည်။

"ငွေချမ်းသာတဲ့အကျိုး ကျွန်တော်တို့ လက်တွေ့ ဘယ်လိုသိကြရသလဲ၊ သုံးစရာ စွဲစရာ ရင်းနှီးစရာ အကျိုးရှိရာရှိကြောင်းမှန်သမျှအားပါးတရလုပ်နိုင်ကြတယ်၊ အကျိုးရှိရာမဟုတ်လို့ အကျိုးမဲ့အံ့သောသောအန္တရာယ်ကို ကာကွယ်လွှန်မြောက်နိုင်ဖို့ သုံးစရာစွဲစရာ ဆိုပြန်တော့လည်း အလွယ်တကူထုတ်သုံးနိုင်တယ်၊ ဒါဟာ အပျော်အပါး အစားအသောက်အနေအထိုင်မှာ မပျော့ရမ်းဘဲ ရောင့်ရဲစွာ ကျစ်လစ်ခြိုးခြံပြီးတော့ ပွားသထက်ပွား များသထက်များအောင် စုဆောင်း သိမ်းဆည်းခြင်းရဲ့အကျိုး၊ တစ်မျိုးပြောရရင် ငွေရှင်ကြေးရှင် ငွေချမ်းသာသူဖြစ်ရတဲ့အကျိုးပေါ့"

"ဟုတ်သဗျို့-ခင်ဗျားစကားကိုကြိုက်ပြီ၊ ရှေ့သာဆက်စမ်း"

"ရှေ့ဆက်ရမှာဖြင့် စိတ်ကျတော့လဲ ဒီအတိုင်းပါပဲ၊ ရူပါရုံကလေးနဲ့ တွေ့လိုက် မိမိမျက်စိကလေးနဲ့တွေ့ပြီး စိတ်တွေကို ဒလဟောသုံးပစ်လိုက်၊ သဒ္ဒါရုံနဲ့ တွေ့လိုက် မိမိနားနှစ်ဖက်နဲ့တွဲပြီး အရမ်းကာရော သုံးပစ်လိုက်၊ ဂန္ဓာရုံကလေးနဲ့ကြုံလိုက် မိမိ၏နှာခေါင်းနှစ်ပေါက်ရဲ့ အကူအညီယူပြီး စိတ်တွေကို ဖြုန်းတီးပစ်လိုက်၊ ရသာရုံတွေနဲ့တွေ့ဦးမလား၊ ကိုယ့်လျှာကလေး လက်နှစ်လုံးလောက်နဲ့ စိတ်တွေကို တစ်ပြုံကြီးထည့်ပြီး အရသာခံလိုက်၊ ဖောဋ္ဌဗ္ဗာရုံနဲ့တွေ့တော့ ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်လိုက်သဖြင့် ကျွန်တော်တို့ပါ ဝါးခနဲ ကျသွားကြရသည်။

"ဖောင်ဒွဗ္ဗာရုံနဲ့တွေ့တော့၊ ဆက်လေဗျာ ဆက်လေ"

"အားလုံးသိတော်မူကြတဲ့အတိုင်းပါပဲ ဟား ဟား ဟား"

"မသိဘူးဗျို့၊ ကျုပ်တို့ မသိဘူး၊ ခင်ဗျားစကား ခင်ဗျား ဆက်ပေး၊ ဘာရမလဲ"

"ကဲ–ဖောင်ဒွဗ္ဗာရုံနဲ့တွေ့တော့ ကိုယ်ကာယတစ်ခုလုံးနဲ့ စိတ်တွေကို အိတ်သွန်ဖာမှောက်သုံးပစ်လိုက်ကြတာပဲ မဟုတ်လားဆရာ၊ အဲဒါအာရုံငါးပါးနဲ့ တွေ့တုန်းကြုံတုန်းသုံးပစ်လိုက်ကြတာနော်၊ တစ်နေ့လဲ မဟုတ်၊ တစ်ရက်လဲ မဟုတ်၊ တစ်လလဲ မဟုတ်၊ တစ်နှစ်လဲမဟုတ်၊ ကိုယ့်နာမ်မှာ အသွင်းမရှိ အထုတ်ချည်းပဲ သုံးနေကြတာ၊ စာရင်းများမှာ အဝင်အထွက်ရှိသလို စိတ်မှာလဲ အဝင်နဲ့အထွက်မမျှတော့ တဖြည်းဖြည်း ဆင်းရဲမယ့် လမ်းစ ရောက်လာနိုင်ကြတာ ပြောပါတယ်"

"ကဲဗျာ အာရုံငါးပါးနဲ့မကြုံတော့ကော စိတ်ကိုမသုံးဘဲ ထားကြသလား"

သူ့စကားအပြတ်တွင် ကျွန်တော်ကဆောဒက တက်လိုက်ပါသည်။

"အဲ–ဆရာမေးမှပေါ်သဗျို့ ဟုတ်ပေသပေါ့၊ အာရုံငါးပါးနဲ့ မတွေ့ဘဲ ကိုယ့်ခြင်ထောင်ထဲ ကိုယ်အိပ်နေတော့ကော စိတ်အသုံး ရပ်သလား၊ မရပ်တဲ့အပြင် သာလို့ဆိုး ထိုးသာချလိုက်တော့ ဒကာမကြီးရေ ဆိုသလို ဓမ္မာရုံဆိုတဲ့အတွေးစိတ်အကြံစိတ်တွေက ဆွဲသွားလိုက်တာ ကိုယ့်မှာရှိစုမဲ့စု ကျန်နေတဲ့ စိတ်ကလေးဟာ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အဘိဇ္ဈာ၊ ဗျာပါဒဆိုတဲ့ အပေါင်းအသင်းတွေကြောင့် ကုန်းကောက်စရာ မရှိလောက်အောင် စိတ်တွေကုန်ပါလေရော၊ အဲသည်အခါလဲကျရော ငွေအသုံးများလို့ ငွေတွေကုန်သလို စိတ်တွေ အသုံးများ



လွန်းလို့ စိတ်တွေကုန်၊ ငွေဆင်းရဲသလို စိတ်ဆင်းရဲ၊ ငွေမချမ်းသာသလို စိတ်မချမ်းသာ၊ သံသရာတစ်လျှောက်လုံး လောဘရယ်၊ ဒေါသရယ်၊ မောဟရယ်၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဟဲ ဟဲ ဒါက ဆရာ့သီချင်းပဲ" အားလုံးဝိုင်း၍ရယ်ကြရပြန်ပါသည်။

"သာဓုဗျာ သာဓု သာဓု၊ ကိုတင်မောင့်စကားက မဆန်းဘူးဆိုပေမယ့် ကြားရဖန်များလို့သာ မဆန်းသလိုရှိပေမယ့် စိတ်ကူးနဲ့အကောင်အထည်ဖော်လိုက်တော့ ထူးကိုတကယ်ထူးနေတာပါပဲကလား၊ ကျွန်တော်တို့မှာ ပရိယတ္တိဆိုတဲ့စာတွေ ပါဠိတွေ ကျမ်းဂန်တွေက တတ်ကျွမ်းခဲ့တာမဟုတ်တော့ အဲသလို လက်တွေ့ကလေးတွေနဲ့မှပဲ ထင်းခနဲ ထင်းခနဲ ဖြစ်ရတာပါဗျာ၊ ခင်ဗျားစကား ကျွန်တော်ပီတိဖြစ်ရပါပေတယ်၊ ကျွန်တော်တို့ ဗမာစကားများ တရားနဲ့ယှဉ်တွေးရင် အနက်အဓိပ္ပာယ်လေးလေးပင်ပင်နိုင်တဲ့ ဝေါဟာရတွေပါကလားဗျာ၊ 'သဘောကျတယ်' ဆိုတဲ့ စကားမျိုး၊ 'သည်းခံလျှင် နိဗ္ဗာန်ရောက်' ဆိုတဲ့စကားမျိုး 'အောင့်နိုင်လျှင်အကျိုးရှိ'တဲ့၊ 'သတိသည်ပိုသည်မရှိ'တဲ့၊ 'စိတ်သာရှင်သော ဘုရားဟော'တဲ့၊ 'အလောသုံးဆယ် အလယ်သုံးဖော'တဲ့ 'ငါ့ကိုသေအောင်သတ်၊ ငါသေမှ နိဗ္ဗာန်ရမယ်'ဆိုတဲ့စကားမျိုး အများကြီးရှိပါသေးတယ်ဗျာ"

သူ့စကားအပြတ်တွင်ကျွန်တော်က ဖြတ်၍ပြောရသည်။ ဒါကို သူက ခေါင်းညိတ်၍ဆက်ပြောပြန်၏။

"အဲသည်တော့ ကျွန်တော်က ဆက်တွေးမိပြန်ပါတယ်။ ကျွန်တော်တို့တစ်တွေ စိတ်တွေကို အသုံးလွန်လွန်းအားကြီးတော့ တကယ့်အရေးအကြောင်း သုံးစရာတွေ့လာတော့ မသုံးနိုင်ကြတော့ဘူးပေါ့ ခင်ဗျာ၊ ဥပမာ လောကဓံ၏အနှိပ်အစက်၊ ဇရာရဲ့အနှိပ်အစက်၊ ဗျာဓိရဲ့နိုင်လိုမင်းထက်၊ မရဏရဲ့ အဆွဲအငင်ကျတော့ ကယ်ပါ ယူပါ ကသီလင်တ မရှုမလှနဲ့ ဆင်းရဲ ပင်ပန်းကြီးစွာ ခံကြရတော့မှာပေါ့။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုအရေးတစ်စုံကြုံလာရင် ခံနိုင်ဖို့ သုံးနိုင်ဖို့ စိတ်ကို နာမ်ဘဏ်တိုက်ထဲ စာရင်းသေ အတိုးများများ ရအောင် အပ်ကြရမယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါပြီ။ တရားထိုင်တယ် ဆိုတာ ကျွန်တော့်အတွေးအခေါ်နဲ့ ပြောရရင် စိတ်ကို မကျိုး မပဲ့ မပေါက် မကြား မပြန့်ပွား မလေလွင့်အောင် ချုပ်တည်း ဆည်းပူး စုဆောင်းခြင်းလို့ ကျွန်တော်လက်ခံပါတယ်"

"ကဲ–ဒါဖြင့် ခင်ဗျား ဘယ်နေ့ကစပြီး အပ်မလဲ"

"ဟဲ ဟဲ ဒါကတော့"

"ဘာလဲ ခင်ဗျားက ဖောင်ဒေးရှင်းရုံမှာ ခပ်များများသုံးဘို့ ကစ်ထားဦးမလို့လား"

"ဟား ဟား ကျွန်တော် လက်မဖွာတတ်ပါဘူး ဆရာရယ်၊ နေ့နည်းနည်း ညနည်းနည်း အပ်သွားပါ့မယ်၊ သကြံန်ရက် ငါးရက်မှာတော့ ငါးရက်စလုံး ဘဏ်တိုက်မှာကို သွားအပ်ပါ့မယ်"

"သာဓုဗျာ သာဓု"

ဤသို့ဖြင့် မဆန်းသော်လည်း ထူးနေသော ကိုတင်မောင်၏ 'စိတ်ချမ်းသာခြင်း'စကားရပ်မှာ ငွေချမ်းသာလျှင် လောကီကိစ္စအဝဝ၌ ဘောဂသမ္ပတ္တိ ရှိနိုင်သကဲ့သို့ စိတ်ချမ်းသာလျှင်ကား လောကုတ္တရာကိစ္စ၌ မွေ့လျော်နိုင်ကြလိမ့်မည် ဖြစ်ပါသတည်း။

# အကြမ်းထဲက အနု

သတ္တဝါဟူသည် လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ နိုင်လိုမင်းထက် ရန်သတ္တရ ပြကြသည့်အခါတွင် ရက်စက်သော ဒေါသမာန်နှင့် သတ်ပုတ်ယှဉ်ပြိုင်တတ်ကြသည်။

ဝမ်းပန်းတသာ စိတ်လက်ပျော်ရွှင်လာသောအခါများတွင်လည်း တစ်ဦးနှင့်တစ်ဦး ရွှင်မြူးကျီစယ်နှင့် သတ်ပုတ်တတ်ကြပြန်လေသည်။

ကမ္ဘာလူသားတွေ ဘယ်ခေတ်ကစ၍ လက်ဝှေ့ထိုးသတ်ခဲ့ကြသည်ဟု တိတိကျကျမသိရသော်လည်း ကမ္ဘာဦးလောက်ကတည်းကပင် ဖြစ်မည်ထင်သည်။

လက်ဝှေ့ထိုးခြင်း၊ နပန်းသတ်ခြင်း၊ လက်ခမောင်းခတ်ခြင်းတို့သည် ဘုရားဟော ဇာတ်နိပါတ်များ၌ လက်ပန်းပေါင်းခတ်သည်ဟူသော အဆိုအမိန့်ဖြင့် ဒွန်တွဲပါရှိခြင်းကြောင့် စပ်ဟပ်တွေးမြော်၍ကြည့်ရသည်။

ကမ္ဘာ့ရာဇဝင် အသီးသီး၌ မင်းပွဲစိုးပွဲ ပွဲကြီးလမ်းကြီးများနှင့်ကြီးကျယ်ပြည့်စုံမှုအင်္ဂါတစ်ရပ်မှာ ဂျွမ်းပွဲ၊ နပန်းပွဲ၊ လက်ဝှေ့ပွဲ၊ ကြိုးတန်းလျှောက်ပွဲ၊ မျက်လှည့်ပွဲတို့ဖြစ်ပေသည်။ ထိုခေတ်ထိုအခါက သူတို့သူတို့၏ဂုဏ်သတင်းထင်ရှားမှု၊ အရေးပါအရာရောက်မှုများမှာ တိုင်းပြည်၏ မျက်ရှုများဖြစ်လိမ့်မည်ထင်သည်။

ခါးတောင်းကို မြှောင်အောင်ကြိုက်၍ ဘယ်လက်မောင်းထောင့်ကွေးပေါ်သို့ ညာဘက်လက်ခုံနှင့် ဖြောင်းခနဲနေအောင် ရိုက်လိုက်သောအသံ၊ ဟန်၊ မာန်၊ အမူအရာတို့မှာ တကယ့်တို [illegible]တို့၏သတ္တိပြလိုက်ရာရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါပဲဟေ့"ဟု ကြုံးဝါးသော အစိပ္ပာယ်သက်ရောက်သည်၊ ကိုယ်ရည်သွေးရာပြသည်၊ ယောကျ်ားတို့၏ ကာယဗလ မပြည့်ဝသူသည် လက်ခမောင်းခတ်၍ ဖြောင်းခနဲ အသံဟိန်း၍ ထွက်ပေါ်မလာ၊ လက်မောင်းပေါ် လက်ဝါးရိုက်၍ ဖျတ်ခနဲ ဖျတ်ခနဲသာ အသံမြည်လာလိမ့်မည်။

ထို့ကြောင့် အင်အားရဲမာန်ကိုယ်ကာယဗလတောင့်တင်းခြင်းနှင့်ပြည့်စုံမှသာ ဖြောင်းခနဲနေအောင် လက်ခမောင်းခတ်လိုက်နိုင်၍ ၎င်းအသံနှင့် မရှေးမနှောင်း ပါးစပ်မှလည်း–

"ကျားဆိုမှကျား၊ မတစ်ထောင်တစ်ကောင်ဘွား၊ ကျားဆိုမှကျားဟေ့နော်" ဟု ဥဒါန်းကျူးရင့်ကြကုန်သည်။

ကျွန်တော့်အဖို့ လက်ဝှေ့ပွဲကို ဝါသနာပါလွန်းသည် မဟုတ်ပါ။ လက်ဝှေ့သမားများ စိတ်ကြမ်း ကိုယ်ကြမ်း လက်သီးချင်းပြိုင်၍ အနိုင်ထိုးသတ်နေကြခြင်းကို ရက်စက်ရာ ကြမ်းကြုတ်ရာ မြင်ကွင်းတစ်ခုအနေနှင့် သာမန်ကာ လျှံကာ လျစ်လျူပြုမိသည်။

ဥပမာ–ကြက်နှစ်ကောင်ခွပ်နေသလို သဘောမျိုးပိုက်ခဲ့မိ၏။

ပြီးခဲ့သည့် လွတ်လပ်ရေးပွဲအတွင်း လက်ဝှေ့တာဝန်ခံ ကျားဘညိမ်းက အခါခါ ဖိတ်ခေါ်သဖြင့် တစ်နေ့သောညအချိန်က ရောက်သွားခဲ့ရသည်သာမက ရှေ့ဆုံးကြိုးဝိုင်းနားက ကပ်၍ကြည့်ရသည်မှာလည်း ပထမအကြိမ်ဖြစ်သည်။

ထိုသို့ဂရုတစိုက် စေ့ငသေချာလေ့လာပြီးကြည့်တော့မှ မြန်မာ့လက်ဝှေ့ပညာသည် တစ်နည်းတဖုံအားဖြင့် ယဉ်ကျေးမှု၊ ကြင်နာမှု၊ စည်းကမ်းသေဝပ်မှုတို့ဖြင့် ပေါင်းစည်းဒွန်တွဲနေကြကြောင်း ရိပ်မိခဲ့ရသည်။

ခေါင်းကွဲ၊ မျက်နှာစုတ်၊ သွေးထွက်၊ မေ့လဲ၊ နံရိုးကျိုးဆိုသည့် အနာတရတွေ ဖြစ်သည်အထိ စိတ်ကြမ်းလူကြမ်း သတ်ပုတ်နေကြသည့်



အထဲက ယဉ်ကျေးမှု၊ ကြင်နာမှုဆိုတာတွေ ဘယ်လို ဘယ်ပုံ ဖြစ်ခဲ့ရပါသလဲ၊ ကျွန်တော်ရှင်းပြချင်ပါသည်။

လက်ဝှေ့သမားများသည် ထိုးသတ်ရာ ကြိုးဝိုင်းအလယ်မရောက်မချင်း တစ်ယောက်နှင့်တစ်ယောက် ခေါ်ခေါ်ပြောပြော ဖက်လှဲတကင်း ရင်းနှီးနောက်ပြောင်နေကြသည်ကို တွေ့ရသည်။

စင်ပေါ်ရောက်ပြီ ဆိုစေကာမူ ရောက်လျှင်ရောက်ချင်း မာန်ဝင့်တကြွား ငါတကားဟု လက်ခမောင်းခတ်သေးသည် မဟုတ်ပါ။ သူဝတ်ထားသော ဘောင်းဘီတိုကလေးပေါ်တွင် ခါးပုံအဖြစ် လုံချည်ကို သုံးထောင့်ချိုးပြီး ခါးဝယ် တင်းတင်းကျပ်ကျပ် ပတ်လိုက်သည်။ ပြီးတော့ ပထမဆုံး သူ၏ချစ်စရာ အပြုအမူကလေးမှာ ရွှေပွဲလာပရိသတ်ကို ဂုဏဝုဓိ ဝယဝုဓိ ရည်မှန်း၍ မြန်မာပီပီ ပုဆစ်ဒူးချ ကန်တော့လိုက်ပါသည်။ ထို့နောက် ဒိုင်လူကြီးများ၊ ထို့နောက် လေးလုံးသံ ဘယ်မြောက်၍ ခြောက်ပေါက်နှင့် လင်းကွင်းဆိုင်းတီးပေးနေသော ဆိုင်းဆရာအား ကန်တော့သည်။ ကိုယ်ခံပဲ ပြောပြော ရတနာသုံးပါးနှင့် စပ်လျဉ်းသော ဂါထာမန္တရားများ ရွတ်ဖတ်နေပါသေးသည်။

ပွဲခေါ်ကတည်းက "ဘယ်သူနဲ့ဘယ်သူ ထိုးသတ်ကြပါလိမ့်မယ်၊ ကဲ–စင်ပေါ်တက်ခဲ့ကြပါ" ဟု ကြေညာသူက ကြေညာခေါ်ယူသဖြင့် စင်ပေါ်သို့နှစ်ယောက်သား လွှားခနဲလွှားခနဲ တက်ရောက်လာကြစေကာမူ ဒိုင်လူကြီးနှစ်ဦးက သူတို့နှစ်ဦးကြား လက်ချင်းယှက်၍ ထားထားရာက တစ်ယောက်သောသူကို "မင်း သူနဲ့သတ်မယ်နော်"ဟု မေး၍ကျေကျေနပ်နပ် ခေါင်းညိတ်ပြသည်ကို မြင်ပြီးမှ နောက်တစ်ဦးကိုလည်း ထိုနည်းမေးမြန်း၍ တစ်ယောက်ကလည်း "သတ်ပါမယ်"ဟု နှုတ်က ဖြစ်စေ၊ ခေါင်းက ဖြစ်စေ သဘောတူ အထိမ်းအမှတ်ကို မြင်ရကြားရမှ ဒိုင်လူကြီးက လက်ကိုဖြုတ်ပေးပြီး ဘေးက ခပ်ခွာခွာ ကြည့်နေလိုက်ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ–ဤအချိန် ဝုန်းခနဲ တစ်ယောက်ကိုတစ်ယောက်က ထိုးလိုက်ကြသေးသလား၊ မဟုတ်ပါ၊ သတိပေးသောသဘော အသင့်ပြင်လိုက်သောသဘောမျိုး တစ်ယောက်ကစတင်လိုက်သည်။ ထိုအပြုအမူမှာ ဖြောင်းခနဲနေအောင် လက်တစ်လှမ်းကွာက လက်ခမောင်းခတ်ပြလိုက်ခြင်းပင်ဖြစ်သည်။

'ငါတော့ အဆင်သင့်ပဲဟေ့၊ မင်းကော' ဟု ကြေညာလိုက်သကဲ့သို့ နောက်တစ်ဦးက အလားတူလက်ခမောင်းပြန်၍ မခတ်မချင်းစောင့်နေသည်။

သို့သော် မကြာလှပါချေ၊ တွေ့ချင်၍တွေ့ကြရာ မည်သူကဖင့်နွဲ့နေပါမည်နည်း၊ တစ်ယောက်ကလည်း လက်ခမောင်းအိုးကြီးပေါ်လက်ဝါးတင်၍ရိုက်ပြီး "ကြိုက်တဲ့ဘက်ကတက်ဟေ့၊ ငါလဲ အဆင်သင့်ပဲကွ"

ဤသို့ဖြင့် လက်ဝှေ့ပွဲ စ ပါတော့သည်။

ယင်းလက်ဝှေ့ပညာနှင့်ပတ်သက်၍ ကျွန်တော်က ရေးသားဝေဖန်ဖော်ပြနိုင်စွမ်းမရှိပါ။ အကြမ်းအားဖြင့် ခေါင်း၊ လက်သီး၊ လက်ဝါး၊ တံတောင်၊ ဒူး၊ ခြေဖျား ကျွမ်းကျင်သလို သုံးသွားခြင်းသာ တွေ့ရပါသည်။

ကျွန်တော့်အတွက် ထိုးကွက်သတ်ကွက်ထက် လက်ဝှေ့ကျော်တို့ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ပြီး အရိပ်အကဲကြည့်နေကြပုံကို အာရုံပြုမိသည်၊ ကြည့်၍ကောင်းလှသည်။

အလစ်မပေးဘဲ ချောင်းနေကြပုံမှာ တကယ့်တောတွင်းက ကျားမင်းကြီးတွေလို မှတ်ရသည်၊ မျက်လုံးမှာ နက်မှောင်သော မျက်မှောင်ရိပ်အတွင်းက မျက်တောင်မခတ် တဖျတ်ဖျတ် အရောင် တောက်နေကြသည်။

အမောစေ့အောင် သက်လုံရှူရှိုက်နေကြသည့် ရင်အုပ်ကျယ်



ကြီးတွေမှာ ပြင်းပြင်းထန်ထန် နိမ့်တုံမြင့်တုံ ရှိနေကြသည်။ ချွေးစို့နေကြသောကြောင့် ရင်အုပ်ရင်သားကြီးများမှာ မောင်မြန်မာတွေ တမင်ဆီသုတ်၍ထားသည်ထက် မီးအရောင်နှင့်ပနံဟပ်၍နေကြသည်။ မို့မောက် နက်ရှိုင်းသော မီးရောင်က အလင်းအမှောင် ခွဲခြားထားသဖြင့် ကြွကြွရွရွ လှလှပပ မြင်ရသည်။

ဒါသာဖြစ်သည်၊ အငြိမ်နေကြသလား၊ မဟုတ်ပါ။

ပခုံးတဆတ်ဆတ်၊ လက်မောင်းကြွက်သားတွေတဖျတ်ဖျတ်၊ ဒူးတခတ်ခတ်၊ ခြေသိုင်းကွက်တပြောင်းပြောင်း၊ သားကောင်ကို ချောင်းနေသည်နှင့်တူလှသည်။

သူတို့ကို ကြည့်ရင်း မဆီမဆိုင် သတိတစ်ခု သွားရမိသည်။ ရှေးရှေးက ဇာတ်ပွဲများတွင် ပွဲဦးထွက် နတ်ကတော် အပျိုတော်ကြီးများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းမှန်သမျှ ဆိုင်းချက်ကျအောင် တစ်ခုချင်း တစ်ခုချင်း ဆတ်ဆတ်ခါအောင် လှုပ်ရှားကပြကြသည်။ ဦးစိန်ကတုံး ဇာတ်ထဲက လူရွှင်တော်ဦးရွှေအကြီး ဇနီး အမေမှုံဆိုလျှင် မျက်လုံးကလေး၊ မျက်ခုံးကလေးကအစ ပါးတစ်ဖက်တစ်ချက် (စုံလိုက်မဟုတ်)၊ လက်မောင်းအိုးတစ်ဖက်တစ်ချက်၊ ထို့နောက် ခါး၊ တင်၊ သို့ကလို အဆစ်အပိုင်းနှင့်လှုပ်ပြသည်ကို မြင်ရဖူးသည်။ မင်းသားထဲကဆိုလျှင် ဥဒေသျှက ကုလားမင်းသားလို လှုပ်ပြသည်၊ ယခုမြန်မာဇာတ်ပွဲထဲ၌ သို့ကလိုလှုပ်ပြတာမျိုး မမြင်ရတော့။

လက်ဝှေ့ကျော်တို့ကို ကြည့်ရင်း မဆီမဆိုင်သွား၍ တွေးမိပြီးဒါလည်း အလွန်ခက်ခဲသော အလေ့အကျင့်တစ်ခုပါပေဟု ဆုံးဖြတ်မိသည်။

လူ့သဘာဝ၌ ဝမ်းသာလွန်း၍လှုပ်ရှားခြင်း၊ ဒေါသဖြစ်လွန်း၍ လှုပ်ရှားခြင်းဟူ၍ ရှိသည်။ အကပညာသည် ဝမ်းသာအူမြူးလွန်း၍ ခုန်ကြ ပေါက်ကြရာက တစ်ဆင့်တစ်ဆင့် တက်လာပြီး အကွေး

www.burmeseclassic.com

www.burmeseclassic.com



အကောက် အတွန့်အလိမ် စည်းဖနောင့်၊ ဖြောက်ဖဝါးအထိ အကပညာဟု သမုတ်လာကြရသည်၊ အဆိုပညာလည်းထို့အတူပင်ဖြစ်၏။ မူလက လည်း ဝမ်းသာလွန်း၍သော်လည်းကောင်း၊ ရန်ဖက်လို၍ သော်လည်းကောင်း ဟစ်အော်ကြုံးဝါးရာက သီချင်းဟူ၍ သတ်မှတ်လာကြရသည်။

ယခုလက်ဇော့ကျော်များ၏ လှုပ်ရှားမှုသည် ကမ္ဘာဦးက နိယာမအတိုင်းပင်ဖြစ်ချိမ့်မည်။ ဇာတ်ပွဲထဲ အပျိုတော်ကြီးတွေ လှုပ်စဉ်က သူ့စည်း၊ သူ့ဝါး၊ သူ့စိတ်၊ သူ့မာန်၊ သူ့သဏ္ဌာန်နှင့်သူ။

ခုနစ်သံချီဆိုင်းသံတွင် အမြူးအပျော်ကလေးတွေ ဝင်ရလင့်ကစား ယခုလို ကျားမင်းနှစ်ဆူရန်မူနေကြတော့သည့် မြင်ကွင်းက လှုပ်ရှား ပြနေကြခြင်းတို့မှာ ကြည့်ရသူများ ကြက်သီးထစရာ ကောင်းလှပေသည်၊ ကျားစိတ်ကျားမာန်ဆိုသည်မှာ ဒါမျိုးပင်ခေါ်ရလေမလား။

သို့နှင့် ထိုးကြပြီ သတ်ကြပြီဆိုပါတော့၊ ကျွန်တော်၏ အသေးစိတ် အမြင်သာ ရေးရလျှင် "ပိုင်ပီဟေ့" ဟု တစ်ယောက်က အထိုး၊ "မင်း လောက်တော့ကွာ" ဟု တစ်ယောက်က အရှောင်တွင် ထိလိုက်မိသည်ဖြစ်စေ၊ ကျွန်တစ်ဦးကခြေလှမ်းမှား၍ ဒယိမ်းဒယိုင်ဖြစ်သွားသည်ဖြစ်စေ ထိုအခါမျိုးမှာတော့ နိုင်ကြက်နှင့်တူသည်။ ထိုးလိုက်သူ၏ မျက်စိမျက်နှာတွင် ရက်စက်ကြမ်းကြုတ်မှုမျိုး တဒင်္ဂအတွင်း ပျောက်ကွယ်၍သွားတော့သည်မှာ "စိတ်တစ်ခဏ" ကို စေ့ငသူများ ထင်ထင်ရှားရှားမြင်လိုက်ရမည်ထင်ပါသည်။

ကြင်နာမှု၊ စိတ်မပါမှု၊ အငြိုးကင်းမှုဆိုသော ကရုဏာစိတ်သည် 'ဒိတ်'ဆိုသော အသံကြားသလောက် အကြာကလေးအတွင်း ဝင်လိုက်သည်မှာ ရိပ်မိနိုင်လောက်ပါသည်။

သူ့ခမျာများမှာ တစ်ဦးနှင့်တစ်ဦး အာဃာတနှင့် သတ်နေကြရသော ငြိုးသူရန်ဘက်များ၊ ရက်စက်သူများ မဟုတ်ကြပါပေ။

ပြီးတော့ ကြည့်ပါဦး၊ တစ်ဦး၏လက်ချက်ကြောင့်တစ်ဦးက



ဒယိမ်းဒယိုင်ဖြစ်သွားသည်ဖြစ်စေ၊ ဖင်ထိုင်လျက် လဲကျသွားသည် ဖြစ်စေ ကျွန်တစ်ဦးကစိုက်လိုက်မတ်တတ် အတင်းထိုးသတ်ခြင်းမပြုတော့၊ တစ်ဖက်လူအရိပ်အခြေကြည့်ရင်း လက်ခမောင်း တခတ်ခတ်နှင့်သာ စောင့်နေလေသည်။ ဘယ်အချိန်အခါထိအောင် စောင့်နေပါသနည်း ဆိုလျှင် ၎င်းလူပုဆိုးပြင် ဘောင်းဘီပြင် ချေးသုတ် တံတွေးထွေး စသည့် အမှုမျိုးပြုပြီး လက်ခမောင်း ပြန်ခတ်မပြမချင်း(ဝါ) 'ကဲ–ငါအဆင်သင့်ရှိပါပီကွာ' ဟု ပြောသည့်သဘော မသက်ရောက်မချင်း စောင့်နေသည်မှာ နိုင်လိုမင်းထက် စိတ်ကင်းကြောင်းသိသာလှပေသည်၊ ဤသည်ပင် မဟာယဉ်ကျေးမှုကြီးတစ်ရပ်မဟုတ်ပါလော။

ထိုနောက် တစ်ချီတစ်ပွဲပြု၍ ရပ်နားလိုက်ကြစို့ဟုစီစဉ်သူက အမိန့်ပေးလိုက်လျှင် ချက်ခြင်းပင် တစ်ယောက်ကိုတစ်ယောက် ကြင်နာစွာ ပွေ့ဖက်၍ "သူငယ်ချင်း၊ ငါ့စိတ်မဆိုးနဲ့ကွာနော်" ဟု ပြောလိုက်သံမှာ အနားကပ်နေသော ကျွန်တော့်အဖို့ အတိုင်းသားကြားလိုက်ရပါသည်။ စင်ပေါ်ကဆင်းပြီးလျှင် စင်အောက်မြေကြီးပေါ်တွင် တည်ထားသော မြေသောက်ရေအိုးကလေးထဲက ရေကိုသံလက်ကိုင်ခွက်ကလေးနှင့် ခပ်၍ နာသူကို အရင် ပေးသောက်စေသည်မှာလည်း ရင်ထုမနာဖြစ်စရာကောင်းလှသည်။

ဩော်–သူ့ခမျာများ စားဝတ်နေရေး သတ်သက်ကြောင့် သော်လည်းကောင်း၊ ကျော်ကြားမှုကလေးတွဲဖက်၍သော်လည်းကောင်း ဇို လောဘလေးတစ်ခုကြောင့် မရှိသော ဒေါသကိုအတင်းအသွင်းပြီး စိတ် အဆိုးခိုင်းနေရရှာသူများပေတကား။

နောက်တစ်ခု ချစ်စရာကလေးကို ပြောရဦးမည်၊ ဒိုင်လူပြိုင်တော့ အနိုင်အရှုံးဆုံးဖြတ်လိုက်ပြီဆိုပါတော့(ကျွန်တော်ကြည့်ခဲ့ရသော ငွေဆို ခါင်း ဆယ်ပွဲဆယ့်ငါးပွဲလုံးလုံး) ဒိုင်လူကြီး၏အဆုံးအဖြတ်ကို ကျိုးနွံ ကျေနပ် လက်ခံလိုက်ကြသည်ချည်းပင်။ သရေပွဲပင်ဖြစ်သည် ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



ဆေးဒကတက်ခြင်း၊ မကျေနပ်ခြင်း၊ ခွန်းတုံ့ပြန်လှန်ခြင်း၊ ကာယကံ ဝစီကံလုံးဝမရှိ၊ တစ်ဦး ရသည်ကို တစ်ဦး ကျေနပ်ပုံ ပေါ်ကြသည်။

ဤနေရာများတွင် ခေတ်မီသောသမားများပင် အတုယူစရာ ကောင်းလေမလားဟု တွေးမိပါသည်။

မြန်မာ့လက်ဝှေ့ကိုကမ္ဘာ့လက်ဝှေ့သမားတွေကြည့်ရလျှင် ရက်စက်လွန်းသည်၊ ရယ်စရာကောင်းသည်၊ အခြေအမြစ်ကလည်း မရှိဟု နှာခေါင်းရှုံ့ချင်ရှုံ့ကြမလားမသိ။ ယဉ်ကျေးကြင်နာမှုနှင့်ကား ကျွန်တော့်အနေနှင့်ပြန်လှန်ချေပလိုက်ချင်သည်။

တခြားဟာကိုထားပါတော့၊ ကိုယ့်မျက်ခွက်ကို ခွပ်ခနဲနေအောင် ခွပ်ထိုးခြင်းခံလိုက်ရစေကာမူ ထောင်းခနဲ ဒေါသထွက်မလာတတ်ကြသောအလေ့အကျင့် စိတ်နေသဘောထားနှင့်ပတ်သက်၍ လက်ဝှေ့သမားတိုင်း ရှိကြသည့်အနက်(ပညာနှင့် ပတ်သက်သည် ပြောပြော) ထိုနေ့က စိန်လုံနှင့်တိုးလုံ ပထမတန်းအောင်လံလုပွဲတွင် တိုးလုံကြီး၏ ချစ်စရာမျက်နှာကြီးကို ယနေ့အထိ ကျွန်တော့်မျက်စိထဲက မထွက်သေးပါဟု ဆိုရပါမည်။

စိန်လုံက တိုးလုံ၏မျက်နှာကြီးကို ခွပ်ခနဲထိုးလိုက်၏။ တိုးလုံကား မိုးတုန်တဲ့ တိုးလုံကြီးဟူ၍ အပွဲပွဲနွှဲပြီး အကြိမ်ကြိမ် ဆုတွေဘွဲ့တွေ ရလာခဲ့သည့် ပထမတန်းစားကြီးဖြစ်စေကာမူ စိန်လုံထက် အသက်အများကြီး ကြီးနေသည်။ တကယ်ဆိုတော့ စိတ်လုံက သူ့ကို မထိုးသတ်သေးခင်ကတည်းက ဇရာက တိုးလုံကို ပူးသတ်နေသည့်ဒဏ်မှာ အကြိတ် အနယ် ခံနေရရှာပြီး တကယ်သစ်စ စိန်လုံက တိုးလုံကို ထိုးလိုက်သောအခါ ခွပ်ခနဲကွဲ၍ ဖင်ထိုင်လျက် လဲကျသွားသည်။ ချက်ခြင်း တိုးလုံက မုန်တိုးရှူးထောက်ပြင်ထိုင်လိုက်ကာ ဘိန်းဘောင်းဆိုင်းနှင့် လိုက်အောင်မျက်နှာကြီးပြုံး၍ ခေါင်းတလှုပ်လှုပ် ပခုံးတတွန့်တွန့် လက်ကပါခေ့ဝိုက်ပြီး ကပြနေလိုက်သေးသည်မှာ ထိတ်ခနဲဖြစ်သွားရသော



ပွဲကြည့်ပရိသတ်အတွက် အကြောက်ဖြေဆေးကလေးတစ်ခွက် သောက်လိုက်ရသလိုရှိပေသည်။

သူ့အမူအရာကား–

'တိုးလုံတို့က ဒါလောက်တော့ခပ်ပျော့ပါမောင်ရာ'ဟု ပြောနေသလိုပင်။ ဤနေရာတွင် တခြားသူကိုထား၍ ကျွန်တော့်ကိုယ်ကျွန်တော် တင်စားကြည့်မိသည်။ "ငါဆိုရင် ရှက်ရမ်းရမ်းမိမယ်၊ သူ့ကိုမကျေနိုင်အောင် ဒေါသထွက်မိမယ်၊ ငါ့ဂုဏ်သိက္ခာ ငါ့အဆင့်အတန်းကျရလေခြင်းဟု ယူကျုံးမရဖြစ်ချင်လဲ ဖြစ်လိမ့်မယ်၊ သူငါ့ထက် တော့်သူ့ဝါကလား၊ လက်ဝှေ့သမားလူကြမ်းကြီးတွေဟု ငါထင်ခဲ့မိလေရာဝယ် တိုးလုံကြီးသည် ငါ့ထက် သူတစ်ပါးအဖို့သာမက သူ့အဖို့ပါသူ ယဉ်ကျေး သိမ်မွေ့နေပါကလား"ဟု တရားကျမိသည်၊ ဟုတ်ပါသည်။ ကိုယ့်ကိုစပ်စပ်ကလေး ထိလာသည့်အခါ ဟန်လုပ်သည်ပင်ဆိုစေ ခံနိုင်ရည်ရှိခြင်းသည် တော်ရုံတန်ရုံ ဥပေက္ခာစိတ် အဆောက်အဦမဟုတ်။

ထိုနေ့က လက်ဝှေ့သမားတိုင်းကို ကျွန်တော်ကြည့်မိသည်၊ အကဲခတ်မိသည်၊ ထိုလက်ဝှေ့သမားတိုင်း ကြမ်းကြုတ်ရက်စက်သောဟန်ပန်လေသံမျက်နှာနေမျက်နှာထား ကင်းသည်ကိုတွေ့ရသည်၊ ရိုးသားသည်၊ ပွင့်လင်းသည်၊ ဖော်ရွေသည်၊ သိမ်မွေ့သည်၊ အရိုအသေ ရှိကြသည်၊ နှိမ့်ချတတ်ကြသည်။

ထိုလူတွေ ထိုဆရာတွေကို တာဝန်ခံ ကျားဘည်စိမ်းတာ ဆော် လမြိုင်၊ သထုံ၊ မုဒုံ၊ ကျိုက်ထိုစသော နယ်အနံ့နံ့က တောတော်သင်း ကောက်သလို လိုက်ကောက်လာရကြောင်း သိရသည်။ လူတစ်ဦးနှစ်ဦး ရမည့်အရေး လယ်ဇာ လေးငါးရာကို ကုန်းကြောင်းသွား၍ ခေါ်ရ ကြောင်း ပြောပြသည်၊ ခေါ်သည့်လူကလည်းတပင်တပန်းလိုက်ခေါ်ရသည်။

လာသူတွေများကတော့ အခန့်စား အားမွေး လှေတက်နေကြရာ က ထလိုက်လာကြရခြင်းမဟုတ်၊ လယ်သမားတွေ အလုပ်သမားတွေ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သောကြောင့် တံစဉ်နှင့်တူတို့ကိုလည်းကောင်း၊ ကောက်ဆွ ထွန်နှင့် ထယ်တို့ကိုလည်းကောင်း ချထားခဲ့ရပြီး ပါလာရသူများ ဖြစ်ချေသည်။

တကယ်ဆိုတော့ မြန်မာဘုရင်လက်ထက်က ပွဲကြည့်ချင်သည်ဆိုမှ ယာခင်းကိုင်းခင်းထဲက နာမည်ကျော် ရုပ်သေးဆရာ၊ စင်တော်ဆရာတို့ကို ချော့ဆွဲသလိုပင် ရှိသည်။

သူ့ခများများသည် ဖူလုံသောအသက်မွေးမှုမရှိခဲ့၊ အင်အားဖြစ်သည်ထက်ဖြစ်စေသော အာဟာရဆေးဝါးတို့ကို အချိန်မှန် အကြိမ်မှန် စားနိုင်စွမ်းရှိပုံမရ။ ထင်ပေါ်၍စင်တော်ကကောက်သပော့ ဆိုသောသောမနသကို ဘိန်းဘောင်းထီဆိုလျှင် လက်ခမောင်း ခတ်လိုက်ချင်သော ဝါသနာပိဇက ပူးတွဲ၍သာ လာဖြစ်အောင်လာပြီး ရောက်ဖြစ်အောင် ရောက်ကြခြင်းဖြစ်ကြသည်။

ယခင်ကျွန်တော်တို့ငယ်ငယ်က လက်ဖွေ့ပွဲဆိုလျှင် မြေကြီးပေါ်မှာသာဖြစ်သည်။ လဲလျှင် ကွဲလျှင် ကိုယ့်ထုံးမန်း ရေမန်းသာ အားကိုးရသည်၊ ယခုတော့ ဆေးအောင့်သွားသည်ဆိုသည်နှင့် ချက်ခြင်းအိပ်စရေးက တစ်နာရီအတွင်း ရိုက်ပြီးသား စစ်ဆေးပြီးသား ရှိကြောင်းတွေ့ခဲ့ရသည်၊ သူနာပြုနှင့်ဆရာဝန်များကလည်း အနားတွင် ရှိနေကြသည်၊ သို့သော် ဤမျှနှင့် မကျေနပ်ကြပါနှင့်ဦး။

ကျွန်တော်မကြည့်ခင်တစ်ရက်ကဖြူကလေးနှင့်သာအေးတို့ ဒုတိယတန်းအောင်လ်လုပွဲ ထိုးကြရာ နှစ်ဦးစလုံး ဖွဲကြီးကြီးနှင့် သတ်ကြသည်မို့ တစ်ချီတစ်ပွဲထဲပင် တစ်နာရီနှင့် မိနစ်နှစ်ဆယ်ကြာသည်ဟုသိရသည်။ သာအေးမှာ တစ်မျက်နှာလုံးဖူးဖူးရောင်နေပြီဖြစ်သော်လည်း အရှုံးမပေးသေး။ ထိုမြင်ကွင်းကို မရှုရက်သော သာအေး၏ဇနီးသည်တောသူကလေးသည် သားငယ်ကိုခါးထက်ခွင်၍ ပွဲအပြင်သို့ ငိုယိုကာ ထွက်ပြေးရှာလေသည်ဟူ၏။ ထိုအချိန်မှာတော့ ရွှေပွဲလာတို့က တဝုန်းဝုန်း တဝါးဝါး အားပေးအားမြှောက်လုပ်နေကြပေမည်။



သူတို့၏ဂုဏ်ပကာသနလာဘ်လာဘကြောင့်ဟုဆိုဆို၊ ရွှေပွဲလာကျေနပ်အောင်သေမတတ်သတ်ပုတ်နေကြသည်မှာ သူတို့၏ စေတနာကို ကျွန်တော်တို့က တန်ပြန်အရောင်ဟပ်ပေးမှ ဝတ္တရားကျေလိမ့်မည်ထင်သည်။

သူတို့သည်မြေကြီးပေါ်ချထားသောရေအိုးမှ ရေကိုခွက်လှည့်ခံသောက်ပြီးလျှင် မြေကြီးပေါ်မှာပင် ခြေဆင်းလဲလှ အနားယူကြရသည်။ အထက်ပိုင်းဗလာကျင်းနေရသော ရင်အုပ်ရင်သားများကို ဆောင်းတွင်းညလေကြောင့် အအေးမိပြီး အဆုတ်ရောင်လေမလားဟု ကြောင့်ကြမိသည်။ နေရာထိုင်ခင်းကောင်းကောင်းမွန်မွန်၊ ရေအိုးရေခွက် သန့်သန့်ရှင်းရှင်း စီမံပေးကာ စတိုင်လုပ်ဖို့ မဟုတ်စေကာ အင်္ဂလိပ် လက်ဝှေ့သမားတွေလို အနွေးထည် ဝတ်ရုံတွေများ ဝတ်ရုံထားကြရအောင် စီမံသွန်သင်ပေးလျှင် ကျန်းမာရေးအတွက် ရတက်အေးစရာဖြစ်ပေမည်။

ကျွန်တော့်အနေနှင့်ကား ရိုးရိုးသားသား ဆောင်းပါးအစကဝန်ခံခဲ့သလို လက်ဝှေ့ပညာထုံးတမ်းအစဉ်အလာတို့ကို မသိမကျွမ်းသူဖြစ်ပါသည်။ မြန်မာ့ရိုးရာ ကိုယ်ခံပညာဟုပဲခေါ်ခေါ်၊ ဇာတိသွေး ဇာတိမာန် ကိုယ့်အားကိုယ်ကိုး၍ ထိုးသတ်ကစားခြင်းဟုပဲဆိုဆို ယဉ်ကျေးမှု စိတ်နေသဘောထားတို့ကိုကား လူနှင့် လူချင်း ပြတ်ပြတ် သားသားမြင်ခဲ့ရပါသည်။

အကြမ်းထဲကအနု၊ အရိုင်းထဲက အယဉ်ပေတကား။

[ငွေတာရီ ၁၉၆၃ နိုဝင်ဘာ]

www.burmeseclassic.com

www.burmeseclassic.com

# ပြုံးတုံ့ပြုံးလှယ်

"ကြယ်ကလေးတွေ ချစ်စရာ အပြာရောင်ကောင်းကင်မှာ၊ သူတို့ကို တစ်လုံးချင်း၊ ပြုံးရင်းကြည့်နေပါ၊ မကြာခင်သူတို့ပြုံးကာ၊ သူတို့လဲ ကိုယ့်ကိုပြန်ကာ၊ ပြုံးတုံ့ပြုံးလှယ် ကျီစယ်လာ"

ဤသီချင်းကို မြို့မဆရာငြိမ်းရေး၍ ကိုအံ့ကြီးသီဆိုခဲ့သည်။ ကိုအံ့ကြီး၏အသံ လေးတွဲ့တွဲ့ အေးနွဲ့နွဲ့နှင့် လိုက်လျောရုံသာမဟုတ် မေတ္တာဘွဲ့တေးတစ်ပုဒ်ဖြစ်ခြင်းကြောင့် ကိုအံ့ကြီးသီဆိုသည်ကို ရေဒီယို က ကြားမိတိုင်း သို့မဟုတ် ကိုယ်တိုင်တိုးတိုးကလေး ညည်းမိတိုင်း မေတ္တာဓာတ်ကို သတိရမိပါသည်၊ သံဝေဂဖြစ်မိပါသည်။

ကျွန်ုပ်တို့၏ သန္တန်ဝယ် လောဘ ဒေါသ မောဟ မာနတို့ဖြင့် အမြဲတစေကြမ်းတမ်းခက်တရော်လေ့ရှိကြသည်၊ ကျွန်ုပ်တို့နှင့် ဆက်စပ် သမျှ ပတ်ဝန်းကျင်တွင်လည်း လောဘသမားများ ဒေါသသမားများ မောဟသမားများ မာန်ရှင်များသာ ဝိုင်းအုံခြံရံနေတတ်ကြသောကြောင့် ကိုယ်နှင့် ပတ်ဝန်းကျင်တို့ စိတ်တူနှာမ်တူ ဖြစ်သွားကြသည်၊ ထိုအခါ ရေနံမီးတောက်ဝယ် ဓာတ်ဆီဖြည့်လိုက်သကဲ့သို့ လောင်မဆုံး တောက် မဆုံး တဟုံးဟုံး ဖြစ်ကြရသည်။

ကျွန်ုပ်တို့မနောကို ဆန်းစစ်ကြည့်ရလျှင် ကိုယ့်ကိုပြုံးပြသူကို သာ ကိုယ်ကပြန်၍ပြုံးပြဖို့ လွယ်သလောက် ကိုယ့်အား အမှတ်မထင် နေသူတစ်ဦးကို ကိုယ်ကစ၍ ပြုံးပြဖို့ရာ၌ နှောင့်နှေးတတ်ကြသည်။ ထို့ထက် ကိုယ့်ကိုငြူစူသူကိုကား ကိုယ်ကပြန်ပြုံးပြဖို့ဆိုသည်မှာ ဝေ လာဝေးကြကုန်သတည်း။

"ဂျင်းစိမ်းနဲ့မိတ်သလင်း သူကြင်မှ ကိုယ်ကြင်မယ်"

"သူမာလျှင် စိန်သံချောင်းသာပ၊ သူပျော့လျှင် အရည်ဖြစ် နိုင်ရဲ့"



"သူတော်မှ ကိုယ်ကောင်းမဟော့"

"အိုးရှဲ့ကိုစလောင်းရှဲ့နဲ့ဖုံးရုံပေါ့"အစရှိသော စကားရပ်များ ကား ကျွန်ုပ်တို့၏ ရန့်ရင်းကြမ်းတမ်းသောစိတ်ကို မီးလောင်လေပင့်သာ ဖြစ်ကြကုန်သည်။ လောက၌ မေတ္တာနှင့်တူသော အေးမြချမ်းမြေ့သည့် သဘောတရားသည် အခြားမရှိဟု ကျွန်ုပ်တို့သိကြဖူးပါသည်၊ ဖတ်ရ ဖူး မှတ်ရဖူးပါသည်၊ သို့သော် သတိမရနိုင်ကြ၊ အနာတက်လျှင် ဆေး ချက်မရှိဟူသကဲ့သို့ အမုန်းဒီဂရီတွေ နေ့စဉ်တက်နေကြသောကြောင့် ကိုယ်ကစ၍ ပြုံးပြဖို့ မလွယ်ကူနိုင်ကြခြင်း ဖြစ်ပေလိမ့်မည်။

ဤနေရာ၌ လူပေါ်လူဇော်လမ်းစဉ်ဖြင့် ဟန်ဆောင်ပြုံးမဟုတ်၊ စိတ်ပါပြုံးဖို့ဆိုလိုပါသည်၊ အထက်ပါသီချင်းကလေးကို ဆိုကြည့်လိုက် စမ်းပါ။

"ကြယ်ကလေးတွေချစ်စရာ အပြာရောင်ကောင်းကင်မှာ"ရှေ့ သို့ မဆက်ပါနှင့်ဦး၊ ဤအပိုဒ်ကလေးကို ကျွန်ုပ်တို့ ဆန်းစစ်ကြည့်ဖို့ လိုပါလိမ့်မည်၊ တိမ်လွှာမြူနှင်း ကင်းစင်သောညတွင်သာ ကောင်းကင် တစ်ပြင်လုံး အပြာရောင်သန်းနေလျက် မှိတ်တုတ်မှိတ်တုတ်ရှိနေသော ကြယ်ကလေးများကို ချစ်စရာကလေးများဟု စိတ်သွင်းကြည့်ကြပါ၊ ချစ်စရာကလေးများဟု ထင်မြင်လာပါစေ၊ ယင်းသို့ထင်မြင်လာအောင် ကိုယ်က တကယ်ချစ်မှဖြစ်ပါမည်၊ ဤသဘောတရားမှာ ဗြဟ္မဝိဟာရ သဘောတရားဖြစ်ပါသည်။

(ဗြဟ္မ–မွန်မြတ်သောအကျင့်တရားကို၊ ဝိဟာရ–ကျင့်သုံး ဆောက်တည်ခြင်း)

ချစ်စရာကလေးများဟုထင်အောင် မေတ္တာစိတ်ပျံ့နှံ့ရပေ သည်။ ဤနေရာ၌ ဒေါသမှလွန်၍ တဏှာမဖြစ်ခင်သာ မေတ္တာ၊ ငိုကြွေးခြင်းမှလွန်၍ သောကမဖြစ်ခင်သာ ကရုဏာ၊ ပျင်းရိခြင်း ငြီးငွေ့ခြင်းမှ လွန်၍ ပျော်ရွှင်ခြင်းမဖြစ်ခင်သာမုဒိတာ၊ ချစ်ခြင်းမုန်းခြင်းမှလွန်၍ တွေ

www.burmeseclassic.com

www.burmeseclassic.com



ဝေခြင်းမဖြစ်ခင်သာ ဉပေက္ခာဟု ဝိသုဒ္ဓိမဂ်အရသာက ဖွင့်ဆိုထားပါသည်။

"သူတို့ကိုတစ်လုံးချင်း ပြုံးရင်းကြည့်နေပါ"

အထက်ကဆိုခဲ့သလို ကိုယ်က တကယ်ချစ်လာမှ သူတို့ကို တစ်လုံးချင်းပြုံးရင်းကြည့်လိုက်ပါ၊ သို့ကလိုကြည့်နေလျှင် မကြာတော့ပါ။

"မကြာခင် သူတို့ပြုံးကာ၊ သူတို့လဲ ကိုယ့်ကိုပြန်ကာ၊ ပြုံးတုံ့ပြုံးလှယ် ကျိစယ်လာ"

ကြယ်ကလေးများကကိုယ့်ကိုပြန်၍ပြုံးပြကာ ကိုယ်နှင့်ကြယ်ကလေးများအကြားတွင် ပြုံးတုံ့ပြုံးလှယ်မေတ္တာဓာတ် ဆက်သွယ်ကြပါလိမ့်မည်ဟု ဆိုလိုရင်းကို သဘောပေါက်ခဲ့ရပါသည်။

လူနှင့်လူချင်းဆက်ဆံရာ၌ ဤသဘောတရားကို ကျွန်ုပ်တို့ ထည့်သွင်းဆောက်တည်အပ်လှပေသည်။ ဗြဟ္မဝိဟာရဒီပနီ၌ ချစ်ခင်အပ်သောပုဂ္ဂိုလ်၊ မချစ်မမုန်းသောပုဂ္ဂိုလ်၊ ရန်သူဖြစ်သောပုဂ္ဂိုလ်တို့အား တစ်တန်းတစ်စားတည်း မေတ္တာစိတ်ထားနိုင်အောင် ကျင့်ကြံဖို့လိုသည်ဟု ပြဆိုထားသည်၊ ပုထုဇဉ်သဘာဝ ရန်ငြိုးဖွဲ့ခြင်းတို့ ရှိတတ်ကြ၏။

၁။ ငါ့ရန်သူရုပ်ဆိုးပါစေ

၂၊ ငါ့ရန်သူဒုက္ခတွေ့ပါစေ

၃။ ငါ့ရန်သူစည်းစိမ်ချို့ပါစေ

၄။ ငါ့ရန်သူကိုယ်ကျိုးနည်းပါစေ

၅။ ငါ့ရန်သူအခြံအရံနည်းပါစေ

၆။ ငါ့ရန်သူမိတ်ဆွေကင်းပါစေ

၇။ ငါ့ရန်သူသေလျှင် အပါယ်ကျပါစေ–ဟု ရန်ငြိုးတရား ၇ ပါးရှိသည်၊ ဤသို့ ရန်ငြိုးမျိုးကကိုယ့်စိတ်ကို ထိုးဝင်နှိပ်စက်လာလျှင် အမျက်ပြေရာ အကြောင်းတရားများနှင့် ပြန်လှန်တိုက်ခိုက် စိတ်ဝင်စားရာ၏။



၁။ ရန်သူသည် ကိုယ်၌သာဒုက္ခပေးသည်၊ စိတ်၌မပေးနိုင်၊ ငါသာကိုယ့်စိတ်ကိုယ်ဖျက်သူဖြစ်သည်။

၂။ ငါစိတ်ဆိုးအောင် ရန်သူကပြုသည်၊ ငါစိတ်ဆိုးလိုက်လျှင် ရန်သူမှာ အလိုပြည့်မည်စင်စစ်တည်း။

၃။ ငါ၏ဒေါသသည် ရန်သူအား ဒုက္ခပေးချင်မှပေးမည်၊ ငါ၏စိတ်ပင်ပန်းခြင်းကား ဧကန္တတည်း။

ရန်သူမျိုးငါးပါး အပါအဝင် မချစ်နှစ်သောပုဂ္ဂိုလ်တစ်ဦး ပေါ်လာတိုင်း မိမိ၌အကျိုးယုတ်ကြောင်း ကျွန်ုပ်တို့ သိကြသော်လည်း ကျွန်ုပ်တို့၏ကိုယ်ပိုင်မာနက "ခင်းမုန်းလို့ ငါဘာဖြစ်ရမှာလဲ" ဟု ရန်သူအားပေး မြှောက်ပင့်လာလေ့ရှိသည်။ မာန်ဟူသောမာနသည် မည်သည့်အခြေအနေက လူကိုဖြစ်စေ သွေးထိုးပေးတတ်သည်။

အမြင့်တွင်ရှိသောလူအား ကိုယ့်ထက်နိမ့်သူကို အထင်သေးစေ၍ "ခင်းနဲ့ငါတူသလား တန်သလား"ဟု မာန်တက်စေ၏။ အနိမ့်တွင် ရှိရသောလူအား ကိုယ့်ထက်မြင့်သူကို အထင်ကြီးစေ၍–

"ကြေးဖလားက ရွှေဖလားကိုတက်ခုတ်ရလို့ စုတ်ချင်စုတ်စေ" စသည်ဖြင့် အောက်ကျသောမာန်က တက်ကြွစေလေသည်။

ထို့အတူ ကိုယ်ကနှိပ်စက်နေရစဉ်တွင်"မှတ်ပလားဟဲ့၊ ငါ့မှန်းသိပလားဟဲ့"ဟု မြိန်ရေယှက်ရေဆိုချင်သည့်နည်းတူ ကိုယ်အနှိပ်စက်ခံနေရစဉ်တွင်မှလည်း"နေနှင့်ဦးဟဲ့"ဟု အံကြိတ်၍ ခံကောင်းအောင် မာန်က အပေါင်းအဖော် ပြုနေတတ်သေးသည်။

မာန်ဟူသောမာနမှ ထောင်လွှားတက်ကြွသော သဘောတရားသာ မဟုတ်သေး၊ ကွယ်ဝှက်ဖုံးဖိပေးသော သဘောတရားလည်း နောက်ကွယ်က ပါလာတတ်သေးသည်၊ မုန်းလိုသော တစ်ပါးသူ၏ အပြစ်ငယ်ငယ်ကို မှန်ဘီလူးဖြင့် ပုံကြီးချဲ့ပြတတ်သကဲ့သို့ ကိုယ့်ချွတ်ယွင်းမှုတို့ကို အပြစ်ဟူ၍မမြင်၊ မှောင်ချ၍ထားပေးတတ်သေးသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မာန်မာနသည် အမှန်သဘာဝကို အရင်းတိုင်း ဖောက်သည်ချပေးတတ်သည်မဟုတ်၊ ကိုယ်ကမှန်းနေလျှင် သူတထူး၏ ကာယကံ၊ ဝစီကံတို့မှာ ကိုယ်အဖို့အပြစ်ချည်းသာ ထင်လာမြင်လာတော့သတည်း။

မာန်မာန ကင်းမှ လျှော့မှ သဘာဝနှင့်နီးစပ်သည်၊ အမြင်မှန်ကို မြင်တတ်သည်၊ ထို့ကြောင့် ဘုရားအစရှိသော ရတနာသုံးပါးကို ကန်တော့ရာ၌ ရှိခိုးပူဇော်၊ ဖူးမြော်မာန်လျှော့၊ ကန်တော့ပါ၏ဟူသော စကားကို အရေးတကြီးထည့်သွင်းရလေသည်၊ မာန်မလျှော့ပါက ဘုရား၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်ရာ၌ပင် ကုဏ္ဍလ္လမကောင်းနိုင်ကြပေ။

မုန်းစိတ်သည် မာန်က မျက်နှာဖုံးတပ်ပေးခြင်းသာဖြစ်၏။ ထိုမာန်ကိုခွာ၍ သတိနှင့်ကြည့်နိုင်လျှင် ကျွန်ုပ်တို့မုန်းတီးခဲ့ဖူးသော ပုဂ္ဂိုလ်အပေါ်၌ အတော်အတန် အပြစ်များပေါ့ပါးပျောက်ပျက်သွားနိုင်၏။

"အေးလေ–သူ့ဘက်ကကြည့်တော့လဲ"ဟူသော ကိုယ်ချင်းစာစိတ်က စေတနာကောင်း၏ သံတမန်အဖြစ် မိမိအား သာယာပြေပြစ်အောင် ရှက်ဆောင်လာတတ်သည်၊ ထိုဆောင်ရှက်မှုကို လက်ခံလိုက်သည်နှင့်တစ်ပြိုင်နက် မိမိ၏စိတ်ညစ်ညူးမှုများမှာ ပေါ့ပါးရှင်လန်းသွားတတ်သည်။

ကျွန်ုပ်တို့မြန်မာစကားတွင် တစ်ဦးမေတ္တာတစ်ဦးမှာဟု အသုံးများကြသည်။ သို့သော် ထိုစကားကို သန့်ရှင်းစင်ကြယ်သောမေတ္တာမှ ညစ်ညူးသော ပေမတဏှာဘက်သို့သာ ဦးစားပေးတတ်ကြသည်။

တစ်ဦးမေတ္တာဟူရာ၌ မိမိ၏မေတ္တာက ရှေ့ပြေးပြုဖို့ သတိထားကြရပေမည်။ သိပ္ပံနည်းနာ စိတ်ပညာနှင့်ပင် ကြည့်ဦး၊ အာဃာတ မရှိသောစိတ်သည် ကြည်လင်၏၊ ကိုယ်ပေါ့ပါး၏၊ ဉာဏ်ထက်မြက်၏၊ စိတ်နှင့်ယှဉ်နေသော ရုပ်ပင်လျှင် လှပစိုပြေလာတတ်၏။

ဗြဟ္မဝိဟာရအလိုအားဖြင့် မေတ္တာ၏အာနိသင် ၁၁ ပါးပြ၏။



၁။ ချမ်းသာစွာအိပ်ရ၏၊

၂။ ချမ်းသာစွာနိုး၏၊

၃။ မကောင်းသောအိပ်မက် မမြင်၊

၄။ လူခင်၏၊

၅။ နတ်ခင်၏၊

၆။ နတ်တို့၏အစောင့်အရှောက်ခံရ၏၊

၇။ မီး၊ အဆိပ်၊ လက်နက်မနှိပ်စက်၊

၈။ စိတ်သမာဓိတည်လွယ်၏၊

၉။ မျက်နှာကြည်လင်၏၊

၁၀။ မတွေမဝေသေရ၏၊

၁၁။ မဂ်ဖိုလ်မရလျှင် ဗြဟ္မာဖြစ်၏။

ယင်းသို့အားဖြင့် မေတ္တာ၏အကျိုးကို သိကြစေကာမူ သတိမေ့လျော့ကာ လောဘ ဒေါသ မောဟ မာနတို့က ကျွန်ုပ်တို့၏ ပျော့ကွက်တွင် ဝင်၍ မင်းမူခြင်းပြုတတ်သောကြောင့် သူတထူးကို လွယ်လွယ် ကူကူနှင့် မုန်းလိုက်ကြချင်၏။

ခန္တီဝါဒီရသေ့၊ သီလဝမင်းကြီး၊ ဆဒ္ဒန်ဆင်မင်း၊ မဟာကပိမျောက်မင်း၊ ဘူရိဒတ္တနဂါးမင်း၊ စမ္ပေယျနဂါးမင်းစသည့် အရင့်အမာအလောင်းအလျာကြီးများကဲ့သို့ အသက်ကိုစွန့်၍ သည်းခံစိတ်မမွေးနိုင်ကြသေးသည့်တိုင်အောင် အသက်စည်းစိမ်ကို မထိပါး မနှောင့်ယှက်သည့် အပြစ်စဉ်းငယ်တို့ကို ခွင့်လွှတ်ဆက်ဆံနိုင်ကြရန် မေတ္တာကို ရှေ့ရှုကြပါစို့၊ ပြုံး၍ကြည့်ကြပါစို့ဟူ၍ သီချင်းက သတိပေးနေပါသည်။

"ကြယ်ကလေးတွေ ချစ်စရာ အပြာရောင်ကောင်းကင်မှာ၊ သူတို့ကို တစ်လုံးချင်း၊ ပြုံးရင်းကြည့်နေပါ၊ မကြာခင်သူတို့ပြုံးကာ၊ သူတို့လဲ ကိုယ့်ကိုပြန်ကာ၊ ပြုံးတုံ့ပြုံးလှယ် ကျီစယ်လာ"

[ငွေတာရီ ၁၉၆၅ ဖေဖော်ဝါရီ]

www.burmeseclassic.com

www.burmeseclassic.com

# သူ့ခနှင့် သူ့ခ

ဘုရားဖူး တစ်ခါတစ်ရံ ရောက်ရခြင်းမျိုးသည် ဘဝကို သိသိသာသာ အေးမြချမ်းသာလှစေသည်။

ဥပမာ ရွှေတိဂုံစေတီတော်သို့ဆိုပါစို့၊ ရပ်ဝေးဧည့်သည်များကို လိုက်ပို့၍ရောက်ရခြင်း၊ အိမ်သူအိမ်သားများနှင့် ကောင်းမှုကုသိုလ် ကမ္မပထအတွက်ရောက်ရခြင်း၊ ပွဲကြီးလမ်းကြီး နေ့ထူးနေ့မြတ်တွင် ရောက်ရခြင်းဟူ၍ ရောက်နည်းအမျိုးမျိုးရှိသည့်အနက် ကျွန်တော် ဆိုလိုသော တစ်ခါတစ်ရံရောက်ခြင်းမျိုးကား ပူပန်လောင်ဆာသော ပရိဒေဝ ဒုက္ခ ဒေါမနဿတို့အကြားမှ ပုန်းအောင်းမှီခိုရန် အလို့ငှာ ပြေးဝင်ခိုလှုံမိသော ရောက်ခြင်းမျိုးဖြစ်ပါသည်။

လူတို့မည်သည် တစ်ခါတစ်ရံ ဆောက်တည်ရာမရအောင် စေတသိက ဒုက္ခမျိုးနှင့်ကြုံကြိုက်တတ်သည် မဟုတ်လော။

ခလုတ်ထိမှ အမိတသည်ဟု ဆိုကာမူဆိုစေ၊ နို့စို့အရွယ်တွင် မိခင်၏ ရင်ခွင်မျိုးနှင့်တူသောအေးမြချမ်းသာခြင်း၊ ဘေးရန်ကင်းခြင်း၊ စိတ်ကြည်နူးပျော်ရွှင်ခြင်းတို့ကို လက်တွေ့ပိုင်ပိုင် ခံစားစံစားနိုင်သည် မှာတော့ ဒိဋ္ဌဖြစ်သည်။ ခလုတ်ထိ၍မှ အမိကို မတသောပုဂ္ဂိုလ်တို့သည် ကား မှားစရာရှိသမျှကို မှား၍ မှောက်စရာ ရှိသမျှ မှောက်ကုန်ကြလေ သည်။

ကြည့်လော့။ ဗဟိဒ္ဓဖြစ်သော ရာသီဥတု၏ပူပြင်းခြင်း၊ အဇ္ဈတ္တ ဖြစ်သောစိတ်နှလုံးကပူပန်ခြင်းတို့သည် ဘုရားဆောင်းတန်းရိပ်ကို ဝင် လိုက်မိသည်နှင့်တစ်ပြိုင်နက် ဆန့်ကျင်ဘက်ဖြစ်အောင် ငြိမ်းချမ်းသည့် ပတ်ဝန်းကျင်၏ အတွေ့အထိကို ဦးစွာခံစားလိုက်ရလေသည်။



"ပန်းဝယ်ကြဦးမလား၊ နားကြပါဦးရှင်"

ပန်းသည်များ၏ အသံသည် လောကွတ်ပျူငှာရှိလှ၏၊ မျက်နှာ ချို၏၊ သန့်ရှင်းစင်ကြယ်သော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုရှိ၏။

မြို့ထဲတွင် အမြဲတွေ့ရတတ်သော အရေးကြီးခြင်း၊ အလု အယက် ဖြစ်ခြင်း၊ သူ့ထက်ငါ သာလိုနိုင်မှု ရှေ့ရှုခြင်း၊ တစ်ကိုယ်ကောင်း ကြံခြင်း၊ ခေါင်းပုံဖြတ်ခြင်း စသည့် လောဘအရိုန်အဝါ မျက်နှာထားမျိုး ကို ဘုရားရင်ပြင်တွင် လုံးဝ မတွေ့ရပေ။

ဘုရားသို့ရောက်လာသမျှ လူတိုင်းပင် လောဘ၊ ဒေါသ၊ မောဟတို့မှ တစ်ဆိတ်စာပင်ဖြစ်စေ လျော့နည်းသောအသွင်အပြင်၊ တည်ငြိမ်သောလှုပ်ရှားမှု၊ သိပ်သည်းသောကြည်နူးခြင်းတို့သာ ပေါ်လွင် နေကြသည်။

ရိုးသားမှုအပြည့်ရှိသော တောနေဘုရားဖူးအုပ်စုကို ရွာ ကျောင်းထိုင် ဆရာတော် ဦးပဉ္စင်းတို့က လမ်းပြခေါင်းဆောင်၍ တွေ့ ကြုံသမျှတို့ကို ရှင်းပြဟောပြောရင်း ရင်ပြင်တော်ပေါ်၌ လှည့်လည်နေ ကြသည့် မြင်ကွင်းမှာ ကြင်နာသောသဘော အရိပ်အရောင်များ ထင်ရှား လေသည်။ လင်နှင့်မယား၊ သားနှင့်သမီး ပန်းအမွှေးတိုင် လှူဖွယ်ဝတ္ထု တို့ကို ကိုယ်စီကိုင်၍ လာကြပုံကိုလည်း ကြည့်လိုက်ပါဦး၊ သူတို့၏ စိတ်အာရုံတွင် လမ်းလျှောက်ရင်းကြည်နူးနေကြပေသည်၊ ဒီလင် ဒီသား ဒီမယားနှင့် ဘဝများစွာကျင်လည်ရပါသော်လည်း မကွဲမပြား တစ်ခရီး ထဲ သွားလိုနေကြပုံပေါ်ကြသည်။

အဘိုးအဘွားများက မြေးများကို လက်တွဲ၍သော်လည်း ကောင်း၊ မြေးကြီး သားသမီးကြီးများက အဘိုးအို အဘွားအို မိခင်အို ဖခင်အိုကြီးများကိုတွဲ၍သော်လည်းကောင်း၊ 'လက်ကုဿုံး တောင်ဆုံး' ပြုသွားကြပုံမှာ မြိမ်ခိုင်မာသောမိသားစုစိတ်ဓာတ်ကို ဖော်ပြရှာ ရောက် ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ၊ ဒေါနေ၊ စကားစိမ်း၊ စကားဝါ၊ ငွေပန်း၊ ရွှန်ပန်း၊ နှင်းပန်းစသော ပန်းမျိုးစုံ၏ သင်းရနံ့သည် စိမ်းလန်းညွန့်ရှင် သပြေခက်တို့နှင့် ပေါင်း၍ ဘုရားတန်ဆောင်းများအတွင်း၌သာ လှိုင်ကြွယ်မြဲ ဓမ္မတာဖြစ်၏၊ အခြားသောတောတောင်ဌာနတို့၌ ၎င်းပန်းမျိုးစုံ၏ဂန္ဓာရုံမျိုး မပေးစွမ်းနိုင်ချေ။

နားထောင်စမ်းပါဦး။ ဆုတောင်းသံ၊ အမျှဝေသံနှင့်အတူ ကြေးစည်သံ၊ ခေါင်းလောင်းထိုးသံ၊ ငှက်မြတ်နားက ဆည်းလည်းသံ၊ ကလေးများကလည်း ဤနေရာ ဤဒေသရှိ ငြိမ်းချမ်းခြင်းရင်ခွင်ထဲ လာလှည့်ကုန်၊ ဝင်လှည့်ကုန်၊ ခိုလှုံလှည့်ကုန်ဟု သံစုံရိုက်ကြွေးခေါ်ငင်နေသကဲ့သို့။

ယုတ်စွအဆုံး ချောင်ကောင်းရာ၊ တန်ဆောင်းကြို့တန်ဆောင်းကြား၌ ဘွားခနဲ တွေ့ရတတ်သည့် ချစ်သူမောင်နှံတို့ကိုပင် တစ်ခဏလောက်ရပ်၍ အကဲခတ်လိုက်ပါဦးတော့။ သူတို့သည် မယ်က မောင့်ကိုသော်လည်းကောင်း၊ မောင်ကမယ့်ကိုသော်လည်းကောင်း မမိုတ်မသုံသော မျက်လုံးအစုံဖြင့် ရှုမဝ ကြည့်မငြီး ဖြစ်နေကြသည်။ သူတို့ဟွင်အတိတ်က တောင့်တခဲ့ရသော ရာဂတို့လည်း တစ်ဒင်္ဂပဟာန် ကင်းကွာနေကြသည်၊ လာလတ္တံ့သော ကြောင့်ကြမှုတွေကိုလည်း ကြိုတင်၍ မမျှော်လင့်၊ ယခုတွေ့ဆဲ ခဏကလေး၌ အားရအောင်ပြော၍ အားရအောင်ကြည့်နေကြခြင်းဖြင့် သန့်ရှင်းသော ပီတိ သုခ ဇာဂွတာ ဖြစ်နေကြပုံရှိသည်။

တစ်ဦးကိုတစ်ဦး ယုံကြည်နေကြသည်၊ အားကိုးနေကြသည်၊ ချီးကျူးနေကြသည်၊ တစ်ရည်းစား တစ်မယားလင်ကို ကြားမဝင်စေတမ်းဟု ဘုရားအား သက်သေထား၍ စကားနှင့်တိုင်တည်နေကြသလားမပြောနိုင်။

မည်သို့ပင်ဖြစ်စေ၊ သူတို့၏ ကြင်နာခြင်းကြည်နူးခြင်း မေတ္တာ



ဝေငှဖလှယ်နေကြခြင်းတို့မှာ တဒင်္ဂအားဖြင့် မြင်ရသူကိုပါ ကူးစက်လာတတ်ပေသည်။

သူတို့ကိုရှောင်၍ချောင်ကျသော တန်ဆောင်းကလေးတစ်ခုကို ဝင်လိုက်မိသည်၊ ၁၂၅၅ ခုက တည်ခဲ့သော်လည်း ယနေ့အထိ စေတီတစ်ဆူလုံးနှင့်တဝပ္ပကလေးကိုပါ ဟောင်းနွမ်းညစ်ထေးခြင်းမရှိအောင် ပါရမီ အဖွဲ့က ဖြူဖွေးသန့်ရှင်းစွာ ထုံးသင်္ကန်းကပ်လှူထားကြသည်။ ထိုစေတီကို မိုးထားသောခရေပင်က ခရေပွင့်နှင့်တကွသော ရော်ရွက်ဝါများ ဖြန့်ဖြူး၍ ပူဇော်နေကြသည်၊ ခရေပွင့်ကလေးကို ကောက်ကြည့်လိုက်မိသည်၊ စက်ဝန်းသဏ္ဍာန် ညီညီညာညာဝန်းဝိုင်းနေသော ပွင့်တက်ကလေးများက စီရရီ ရှိသည်၊ တစ်ပွင့်တွင် ပွင့်တက်ကလေးတစ်ဆယ့်ခြောက်တက်ရှိသည်။

"အလို–ဓမ္မစကြာ စက်ဝန်းကလေးပါတကား"

ဘုရားစေတီများ၏ အသိုင်းအဝန်းကြောင့် ဤသို့ တွေးကြည့်မိတာ ဖြစ်ပေလိမ့်မည်၊ အခြားသောတောတောင်ကန္တာရ၌သာ တွေ့ရလျှင် ဤသို့တွေးမိကောင်းမှတွေးမိပေလိမ့်မည်။ ဒုက္ခသစ္စာ၏အနက်လေးချက်၊ သမုဒယသစ္စာ၏အနက်လေးပါး၊ နိရောဓသစ္စာ၏ အနက်လေးသွယ်၊ မဂ္ဂသစ္စာ၏အနက်လေးမျိုး။

ဘုရားစေတီနှင့် ခရေပန်း ခရေပွင့်ကား သဘာဝတူပါပေ့လေ့ ကျန်လှပါပေ့။ ဤနေရာတွင် တော်ဝင်လှပါသည် သန့်စင်လှပါသည် မြေနှင့်ရန်ဘက် အထက်တန်းကျပါသည်ဆိုသော မွှေးနံ့သာတိသုံး မင်းသုံးစိုးယူ သဇင်ပန်းများထက် ခရေပွင့်ကလေးက ပိုထိုက်တန်လှပါပြီကော၊ သူ့တွင် သစ္စာလေးပါး ထင်ရှားပါနေသည်။

အင်း–ဒီခရေပန်းကို ချယားဟု တစ်မျိုးခေါ်ကြသည်။

"သဇင်လေ, ချယားလေ, စကား စံပယ်"

ဓမ္မ၏အမြိုက်အရသာဆို ခံစားနေရာက ဂီတ၏ အရသာက

www.burmeseclassic.com



လာ၍နှောင့်ယှက်ပြန်သည်၊ သူ၏ အနှောင့် အယှက်ကို ပဟာတဗ္ဗကိစ္စနှင့်တောင် မပယ်နိုင်သေးပါတကား၊ ကဲ–သူ့နောက်ကို လိုက်ကြပါဦးစို့၊ ဘုံပုံနေနန်း ပတ်ပျိုးကြီးတွင် 'မြမြမောင်းမောင်း'ဟူသော သီချင်းပါသည်၊ ထိုသီချင်းတွင် အထက်က တွေးလိုက်မိသော သဇင်, ချယား, စကား, စပယ် ဆိုသည့်အပိုဒ်ပါသည်၊ မဟာဂီတ ဦးပြုံးချိုက ဤသီချင်းကို မြဝတီမင်းကြီးရေးသည်ဟုဆိုသည်၊ တချို့က အနောက်နန်းမ မိဖုရား မမြလေးရေးသည်ဟုဆိုသည်။

အို–ဒါတွေ မတွေးနဲ့တော့လေ၊ ရပ်တန်းကရပ်၊ ဖြတ်တန်းကဖြတ်လိုက်ပါတော့ကော၊ 'ဇရပ်မှန်လျှင် မီးသွေးလက်ရေးနှင့် မကင်း' ဆိုသကဲ့သို့ ထုံးဖြူသုတ်ထားသော တန်ဆောင်းတိုင်များတွင် ခဲတံနှင့်ရေးထားသည့် စာပိုဒ်ကလေးများကိုသွား၍ နီးနီးကပ်ကပ် ကြည့်လိုက်မိပါသည်၊ စာကြောင်းကလေးက ဖတ်သူအား ဟာဒယရွှင်ဆေးနှင့် ပက်လိုက်၏။

"၃. ၁၁. ၆၅၊ ဗုဒ္ဓဟူးနေ့ ယနေ့ကျောင်းပြေးသည်၊ မောင်ခင်လတ်၊ နတ်လူသာခုခေါ်စေသော်၊ သာခု သာခု သာခု" ဤ စာကြောင်းကလေးကို ဖတ်၍ တစ်ကိုယ်တည်း ပြုံးလိုက်မိပါသည်၊ ပြုံးပြီးသော် ထိုကျောင်းသားကလေးအတွက် စဉ်းစားလိုက်မိသည်၊ သူ့မှာ ဟာသဉာဏ်ကလေးရှိ၏၊ ဟာသပညာသည် လောကဓံကို ပျော်ပျော်ပါးပါး ခုန်လွှားနိုင်သောသတ္တိရှိမြဲပင်။ အကယ်၍ ကျောင်းမပြေးဘဲ ဟာသနှင့်တွဲ၍ ပျော်ပျော်ပါးပါး စာကြိုးစားလျှင်မူ သူကလေးသည် စာမေးပွဲအောင်ရမည် ဒိဋ္ဌ၊ "မင်း နောက်တစ်ခါ ဒီလို ကျောင်းမပြေးနဲ့တော့နော်" ဟု ကိုယ်တိုင်တွေ့၍ ဖျောင်းဖျအားပေးလိုက်ချင်သည်။

ဟော နောက်စာတစ်ကြောင်းက တစ်မျိုးပါကလား။

"၁၁. ၉. ၆၅၊ စနေနေ့၊ ဝင်းမောင်နှင့်မြင့် လာရောက်ဖူးကြသည်"



အင်း–သူတို့ကတော့ မောင်ခင်လတ်လို တစ်ကိုယ်ချင်းမဟုတ်ပါပဲကလား၊ အရပ်သူအရပ်သားကလေးများလေလား၊ မဟုတ်ပါ၊ ထိုနေ့မှ ငါးလကြာသောကာလ၌–

"၂၅. ၂. ၆၆ ဝင်းနှင့်မြင့် စာလာကျက်ကြသည်"

သူတို့လည်း ကျောင်းသားကလေးများသာပါပဲကလား၊ စာမေးပွဲကြီး နီးကပ်လာပေပြီ၊ ထိုစာမေးပွဲကြီးကို အောင်မြင်ကျော်လွှားနိုင်အောင် ဘုရားထံဆုတောင်းလျက် စာကျက်ကြဟန်တူလေရဲ့၊ သူတို့နှစ်ဦး၏စိတ်ထဲတွင် အတူတူဖြေ၍ အတူတူ အောင်လိုကြသည်မှာ ယုံမှားဖွယ်မဟုတ်တော့၊ သနားကြင်နာစရာကလေးများပါတကား။

"အောင်ကြပါစေကွယ်" ဟု ဝိုင်းကူ၍ဆုတောင်းလိုက်မိသည်။

နောက်စာတစ်တန်းကို မျက်စိကရောက်သွားပြန်လေသည်။ သူကတော့ စာပေသစ်ဆန်၏။

"ငိုခြင်း ရယ်ခြင်းနဲ့ အစတည်ခဲ့ရတဲ့ ဘဝမှာ အောင်မြင်ခြင်းနဲ့ ရှုံးနိမ့်ခြင်းဟာ မထူးဆန်းပါဘူး ငြိမ်းရယ်၊ ငိုခြင်းရယ်ခြင်းနဲ့ပဲ တစ်ဘဝတစ်ဇာတ်သိမ်းရမှာက ဘယ်သူမှ လွန်ဆန်နိုင်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ငြိမ်းတစ်ယောက်တော့ သာယာပျော်မွေ့သော ခရီးကိုဆက်၍ လျှောက်နိုင်ပါစေလို့"

ဤစာတန်းမှာတော့ ကာယကံရှင်၏နာမည်မှ မပါရှာပေ။ သို့သော် မောင်ဟဒ္ဒကလေး၏ ဖော်မဲ့တစ်ကိုယ်ကို တွေးကြည့်လိုက်မိသည်၊ ငြိမ်းကိုသူကင်းကွာခဲ့ရပြီထင့်၊ ငြိမ်းပဲ စာမေးပွဲကျလို့ သူနှင့်ကွေကွင်းရပေသလား၊ သူပင် တံချူရှင်အဖြစ်ဖြင့် ပင်မြင့်ကို တုံးခု၍ လှမ်းနေရရှာသူကလေးပေလား၊ မည်သို့ပင်ဖြစ်စေ သူ၏အာသီသကတော့ စေတနာနှင့်ယှဉ်နေရှာသည်။

ခရေရွက်လွင့် ကလေးများသည် လေရူးနှင့်အတူ တန်ဆောင်းတွင်းက သမံသလင်းပေါ်တွင် စိန်ပြေးတမ်း ကစားနေကြသည်။ တိုင်

www.burmeseclassic.com

www.burmeseclassic.com



တစ်တိုင်၌မှီထားသော တံမြက်စည်းတစ်ချောင်းနှင့် သူကလေးတို့အား 'ဒုံ' အရောက်ပို့၍ အပန်းဖြေစေလိုက်ရသည်။

"အလို ကြည့်စမ်းပါ"

တန်ဆောင်းနံ့ဘေးက သမံသလင်းပေါ်တွင် လူတစ်ဦး ခပ်ကွေးကွေးကလေးအိပ်ပျော်နေရှာသည်၊ သူ့လုံချည်မှာ ဘာရောင်ရယ်လို့မှ ခွဲခြား၍မရနိုင်၊ အစိမ်းလား၊ အပြာလား၊ အကွက်လား၊ အစင်းလား ရွှံ့ထဲတွင်နှစ်ထားသကဲ့သို့ မွဲညစ်ညစ်ရှိလှချေ၏။ ဒါတွင်လား မဟုတ်သေး၊ နောက်နားက စုတ်နေလေသေး၏။ အင်္ကျီကတော့ကောရှပ်အင်္ကျီညိုညိုညစ်ညစ်တွင် ပခုံးနှစ်ဖက်စလုံးက အပြနှင့် ဗရပွကျဲနေပြန်သည်၊ တံမြက်စည်းလှည်းရင်း မရဲတရဲအနားကပ်ကြည့်လိုက်မိသည်။ အသားမည်းမည်း၊ ဘိုကေသွင်းဆိုးဆိုး၊ မုတ်ဆိတ်မွေး ပါးသိုင်းမွေး နှုတ်ခမ်းမွေးထူလပျစ်နှင့် အသက်အစိတ်ပတ်ဝန်းကျင်လောက်ကုလားငယ်တစ်ယောက် ပေတကား။

သူအိပ်နေပုံမှာ ငြိမ်ယူနေပုံမျိုး မဟုတ်ကြောင်း သူ့မျက်နှာထားက ဖော်ပြနေသည်။ ရည်မှန်းချက်မရှိ၊ အချိန်းအချက်မရှိ၊ အလုပ်အကိုင်မရှိ၊ ဝမ်းစာအာဟာရမရှိ၊ စိတ်ပျက်လက်ပျက် စိတ်ကုန်လူပန်းညိုးနွမ်းစွာ အချိန်ဖြုန်းနေရသကဲ့သို့ လူ့လောကတွင် အရာမရောက်သော လူတစ်ယောက်အဖို့ 'မအိပ်မနေ အသက်ရှည်' ဆိုသော စကားသည် အဓိပ္ပာယ်မရှိ၊ အိပ်နေခြင်းကြောင့် သူ့အတွက် အကျိုးမယုတ်၊ သူတစ်ပါးအတွက်လည်း အကျိုးယုတ်ပုံမပေါ်၊ သူ့ကိုမျှော်နေမည့်သူမှ ရှိဟန်မတူ၊ ရှိပါလေစ၊ အထီးကျန်ဘဝ။

ကုလီထမ်း၊ လမ်းဘေးဈေးရောင်း၊ နေ့စားလစား ဝင်ငွေကလေးများရနိုင်မည့်ဘဝကို သူတောင့်တခဲ့မည်မှာ မုချ၊ ကြိုးစားမည်ကား အမှန်၊ သို့သော် ဘာတစ်ခုမျှ ရခဲ့ဟန်မတူ၊ တောင့်တတိုင်း မရသော ဆင်းရဲနှင့်နှိပ်စက်နေသော ဒုက္ခဒဏ်ကိုခံနိုင်ရာရာ၍ ခံသာအောင် ထိန်မိဒ္ဓအား ကိုယ်ရောစိတ်ပါ ပုံအပ်နေလေရော့သလား။



"ငါလဲ သူ့လို အိပ်ခဲ့ရဖူးပေါင်းများခဲ့ပကော"

အိပ်သောသူများ နိုးလာသောအခါ ဝမ်းဟာ၍ ဆာလောင်လာတတ်သည်။ လူရတတ်များမှာ စားဖို့သောက်ဖို့ အဆင်သင့်၊ အပူ၊ အအေး၊ အနွေး၊ အရည်ကလာပ် အဖတ်ကလာပ် တစ်ခုနှင့်တစ်ခု မထပ်အောင် ဝမ်းသမုဒ္ဒရာ အူဂင်္ဂါက မျှော်စရာရှိကြသည်။

သူ့မှာ စားစရာ ငွေကြေးသပြာမှ ရှိရှာလေရဲ့လား၊ ရှိပုံမရ၊ နွမ်းလျှတွေးတော ငေးဆောရင်း အိပ်ပျော်သွားပေလိမ့်မည်။

အခုနေ သူနိုးလာပြီဆိုပါတော့၊ သူနိုးနိုးချင်း သူ့ရင်ခွင်ထဲမှာ ကျပ်တန်ငွေ စက္ကူကလေး တစ်ရွက်တွေ့လိုက်ရတယ်ဆိုပါတော့၊ သူ ဘယ်လိုဝမ်းသာသွားမလဲ၊ သူဝမ်းပန်းတသာ ဖြစ်သွားတာကို ငါကြည့်ရရင် ကြည်နူးစရာကောင်းမှာပဲ။

ထိုအတွေးကိုရလိုက်သည်နှင့်တစ်ပြိုင်နက် အမရပူရ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ကောက်ချက်ချပုံ စကားရပ် တစ်ရပ်ကို သတိရလိုက်မိသည်။

"ဒီမှာ ဒကာသုခ၊ ဆွမ်းလှူရခြင်း၏အကျိုးငါးပါးလို့ သိထားကြတယ်နော်၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ဉာဏ်ပညာကြီးခြင်းပေါ့၊ အဲသည်အကျိုးငါးပါးကို ဆွမ်းလှူသူထက် ဆွမ်းစားရသူမှာ ဒိဋ္ဌဓမ္မအကျိုးခံစားပါစေဆိုတဲ့ စေတနာမျိုး ထားတတ်ရင် ဒါနခန်းမှာ တန်ဖိုးရှိလှပြီလို့မှတ်"

ဆရာတော်၏စကားမှာ တိုတောင်းသည်၊ နက်နဲသည်၊ ပြတ်သားသည်၊ အဓိပ္ပာယ်အပြည့်အဝရှိသည်။ ဒါနဟူသည် ကိုယ်ကျိုးအတွက် မဟုတ်၊ သူ့အတွက်သာဖြစ်ပါစေ။

ကျွန်တော်သည် အသံအသက်မဖြစ်စေဘဲ ကျပ်တန်ငွေစက္ကူကလေး တစ်ရွက် သူ့ရင်ခွင်ထဲသို့ မရွံ့မရဲ သွားချထားလိုက်သည်။ သူကတော့ တုတ်တုတ်မျှမလှုပ်။ သူနှင့်မနီးမဝေး နေရာကောင်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ရွေး၍ အေးအေးဆေးဆေး ပုတီးစိပ်နေလိုက်သည်။ သူ့ကို ပေးရသော ငွေတစ်ကျပ်အတွက် ကိုယ်ချမ်းသာဖို့မဟုတ်၊ နတ်ပြည်ရောက်ဖို့မလို၊ နာမည်ကောင်းရလိုစိတ်မရှိ၊ သူပင်လျှင် သိချင်မှသိ၊ ကျွန်တော် ကြည့်ချင်တာက သူဝမ်းသာသွားခြင်းပင်။

ပုတီးတစ်ပတ်ပြည့်ပြီ၊ သူမနိုးသေး။

ဓမ္မစကြာတစ်သုတ်လုံး ကုန်ပြီ၊ သူမလွန့်သေး။

"အေးလကွာ ဖြည်းဖြည်းပေါ့၊ မင်းမှာလဲ အလုပ်ရှိတာမဟုတ်၊ ငါမှာလဲ အလုပ်ရှိတာမဟုတ်၊ မရှိလို့လုပ်စားကြတာ ဖြည်းဖြည်းပေါ့" ဆိုသောစကားကိုပင်သွားသတိရလိုက်၏။

မကြာပါချေ။ ရွှေစက်ရာပြန့်ပြူးက လူးလွန့်တော်မူလိုက်ပြီ။ ခြေရောလက်ပါ လေးဖက်လေးတန်ပစ်၍ အပျင်းဆန့်လိုက်သည်။ အပျင်းဆန့်ရင်း သူ့ရင်ခွင်ထဲက ငွေစက္ကူကလေးကိုမြင်၍ အထိတ်တလန့် ဖြစ်သွားသည်၊ သူချက်ချင်း ငေါက်ခနဲ ထထိုင်လိုက်သည်။ ငွေစက္ကူကို ကပျာကယာ ကောက်လိုက်သည်၊ ပတ်ဝန်းကျင်ကို စူးစမ်းလိုက်သည်၊ သူကျွန်တော့်ကိုမြင်သည်။

သူ့အကြည့်တွင် "ငါ့အိတ်ထဲကပိုက်ဆံ သင်းနှိုက်လို့ ကျကျန်လေသလား" ဟူသည့် အဓိပ္ပာယ်မျိုးပါသည်။

သင်္ကာမကင်းသောကြည့်ပုံမှာ မျက်နှာနှင့်မျက်လုံးတွင် စွပ်စွဲသည့်စိတ် အပြည့်အဝပါကြောင်းသတိထားလိုက်မိသည်၊ အကယ်၍သာ စေတနာ ရေ့ရှုမှု ကျွန်တော့်တွင်မထားခဲ့မိပါက သူ့အကြည့်သည် တစ်ဖက်သားအား ခံပြင်းသည့် ဒေါသတရားကို ပင့်ဖိတ်လိုက်သကဲ့သို့ ရှိလိမ့်မည်၊ ယခုတော့ ကျွန်တော် ခွင့်လွှတ်ရုံမက ရယ်စရာကလေးလိုပင် ဟာသမြောက်လှသည်။ အင်း-စေတနာဟာ ကိုယ်ခံပညာ တစ်ရပ်ပါပေ။

လှစ်ခနဲလောက်မြန်သော ကျွန်တော်၏တွေးတောမှု၊ ဆုံးဖြတ်



မှု၊ ဝေဖန်မှုတွေ အကြားတွင်ပင် ကျွန်တော့်မျက်နှာမှလွှဲ၍ သူ့အိတ်ထဲ သူနှိုက်ကြည့်လိုက်သည်၊ ငွေစက္ကူအဟောင်းကလေးနှစ်ရွက် ထပ်လျှက် သားပါလာသည်၊ ဒါပင်လျှင်သူ၏ရှိစုမဲ့စုဘဏ္ဍာတည်း၊ ထမင်း တစ်နပ် လျှင် တစ်ကျပ်ပင် ဆိုပါဦး၊ ညမနက်စာသာ ရှိရာသည်။

'ဟင်-ငါ့အိတ်ထဲက ပိုက်ဆံတွေလဲ အရှိသားပဲ၊ ဒါဖြင့် ဒီကျပ်တန်က' သူ့အတွေး ဒီတင်ပဲ ရပ်လိုက်ဟန်တူသည်။ ကျွန်တော့်ကို ဖျတ်ခနဲကြည့်လိုက်ပြန်သည်၊ ဤအကြည့်ကတော့ သင်္ကာယနကင်းသွားသော သန့်ရှင်းသည့် အကြည့်ပင် ဖြစ်သည်။

သြော်-စိတ်ကြောင့် ရုပ်ဖောက်ပြန်မှု မြန်လှပါကလား။ မသင်္ကာစိတ်နှင့် ယုံကြည်စိတ်၊ ရန်လိုရုပ်နှင့်ခွင့်လွှတ်ရုပ်၊ ကျွန်တော် ငွေတစ်ကျပ်ပေး၍ လူ့သဘာဝ'အက်တင်'ကို ရုပ်ရှင်ကြည့်သလိုကြည့်ခွင့်ရသည်၊ တစ်ကျပ်မက တန်လှပါသည်။

သူငေးမော၍ စဉ်းစားလိုက်သည်၊ ဒီပြဿနာကို အပြေအပြစ်မတွေ့၊ ဒီတစ်ခါတော့ ကျွန်တော့်ကိုခင်မင်စွာ၊ လေးစားစွာ၊ ကြည်ညိုမှုဖွားခိုး၍ကြည့်သည်။ တန်ဆောင်းတိုင် လူ့တစ်ရပ်လောက်တွင် ချိတ်ထားသောကျွန်တော့်ရုပ်အင်္ကျီအပေါ်အင်္ကျီများကိုမော်ကြည့်သည်၊ ထို့နောက် ကျွန်တော့်မျက်နှာသို့ သူ့မျက်လုံးများက ဆင်းလာသည်၊ သူသည် ကျွန်တော့်အား တစ်စုံတစ်ခုသောစကားကိုဆိုချင်သည်၊ သို့သော် ပတ်ဝန်းကျင်ကို လျစ်လျူပြုထားသော ကျွန်တော့်ဣန္ဒြေကြောင့် သူ့အကြံကို ရုပ်သိမ်းလိုက်သည်။

နာရီဝက်လောက်ကြာအောင် ကျွန်တော့်ကို ခိုး၍ခိုး၍ ကြည့်သည်။ နောက်ဆုံး ကျွန်တော့်အား စကားစရန် လက်လျှော့လိုက်ပုံနှင့် မတ်တတ်ရပ်လိုက်သည်၊ တိုင်တစ်တိုင်တွင် ကျွန်တော်အသုံးပြုပြီး၍ ထောင်ထားသော တံမြက်စည်းကို ကိုင်လိုက်သည်၊ ကျွန်တော့်နေရာ၏ ပတ်ဝန်းကျင်နှင့်တကွသော တန်ဆောင်းငယ်ကလေးအတွင်းက ခရေ

www.burmeseclassic.com

www.burmeseclassic.com



ရွက်ကလေးများကို ညင်သာစွာ သုတ်သင်လှည်းကျင်းလိုက်သည်။ သူ၏ အရှုတ္တိက လိုလားချက်ကား "ငါအဖို့ နာမည်ကောင်း မလို၊ ငါ့အတွက် မဟုတ်၊ သူများအတွက်" ဟူသော စေတနာမျိုး ဖြစ်ဟန်တူသည်။

သူ တံမြက်လှည်းနေစဉ်ပင် ကျွန်တော်၏ အစီအစဉ်အရ အထက် ပစ္စယံတော်ပေါ်သို့ ဆက်လက်၍ ထွက်ခွာခဲ့သည်။ တံမြက်စည်းကို ကိုင်ရင်း ကျွန်တော်၏ တရွေ့ရွေ့ဝေးသွားသော နောက်ကျောကို သူကြည့်နေသည့်အကြည့်ကို ကျွန်တော်ကောင်းစွာ ခံစားလိုက်ရပါသည်၊ နောက်တစ်နေ့ ကျွန်တော်ရောက်သွားပြန်သည်၊ သူ့ကို မတွေ့ရတော့၊ သူ့အဖို့ တစ်ဝမ်းတစ်ခါး စားဖို့ သောက်ဖို့ အလုပ်ကလေးများ ရသွားလေပြီလား။

[ငွေတာရီ ၁၉၆၆ ဇွန်]

# ကြည်ကြည်ငွေး

ကြည်ကြည်ငွေးအကြောင်းပြောရမယ်ဆိုလျှင် 'ကငွေး' ဆိုတဲ့ ပြဇာတ်ရုံမှ စရလိမ့်မယ်။ ငယ်နာမည်–မကျင်၊ ဇာတ်နာမည်–အောက်ချင်းမ၊ ပြဇာတ်မင်းသမီးနာမည်–မာလာရီ ဆိုတဲ့အမည်တွေက ရုပ်ရှင်ပြဇာတ်ကေရီ ကြည်ကြည်ငွေးဘဝကို 'ကငွေး'က ခွေးပေးလိုက်တာဖြစ်လို့ပါပဲ။

ဒုတိယကမ္ဘာစစ်ဖြစ်လို့ ရုပ်ရှင်ကုမ္ပဏီတိုင်း ရုပ်ဆိုင်းလိုက်တာနှင့်တစ်ပြိုင်တည်း ရုပ်ရှင်သမားတွေ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရတယ်၊ ဂျပန်ဝင်လာပြီး နေသားတကျ ရှိသလို ဖြစ်တဲ့အခါမှာတော့ ရုပ်ရှင်ကုမ္ပဏီတွေက အသံတိတ်ကားဟောင်းတွေပြလို့ ဝင်ငွေ သိပ်ကောင်းလာကြတယ်၊ ကောင်းသမှ ကားသစ်အနေနဲ့ စပြခဲ့ရတဲ့ဝင်ငွေထက် ပိုတယ်။

စစ်ဆားစစ်ဒုက္ခ သောကအထွေထွေကို စိတ်ပြေလက်ပျောက်ကြည့်စရာက အဲသည်ကားဟောင်းတွေပဲရှိတယ်၊ ဇာတ်သဘင် အငြိမ့်ဆိုတဲ့ အဖွဲ့အစည်းတွေက ဇာတ်ခေါင်းကွဲနေကြတဲ့အချိန်မှာ ပြဇာတ်နှင့် ကားထုပ်ရှိလျှင် ရုံဝင်ခရတဲ့အလုပ်က စားသာနေကြတယ်၊ ဘယ်လောက်ညံ့တဲ့ကား ဖြစ်ဖြစ် ရုံပြည့်အောင်ကြည့်ကြတာပဲ။

အပျက်အစီးတွေ စုပုံနေတဲ့မြို့ထဲမှာထက် ရွှေတိဂုံခြေရင်းက ဗဟန်းရပ်ကွက်တစ်ခုလုံးဟာ မဟာရန်ကုန်ဖြစ်နေတယ်၊ အဲသည်က ကန်တော်မိတ်ရုံနှင့်ကန်တော်မင်္ဂလာရုံနှစ်ရုံဟာ အဲသည်အချိန်ကတော့ သမ္မတနှင့်ပပဝင်းပေါ့။

ရုပ်ရှင်ဇာတ်လိုက်မင်းသမီးမင်းသားတွေမှာ သူတို့ပါဝင်သရုပ်ဆောင်ထားတဲ့ဇာတ်ကားတွေက သောက်သောက်လဲအောင် ငွေတွေ

www.burmeseclassic.com

www.burmeseclassic.com



ရနေပေမယ့် သူတို့မှာတော့ ဘာမလုပ်တတ် ညာမလုပ်တတ်နဲ့ ကုန်းကောက်စရာမရှိအောင် ဆင်းရဲနေကြရတယ်၊ ဘယ်ရုပ်ရှင်ကုမ္ပဏီကမှ အရေးစိုက်တယ် မကြားဖူးပါဘူး။

လူတိုင်းအရောင်းအဝယ် ပွဲစားကုန်သည်လုပ်လို့ ဂျပန် ငွေစက္ကူတွေ ပလူပျံနေတဲ့လက်ကျဲကြီးထဲမှာ ရုပ်ရှင်မင်းသမီး မင်းသားတွေမှာတော့ အရောင်းအဝယ်လည်း မလုပ်တတ်ကြဘူး၊ မလုပ်ဝံ့ကြဘူး၊ လုပ်လည်း မလုပ်ချင်ကြဘူး။ ဇာတ်ကားတွေထဲမှာ မိမိတို့မျက်နှာနဲ့ အကဲတင်လုပ်နိုင်ကြပေမယ့် လူထုကြားထဲဝင်ပြီး အရှင်လတ်လတ် လှုပ်ရှား ဆက်ဆံရမှာတော့ ရှက်တယ်၊ ကြောက်တယ်၊ ဂုဏ်ငယ်တယ်လို့ ထင်နေကြတယ်။

လူဆိုတာ အကျဉ်းအကျပ် အခက်အခဲက ထွက်ပေါက် လွတ်ပေါက်ရှာကြရတာ ဓမ္မတာပဲ၊ ကံကြဖန်ကြတာ ထုံးစံပဲ၊ ကြံတော့လည်း ဖြစ်တာပဲ၊ ဒီတော့ ဘာလုပ်ကြသလဲ။ ဇာတ်စင်ပေါ်တက် လူလုံးပြပြီး မိမိတို့ဆိုတတ်ပြောတတ် အမူအရာလုပ်တတ်သလို သရုပ်ဆောင်ပြပြီး 'လူဘိုင်စကုတ်' ဆန်ဆန် ပြဇာတ်တွေလုပ်လာကြတာပေါ့။ အဲသည်လိုလုပ်လိုက်တော့ ရုပ်ရှင်ကားဟောင်းကားဆွေးတွေပြနေကြတာထက် အောင်မြင်ပြီး ရုပ်ရှင်ရုံတွေက ပြဇာတ်ရုံဖြစ်လာကြတာပါပဲ။

အတိုချုံးပြောရရင် ရန်ကုန်အနောက်ပိုင်း ရွှေတောင်တန်းထိပ်က 'ကသေး' ဆိုတဲ့ တရုတ်ရုပ်ရှင်ရုံဟာလည်း 'ကဒွေး'ဆိုတဲ့ ပြဇာတ်ရုံဖြစ်လာခဲ့ပါတယ်၊ လူကြိုက်လို့ ဝင်ငွေကောင်းလာတော့ ပြဇာတ်အဖွဲ့တွေ ပြဇာတ်ရုံတွေ အလျှိုလျှိုပေါ်လာတာပေါ့၊ ပန်းဆိုးတန်းမှာ ဝင်းဝင်းရုံ၊ ရေကျော်မှာ ဇော်ရုံ။

ပြဇာတ်အဖွဲ့တွေများလာတော့ မင်းသမီးမင်းသားတွေ ရှားလာတယ်၊ အကြောင်းက ရုပ်ရှင်မင်းသမီးမင်းသားတိုင်း ပရိသတ်ကြိုက်တဲ့ ပြဇာတ်သရုပ်ဆောင်ကောင်းဖြစ်နိုင်တာ မဟုတ်ပါဘူး၊ ရုပ်ရှင်မှာ



မှားလျှင်ပြန်ရိုက်လို့ရတယ်၊ ပိုလျှင်ဖြတ်လို့ရတယ်၊ သီချင်းကိုလည်း သူများက ဆိုပေးလို့ရတယ်၊ ဖလင်ကို စိတ်ကြိုက် ဖြတ်တောက် ပြုပြင်လို့ သဲလဲစင်ကောင်းလာမှ ပိတ်ကားပေါ်မှာ ပြရတာကြောင့် ပရိသတ်က ကြိုက်နေကြတာ ဖြစ်တယ်။

ပြဇာတ်ခုံပေါ်ကျတော့ ထွက်တယ်ဆိုကတည်းက ပရိသတ်နဲ့ နဖူးတွေ့ဒူးတွေ့တွေ့ကြရပြီ၊ စကားအပြောအဆို သီချင်းရဲ့ စည်းဝါး အသံတည် အသံထား အမူအရာမှားလို့ မဖြစ်တော့ပါဘူး၊ မိမိနဲ့ တွဲဖက်သရုပ်ဆောင်သူနဲ့ အပေးအယူမျှအောင် မျက်နှာပေး မျက်နှာယူတွေကိုလည်း တတ်မှဖြစ်တယ်၊ အဲသည်သဘင်ပညာမျိုးက အလေ့အကျင့် မရှိလျှင် တော်တော်ခဲယဉ်းတာကြောင့် ရုပ်ရှင်မှာ နာမည်ကျော်ပေမယ့်လည်း ပြဇာတ်ပေါ်မှာ နာမည်မရနိုင်ကြပါဘူး၊ ဒါကြောင့် ပြဇာတ် မင်းသမီးကောင်း မင်းသားကောင်း လိုလာကြတာပေါ့။

အခုနပြောတဲ့ ကဒွေးရုံမှာ ကျွန်တော်က 'ချစ်တော့ချစ်တယ်' ပြဇာတ်ကို တင်ပြီးတဲ့အခါမှာ ပြဇာတ်မင်းသမီး မင်းသားအသစ်တွေ ပေါ်လာအောင် အနုပညာရှင်ရွေးပွဲလုပ်ကြဖို့ အဖွဲ့ပိုင်ရှင် ရုံပိုင်ရှင်တို့နှင့် တိုင်ပင်ပြီးသတင်းစာတွေထဲက ကြော်ငြာခေါ်ယူလိုက်တယ်။ လာလိုက်ကြတဲ့ ဝါသနာရှင်ကလေးတွေ အမျိုးသမီးရော အမျိုးသားရော အရွယ်အစားစားအများကြီးပေါ့၊ လက်စလက်နရှိတဲ့ [illegible] ကလေးတွေလည်းပါကြတယ်။ အကဲဖြတ်အဖွဲ့ထဲ [illegible] သတင်းထောက်၊ စာရေးဆရာ၊ ဂီတသဘင်ပညာရှင်[illegible]ပေါ့။

သတ်မှတ်ကြော်ငြာထားတဲ့ပြိုင်ပွဲ[illegible] အလိုမှာ ကျွန်တော့်အိမ်ကို ကြည်ကြည်မွေး[illegible] ခင်ပွန်းကိုအောင်သိန်းတို့ရောက်လာကြ[illegible] သက်လို့ စုံစမ်းမေးမြန်းရအောင်လာကြ[illegible] သူတို့ [illegible] တွေ့ရခြင်းပါ။ အသားအရေသိမ့်စိမ့်၊ [illegible]

www.burmeseclassic.com



မျက်လုံးမျက်ဖန် နှာတန်နှုတ်ခမ်းက မြန်မာဆံဆံ၊ ရိုးရိုးသားသား သာမညရုပ်မျိုး၊ အသက်ကတော့ နှစ်ဆယ်ပတ်ဝန်းကျင်လောက်ပဲ။

သူကျင်လည်ခဲ့ရသော အတွေ့အကြုံအရည်အချင်းတွေကို ပြောပြပါတယ်။ ဇာတ်ထဲမှာ အောက်ချင်းမ အမည်နှင့် ဇာတ်မင်းသမီး လုပ်ခဲ့ဖူးကြောင်း၊ ကျော်အုံးလှိုင်အဖွဲ့ ရာဇဝင်ပြဇာတ်မှာ မာလာရီ ဆိုတဲ့ အမည်နှင့် အတော်ထင်ရှား လူကြိုက်များခဲ့ကြောင်း၊ ယခု ဇာတ်ခေါင်း ကွဲ၍ နားနေရကြောင်း၊ ကဒွေးရုံမှာလုပ်မယ့် ပြဇာတ် မင်းသမီး ပြိုင်ပွဲကို ဝင်လျှင် လက်ခံနိုင်စရာရှိမရှိ သိလို၍ လာရောက် မေးမြန်းရခြင်း ဖြစ် ကြောင်း ပြောပါတယ်။

သူပြောနေတဲ့အမူအရာ လေသံဟန်ပန်တို့ဟာ သူ့ဝတ်ဆင် လာတဲ့ အဝတ်အစားနှင့်လိုက်ဖက်အောင် ရိုးရိုးသားသားပါပဲ။ ရဲတင်း ပွင့်လင်းပေမယ့် ရိုသေလေးစားခြင်းအပြည့်ဖော်ပြနေတယ်၊ ကြွားဝါ ဟန်ဆောင်မှုကင်းတယ်၊ သူ့ရဲ့ထုံးဖွဲ့ဆင်ယင်မှု၊ ခြယ်လှယ်လိမ်းသမှု မှာလည်း မျက်ခုံးမဆွဲ သနပ်ခါးရည်ကျဲကလေးလောက်ပါပဲ။ တကယ် တော့ ခေတ်အမျိုးသမီး ပညာတတ်ကလေးတွေကြားမှာ သူလို ဇာတ် မင်းသမီးက ဝင်လျှောက်ယှဉ်ပြိုင်ရမှာ မဝံ့မရဲဖြစ်နေကြောင်း အတိ အလင်း ဖွင့်ပြောပါတယ်။

ကျွန်တော်ကတော့ သူ့အရည်အချင်းကို စတွေ့တွေ့ချင်းပဲ အကဲခတ်နိုင်ပြီ။ ပြဇာတ်ရဲ့ဂုဏ်အင်္ဂါ ပြဇာတ်ရဲ့ပညာဟာ သဘင်ပညာ က ပေါက်ဖွားလာတာလို့ ပြောရပါလိမ့်မယ်။ သို့ပေမဲ့ သဘင်ပညာကို ပြဇာတ်စင်ပေါ်မှာ ဇာတ်မှုအတိုင်းသုံးလျှင်တော့ ဇာတ်ဆန်နေတတ် ကြပြန်ပါတယ်၊ ဒီလိုကျပြန်တော့ ပရိသတ်က လက်မခံကြဘူး၊ ဒါ ကြောင့် ကျွန်တော်က သူ့ကို အမှတ်တရမှာလိုက်ရတယ်။

"ကဲ–မကျင်၊ ပြိုင်ပွဲသာ လာဝင်လှည့်၊ ကိုယ်ရတဲ့ခေတ်သီချင်း တစ်ပုဒ်ကိုဆိုပြရမယ်၊ သီချင်းဆိုရင်း အမူအရာလုပ်ပြရမယ်၊ နောက်



တွဲဖက်တစ်ယောက်နဲ့ သတ်မှတ်ထားတဲ့ အချစ်စကား၊ အလွမ်းစကား၊ အပေးအယူစကားတွေကို အပြောခိုင်းလိမ့်မယ်။ ဒါတွေဟာ ဇာတ်သမား တစ်ယောက်အနေနဲ့ အလွယ်ကလေးပဲဆိုပြီး စိတ်လိုက်မာန်ပါ မလုပ် လိုက်နဲ့၊ အရပ်သူ ကျောင်းသူလို့ ပရိသတ်က ထင်ရအောင် ခပ်လျှော့ လျှော့ လုပ်ပေး၊ နားလည်အောင် ထပ်ပြောမယ်၊ ခုနစ်တန်းစာမေးပွဲကို ဘီအေလိုမဖြေနဲ့၊ ဘီအေလိုဖြေလျှင် စာမေးပွဲကျလိမ့်မယ်၊ ဒါပဲ"

ပြိုင်ပွဲလုပ်မည့်နေ့မှာ သူ့ကိုတွေ့လိုက်ရတော့ ကျွန်တော် ဒေါသဖြစ်မိတာကို သတိရနေပါသေးတယ်။ အဝတ်အစားအဆင်အပြင် အလိမ်းအခြယ်တွေက သာမန်ရိုးရိုးရှိပေမယ့် ဆံပင်ကိုခေတ်ဆန်အောင် ရယ်လို့ ခပ်တိုတိုဖြတ်ပြီး အကောက်အတွန့်ကလေးတွေ လုပ်လာလို့ လေ။

ဤပြိုင်ပွဲမှာ ဘီအေလို သူမဖြေလိုက်ပါဘူး၊ ဖြေများဖြေလိုက် လျှင် ကျမှာက မရှုမလှပါပဲ၊ ဘာဖြစ်လို့လဲဆိုတော့လျှောက်လွှာထဲမှာ ဇာတ်ပုံနှင့်တကွ အရည်အချင်းကိုဖော်ပြရတာကြောင့် ဇာတ်မင်းသမီး ကလေးဆိုတာကို အကဲဖြတ်အဖွဲ့က သိထားကြသကိုး။

အရပ်သူ ကျောင်းသူ အပျော်တမ်း ဝါသနာရှင်တွေထဲမှာ ဇာတ်မင်းသမီးတစ်ယောက်က ဝင်ပြိုင်လို့ ဘယ်တရားမှာလဲ၊ ခွင့်မပြု ထိုက်ဘူးပေါ့၊ ဒီတော့ ကျွန်တော်က ဝင်ပြောရတယ်။

"ကျွန်တော်တစ်ခုပြောပရစေ၊ အခုလုပ်တဲ့ပွဲဟာ ကျောင်းကပွဲ အတွက် လူရွေးတာမဟုတ်ပါဘူး၊ ကြေးစားပြဇာတ်အတွက် ကြေးစား ပညာသည်ကိုဖြစ်စေ၊ အရပ်သူအရပ်သား အပျော်တမ်းပညာသည် ဖြစ်စေ တော်တဲ့လူ သင့်တဲ့လူကို ကျွန်တော်တို့ အသုံးချနိုင်ဖို့ ရွေးယူကြ ရမှာဖြစ်ပါတယ်၊ ဒါကြောင့် အကဲဖြတ်အဖွဲ့က လက်ခံကြည့်ကြပါဦး" လို့။ ဒါကို တစ်ဦးကပြောသေးတယ်။ "ပြဇာတ်မင်းသမီးရွေးတာ ဇာတ် ဆန်နေလျှင် ဘယ့်နှယ်လုပ်မလဲတဲ့" လေ။ "ကြည့်ပြီးမှ ဆုံးဖြတ် ပါစို့

www.burmeseclassic.com

www.burmeseclassic.com



လား ခင်ဗျာ။ ဇာတ်ဆန်တာကို ကျွန်တော်တို့လည်း မကြိုက်ပါဘူး”

အဲသလိုနဲ့ပဲ မင်းသမီးရွေးပွဲမှာ မကျင်က ဒုတိယရခဲ့ပါတယ်။ ပထမရသူက ယခု မြင့်မြင့်ဌေးလို့အမည်ရခဲ့တဲ့ မကြည်ပါ။ တကယ်က လည်း မကြည်က ကိုယ်လုံးကိုယ်ထည် ဖွံ့ဖွံ့ဖြိုးဖြိုး ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးလို ခန့်ပါတယ်၊ လှပါတယ်၊ အပြောအဆို အမူအရာ လည်း ရဲဝံ့ပိုင်နိုင်ပါတယ်။ ဩောင်လေးပင်သူ ဝါသနာရှင်တစ်ဦးပေါ့။ သူ့ကိုလည်း ကျွန်တော်ပဲ တိုက်တွန်းခဲ့ရတာပါ၊ မြို့တော်ခန်းမမှာ ‘တေး ချိုချို’ဆိုတဲ့ ပြဇာတ်ကို မင်းသားကြီးကိုဇေယျ ပထမပြဇာတ်စင်ပေါ် ကျွန်တော်တင်တဲ့ပွဲမှာ မကြည်က လာကြည့်လို့ စသိတဲ့နေ့မှာပေါ့။

နာမည်ကျတော့ အရပ်အမောင်းမြင့်မားတဲ့မကြည်ကို ‘မြင့်မြင့် ဌေး’။ သွယ်သွယ်လျလျ မကျင်ကို ‘ကျင်ကျင်ဌေး’လို့ခေါ်ရမှာ တရုတ် ဆန် နေတဲ့အတွက် ‘ကြည်ကြည်ဌေး’လို့ ကျွန်တော်တို့ အကဲဖြတ်အဖွဲ့ ကက ကင်ပွန်းတပ်လိုက်ကြပါတယ်၊ သူတို့အပြင် မင်းသမီးကလေး နှစ်ယောက်နဲ့ မင်းသားသုံးယောက်လို့ ထင်ပါတယ် အရွေးခံရတာ။

ကြည်ကြည်ဌေးကို ကဌေးမှာ စပြီး စင်တင်တာက ကျွန်တော် ရဲ့ ‘ဩဘာမိန်းမ’ ပြဇာတ်ပါ။ ကြည်ကြည်ဌေးနှင့်မြင့်မြင့်ဌေး ကဌေး မင်းသမီးနှစ်ယောက်စလုံးကို တစ်ပြိုင်တည်းတင်ပြနိုင်မယ့် ပြဇာတ် အသစ် တစ်ခုကို ကျွန်တော်က ရေးသားစီစဉ်နေတဲ့အတွင်း မြိုင်ရုံမှာ တင်ခဲ့ဖူးတဲ့ ‘ဩဘာမိန်းမ’ မှာ ကြည်ကြည်ဌေးကို ‘ခွပ်လက်ချ’ ကြည့်ရ အောင် တင်ကြည့်တာပါ။ သူလုပ်ရမယ့်နေရာက မင်းသမီးမဟုတ်ပါ ဘူး။ စိန်ကုန်သည်ဟန်ဆောင်၊ ဆရာဝန်ကတော်ဟန်ဆောင်ပြီး စိန်ကုန် သည် ကြယ်နီကြီးရဲ့စိန်တွေကို လိမ်ယူထွက်ပြေးရမယ့် မိန်းမလည် ကလေးနေရာကပါ။ သူကတော့ မင်းသမီးမလုပ်ရလို့ သိပ်ကျေနပ်ပုံ မပေါ်ပါဘူး၊ ဒါကိုကျွန်တော်သိတယ်၊ ကျွန်တော်ကလည်း ကျွန်တော့် ရည်ရွယ်ချက်နဲ့ကျွန်တော်။



သူ့ကိုဇာတ်စင်ပေါ်မှာ အောက်ချင်းမအနေနဲ့လည်း မကြည့် ဖူးဘူး၊ မာလာရီအနေနဲ့လည်း မမြင်ဖူးဘူး၊ ဒီတော့ မြေစမ်းခရမ်းပျိုး ရအောင် အကွက်နည်းနည်းမှာ အရည်အချင်းအများဆုံးပြနိုင်မယ့် ဇာတ် ကွက်ကို ပေးကြည့်ခြင်းပါ၊ အဲ–‘ဆုတ်သာတက်သာ’လည်း ဖြစ်သပေါ့။

ဒီနေရာမှာ ဇာတ်ကောင်ဇာတ်ကွက်ရဲ့ အရည်အချင်း ဖြစ်ပုံကို ပြောရဦးမယ်။ တချို့မင်းသမီးမင်းသားဇာတ်ကောင်ဇာတ်ရုံများဟာ ဇာတ်ကွက်ထဲမှာ ဂုဏ်နိမ့်မယ်၊ အကျင့်စာရိတ္တ ဖောက်ပြားရမယ်ဆိုတဲ့ ဇာတ်ကောင်မျိုးနေရာမျိုးဆိုလျှင် ရှောင်ချင်ကြတယ်၊ မလုပ်လိုကြဘူး။ ကျွန်တော်ပြောရပါတယ်၊ ကြည်ကြည်ဌေးဟာ အဲသည်တုန်းက ကျွန် တော့်ကို မငြင်းဝံ့လို့လုပ်ရရှာတာပဲ။

နောက်တော့ သူသိလာပါတယ်၊ ကိုယ်ရုပ်ရည်အလှနှင့် ယောကျ်ားတွေကို‘ကျ’အောင် ပြောရ ဆိုရ၊ မူရန္တ့ရ၊ ငိုရမဲ့ရ သဘာဝကျ အောင် သရုပ်ဆောင်ရတာဟာ ဣန္ဒြေ သမ္ပတ္တိနဲ့ လှလှကလေးလုပ်ပြ ရတာထက် ခက်ခဲပါတယ်၊ ဒါမျိုးက ဟာသ–ပသာဒ–ဝေဒန စကား ကြွယ်မှ လုပ်နိုင်ကြပါတယ်။

ဇာတ်ကောင် နေရာအရွေးမှားမှန်း နောက်မှသိလို့ နောင်တ ရကြတဲ့အဖြစ် ကြုံခဲ့ဖူးတာ ပြောရဦးမယ်၊ ကျွန်တော်ရဲ့ ဂုဏ်ရည်မတု ဝတ္ထုကို ဂျပန်ခေတ်က ကန်တော်မိတ်ရုံမှာ ‘ဂုဏ်’ဆိုတဲ့နာမည်နဲ့ တင်တဲ့ အခါတုန်းကပေါ့။ သူတောင်းစားမကလေးမယ်သုံနေရာမှာ နာမည်ကြီး ရုပ်ရှင်မင်းသမီးကလေးတစ်ယောက်က သူမလုပ်ပါရစေနဲ့လို့ တောင်း ပန်တယ်၊ သူဌေးသမီးကလေးနေရာမှာသာ ထားပေးပါတဲ့။ နောက် အရှုးပေါက်စီ နေရာလည်း နာမည်ကြီး ရုပ်ရှင်မင်းသားတစ်ယောက်က ငြင်းပြန်တယ်။ ကဲ–ဒီတော့ ယိမ်းခေါင်းဆောင်အဖြစ်နဲ့ပါလာတဲ့ အေဝမ်းက ဇာတ်ရုံ မင်းသမီးကလေး မေကျင်ကို မယ်သုံအလှပြခိုင်းပြီး အရွယ်ကြီးတဲ့ မင်းသား ကိုဘချစ်ကို အရှုးပေါက်စီအလှပြခိုင်းရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီး မင်းသမီး မင်းသားနှစ်ယောက်တော့ တစ်ယောက်က ပန်းချီဆရာ၊ တစ်ဦးက သူဌေးသမီးကလေးပေါ့။

ဇာတ်လည်းတင်ကလိုက်ရော၊ ပေါက်စီနဲ့မယ်သုံဆိုတဲ့နာမည်က ဟိန်းထွက်လာပါလေရော၊ မင်းသမီးနာမည်လည်း 'ဂုဏ်မေကျင်'ဖြစ်သွားရော၊ နှစ်ရက်သုံးရက်ကပြီးတော့ သူတို့နှစ်ယောက်က အရေးဆိုလာပြန်တယ်၊ သူတို့က နာမည်ကြီးမင်းသမီးမင်းသားတွေပါတဲ့၊ သူတို့ကိုလည်း ဒီနေရာတွေမှာ ပေးက,ပါတဲ့၊ က,လက်စ လူနှစ်ယောက်ကလည်း မပေးနိုင်ဘူးလေ၊ မင်းတို့ မက,ချင်လို့ မင်းတို့က ပယ်လို့ တို့က ဝင်က,ရတာ၊ အခုမှ ငါးပွက်ရာ ငါးစာ လာမချနဲ့ပေါ့၊ အဲသည်အရေးက တုတ်တပြက် ဓားတပြက် ဖြစ်ကြတဲ့အထိပဲ၊ နောက် စကားနည်း ရန်စဲ ကျွန်တော်ကပဲ သုံးရက်စီ ဝင်ကကြဖို့ စီစဉ် ပေးရတယ်၊ ဒါပေမဲ့ လမိုင်းမကပ်တော့ဘူးလေ၊ အထာမကျတော့ ပရိသတ်က လက်မခံတော့ဘူး၊ ဂုဏ်မေကျင်မှ မေကျင်ပဲ၊ အရှုးပေါက်စီလည်း ကိုဘချစ်မှပဲ။

ကြည်ကြည်ဌေးအကြောင်းကိုဆက်ရမယ်ဆိုလျှင် အဲသည်ပြော်မိန်းမမှာပဲ ပရိသတ်က လိုလိုလားလားလက်ခံလာတာကို တွေ့ရတယ်၊ သူ့ဟာသ ကလေးတွေက ထိမိတယ်၊ ကြယ်နီကြီးကလည်း လူရှင်တော်ကောင်း၊ သူကလည်း အပို့အယူတတ်တဲ့မင်းသမီးမို့ အအုပ်အခံနဲ့လုပ်သွားလိုက်ကြတာ ပရိသတ်မှာ တဝါးဝါးပါပဲ၊ တကယ်တမ်းပြောရလျှင် ဒီနေရာမျိုးမှာ တော်ရုံပညာနဲ့မရတာ လက်တွေ့ပဲ။

ပြော်မိန်းမ ပြီးတော့ သူနဲ့မြင့်မြင့်ဌေး ပြိုင်တူပါဝင်တဲ့ ချစ်ကုမ္ပဏီဆိုတဲ့ပြဇာတ်ကို တင်ရပါတယ်၊ မြင့်မြင့်ဌေးကို အလှအပနဲ့ ချစ်စရာကောင်းပြီး သူဌေးသမီးနေရာက မောင်မျိုးချစ်နဲ့တွဲစေတယ်။ ကြည်ကြည်ဌေးကိုတော့ အဖိနှိပ်ခံဆင်းရဲသူကလေးနေရာက မင်းသားအသစ်ကလေးတစ်ယောက်နဲ့တွဲစေပါတယ်၊ မြင့်မြင့်ဌေးနေရာက ယောက်မြူးစရာနှင့် ချစ်စရာ၊ ကြည်ကြည်ဌေးနေရာက အလွမ်းပေါ့။



ကျွန်တော်ဇာတ်ခွင်ချလူရွေးတဲ့နေရာမှာ အမြဲသတိထားတာ ရှိပါတယ်။ ဥပမာနဲ့ပြောရရင် ရေမြွေကို မြွေဟောက်လို မသုံးနဲ့၊ မြွေဟောက်ကို ရေမြွေလို မသုံးမိဖို့ပဲ။ ရုပ်ရှင်တို့ ပြဇာတ်တို့မှာ ဒါရိုက်တာသာ ပဓာန၊ ဒါရိုက်တာရဲ့ အရည်အချင်း ပင်ကိုဗီဇနှင့် ပညာကိုပါ အကဲခတ်ပြီး ကိုင်တွယ်ကြရပါမယ်၊ ရေမြွေကို ပါးပြင်း မထောင်ကောင်းလားလို့ ရိုက်သင်လည်း သေရုံပဲရှိမှာပါ၊ မရပါဘူး။ အဲ–မြွေဟောက်ကို ပါးပျဉ်းမထောင်ရအောင်ထားလျှင်လည်း သူ့အစွမ်းအစကို ဖော်မပြလိုက်နိုင်သလို ရှိပါလိမ့်မယ်၊ ကိုယ့်တပည့် အရင်း အဖျားဆိုပြီး မျက်နှာလိုက်ရင် အနုပညာဘက်မှာ အဆီအငေါ်မတဲ့သည့်အပြင် ဆုံးရှုံးကြရမှာ မလွဲကေန်ပါ။

ကြည်ကြည်ဌေးမဖြစ်ခင်က ရုပ်ရှင်မင်းသမီးကလေးများ ဖြစ်လိုဖြစ်ငြား ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုမှာ အလုပ်လျှောက်ဖူးသတဲ့။ ထို ကုမ္ပဏီကြီးများက ဇာတ်မင်းသမီးမို့ ဇာတ်ဆန်တယ်လို့ ပယ်လိုက်ကြသတဲ့။

ကျွန်တော်ကတော့ သစ်ဆန်းရုပ်ရှင်က 'ချစ်အဏုမြူ' အသံတိတ် ဇာတ်ကားပြီးပြီးချင်း 'ဂမုန်းနှင့်သဇင်'ဆိုတဲ့ဇာတ်ကို ခေါင်းဆောင်တင်ရိုက်ရအောင် စရံငွေသုံးရာပေးထားလိုက်ပါတယ်၊ အဲသည် အချိန်တုန်းက ခေါင်းဆောင်မင်းသမီးတိုင်းတောင် တစ်ထောင် မရသေးပါဘူး၊ သူ့ကို ကျွန်တော်က တစ်ထောင်နဲ့ပြောပြီး စရံငွေ သုံးရာ ပေးလိုက်ခြင်းပါ။ ဒါပေမဲ့ အကြောင်းမညီညွတ်လို့ပဲ ဆိုပါစို့၊ သူတို့ ကျွန်တော်တဦးစွာမရိုက်လိုက်ရပါဘူး၊ ကျေနပ်စွာနဲ့ပဲ စရံငွေ အဆုံးခံခဲ့ပါတယ်။ ကျွန်တော်လည်း ဂုဏ်ရည်မတူဇာတ်ကစပြီး ရုပ်ရှင်အလုပ်ကို ဆောက်ခဲ့ ပြီး လုပ်လာရတော့ ပြဇာတ်လောကနှင့် ပြတ်တောင်း ဖြစ်လာပါပြီ။

သူ့မှာလည်း ကျွန်တော့်ဆရာ အောဝမ်းဦးတင်မောင်ရဲ့ အသင်အပြနဲ့ ချစ်သက်ဝေဇာတ်ကားမှာ အကယ်ဒမီရခဲ့ပါပြီ။ အဲသည်နောက်

www.burmeseclassic.com



ရတာနာပုံဇာတ်ကားရိုက်ပြီးတဲ့အခါက စလို့ပေါ့လေ၊ ရုပ်ရှင်အထာ ရုပ်ရှင်ပညာ ရိပ်မိလာတဲ့အချိန်မှာ ဒါရိုက်တာအသစ်တွေတောင် သူက မွေးထုတ်နိုင်ခဲ့တာ ရုပ်ရှင်လောကမှာ သိကြရပါတယ်။

ကြည်ကြည်ဌေးမာနကြီးသလား–လို့ ကျွန်တော့်ကိုမေးလျှင် မကြီးပါဘူး ကြီးပါတယ်လို့ ကျွန်တော်က ဖြေမှာပဲ။ ကြည်ကြည်ဌေး ဟာ အပြင်ပေါင်း ပေါင်းလျှင် အလွန် နိဝါတရှိပါတယ်၊ အင်မတန် နူးညံ့ပါတယ်၊ ကိုယ်ချင်းစာပြီး အကြင်နာတရားထားတတ်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်ခွင်ထဲမှာ ဖြစ်ဖြစ် ပြဇာတ်ခွင်ထဲမှာ ဖြစ်ဖြစ် နှာဖြတ်တယ် ဖနောင့်နင်းတယ် အကြေးလှန်တယ်ဆိုရင် နည်းနည်းကလေးမှ သည်းမခံချင်ပါဘူး၊ နိုင်ရာက တုံ့ပြန်တတ်ပါတယ်။ အဲ–ဇာတ်စကား ဝေါဟာရကိုရှင်းပြရဦးမယ်ထင်တယ်၊ မသိတဲ့သူတွေအတွက်ပါ၊ နှာဖြတ်တယ်ဆိုတာ ကိုယ်မပြောခင် ဝင်ပြောလိုက်တာ၊ ရုပ်ရှင်မှာဆိုရင် ကိုယ့်မျက်နှာကင်မရာထဲမှာ ပေါ်အောင်နေရာယူလိုက်တာ၊ သူများရှေ့ ကနေပြီး ကိုယ်က ကွယ်ထားတာတွေပေါ့။ ဖနောင့်နင်းတယ်ဆိုတာက လမ်းသွားနေတုန်း တစ်ဖက်သားအသွားပျက်အောင်ဖနောင့်ကို နောက်ကနေ နင်းလိုက်သလို သူများပြောကောင်းတုန်း ဆိုကောင်းတုန်း လွမ်းကောင်းတုန်းမှာ အမူအရာနဲ့ဖြစ်ဖြစ် အပြောအဆိုနဲ့ဖြစ်ဖြစ် အရှိန်ပျက်အောင် ဖျက်လိုက်တာ၊ ရုပ်ရှင်မှာ နှစ်ယောက်ပြိုင်တူ ပြောဆို လုပ်ကိုင် သရုပ်ပြနေလို့ တစ်ဖက်သားက ကိုယ့်ထက်သာနေမှန်းသိရင် ဒါရိုက်တာက ပြန်မရိုက်ဘဲ မနေရအောင် ကိုယ်က တမင်မှားပြော မှားလုပ် လုပ်တာမျိုး။ အကြေးလှန်တယ်ဆိုတာကျတော့ ငါးများ အကြေးကိုလှန်ရင် အခံရခက်အောင်လုပ်သလို ဇာတ်ဝင်စကားမဟုတ်ဘဲ ကိုယ်ရေး ကိုယ်တာတွေကို ထည့်ပြောဝေဖန်တာ၊ ပျက်လုံးထုတ်တာ။ ဒါအခုတော့ ရုပ်ရှင်မှာ ဒါရိုက်တာက သတိရှိလျှင် လုပ်ခဲပါတယ်။

ရုပ်ရှင်ကားထဲ ပြဇာတ်ထဲမှာ ပရိသတ်ကသာမသိတာ အချင်း



ချင်း ပညာပြိုင်ကြတာကြောင့် ဇာတ်စင်နောက်ကွယ်မှာ ရန်ဖြစ်တာ အများကြီး။ ရုပ်ရှင်မှာလည်း နောက်ကားတွေမှာ သူပါလျှင် မရိုက်ဘူး လို့ ရာဇသံပေးကြတဲ့လူတွေမနည်းဘူး။ ဒါကြောင့် ဒါရိုက်တာဆိုတာ သူတို့ထက်လျင်ရတယ်၊ ဒါရိုက်တာကလျင်တယ်ဆိုရင် တစောင်းစေး နဲ့ မျက်ချေးဖြစ်နေတဲ့ လင်မယားကွဲကာစ ပုပ္ပနွေးနွေးကိုလည်း အင် မဘာန်ချစ်တဲ့ သမီးရည်းစားအနေနဲ့လည်း ရိုက်လို့ဖြစ်တယ်။ ပညာရော၊ ဂုဏ်ရောပြိုင်နေတဲ့ မြွေဟောက်မင်းသမီး နှစ်ယောက်ကိုလည်း ညီအမ အရင်းလုပ်ရိုက်လို့ဖြစ်တယ်။

နောက်တစ်ခု၊ ကြည်ကြည်ဌေးသတ္တိက မြင်းကောင်းဇက်သိ ဆိုသလို ကိုယ့်ကိုရိုက်နေတဲ့ ဒါရိုက်တာရဲ့ အရည်အချင်းကို ပထမ အကြိမ် တွေ့လိုက်တာနဲ့ အကဲခတ်လိုက်ပြီးပြီ။ ဒါရိုက်တာရဲ့သင်ပြမှု ပေးတဲ့စကား၊ ဒါတွေကို သူ့အတွက် အံ့ဝင်ခွင်ကျ မဟုတ်ရင် ပထမ ချိုချိုသာသာ အကြံပေးမယ်၊ ဒါမှ ပြောလို့မရရင် တကယ်ရိုက်တော့ သူလုပ်ချင်တာ သူပြောချင်တာဖြတ်လို့မရအောင်လုပ်ပြလိုက်တယ်။ အဲ–နောက်တစ်ခုပြောရဦးမယ်၊ ကြည်ကြည်ဌေးဟာ သူ့ကိုယ်တဲ့ မင်း သမီး မင်းသား ဇာတ်ပို့ ဇာတ်ဆောင်ကလေးတွေကို တွဲခေါ်တတ်ပါ တယ်၊ သူကိုယ်တိုင် အောက်ကျနောက်ကျ အထင်သေးခံရတဲ့ ဘဝက တက်လာရတာမို့ အင်မတန် ကိုယ်ချင်းစာတတ်ပါတယ်၊ သနားညှာ ပံ့ပိုးတတ်ပါတယ်။

နောက်ပြီးတော့ ငွေကြေးကိစ္စ၊ သူတောင်းတဲ့ငွေဟာ သူ့ငွေ ပဲ၊ မတန်ဘူးဆိုလျှင် မငှားနဲ့၊ ဒါပဲ။ ဘယ်သူ့ကို ဘယ်လောက်ပဲ ပေးရ ပါတယ်ဆိုတာ လာမပြောနဲ့၊ နားမထောင်ချင်ဘူးလို့ တောင်းသင့်လို့ တောင်း မယ်၊ ဘဝတူဆိုလျှင် အလကား လုပ်ပေးချင်လည်းလုပ်ပေးမယ်။

ကဲ ကြည်ကြည်ဌေး မာန ကြီးတာကို ပြောပြီးပြီ။

အကြောင်းကြောင်းတို့ရဲ့အကြောင်းကြောင်းတို့ကြောင့် ကြည်

www.burmeseclassic.com

www.burmeseclassic.com



ကြည်ဌေးကို နာမည်ပေးပြီး မွေးထုတ်လိုက်ရတဲ့ ကျွန်တော်က သူနဲ့ကို ရုပ်ရှင်တစ်ကားမှ မရိုက်ရသေးဘူး၊ ရိုက်မယ့်ရိုက်ရတော့ မင်းသားကြီး ကိုဗေယျရဲ့ကိုယ်ပိုင် 'လှည်းကျိုးနဲ့နွားသိုး' ဇာတ်ကား၊ ကျွန်တော်က စေတနာ့ဝန်ထမ်း ဒါရိုက်တာ၊ သူက စေတနာ့ဝန်ထမ်း မင်းသမီး။

ဒီအချိန်မှာ ကြည်ကြည်ဌေးဆိုတာ လျှမ်းလျှမ်းတောက်။ ကုမ္ပဏီပိုင်ရှင်တွေ၊ ဒါရိုက်တာတချို့တွေက သပျစ်သီးတို့ ပန်းသီးတို့ ကြည်ကြည်ဌေးကြိုက်တတ်တယ်ဆိုတဲ့ ငါးပိငါးခြောက်တို့ ဇာဆော်ဒီ အကျီတို့လက်ဆောင်ပေးပြီး ခစားနေကြရတဲ့အချိန်။

ရုပ်ရှင်ရိုက်ရာကိုလာဖို့ မော်တော်ကား မာတ်ဆီဖိုးပေးရတာ သူက စလိမ့်မယ်ထင်တယ်။ အဲသည်အချိန်မှာ ကျွန်တော်က ရိုက်ကွင်း ကို မနက်ဆယ်နာရီဆိုရောက်ပြီ၊ သူလာတာက ၁၂ နာရီခွဲမှ၊ ဒါကို ကျွန်တော်က စောစောလာဖို့ ပြောတယ်။ သူက ဘာကိစ္စ ညာကိစ္စ အကြောင်းပြပြီး အရောက်နောက်ကျပေမယ့် ညနေပိုင်းမှာ "အဖေကြီး (ကျွန်တော့်ကိုခေါ်တော့ အဖေကြီးပါပဲ) မိုးချုပ်အောင် ရိုက်ချင်သလောက် ရိုက်ပါ၊ ပြန်မလွှတ်မချင်း မပြန်ပါဘူး"လို့ ရင်းရင်းနှီးနှီး ရယ်ကာ မောကာ ပြောနေတယ်၊ ဒါကို ကျွန်တော်က အကြောင်းပြတယ်၊ သူက မိုးချုပ်တဲ့အထိ ရိုက်ပေးမယ်ထား၊ သူနဲ့တွဲလုပ်ရတဲ့ ဇာတ်ဆောင်တွေပါ အပြန်နောက်ကျရတယ်၊ အလုပ်သမားတွေကို အချိန်ပိုလုပ်ခပေးရတယ်၊ ညစာထမင်းပါကြွေးရဦးမယ်၊ ဒါဆိုလျှင် ထုတ်လုပ်မှု စရိတ်ကြီးမယ်၊ တစ်နေ့တလေနောက်ကျရင် ကိစ္စမရှိဘူး၊ နေ့တိုင်းဆိုရင်မကောင်းဘူး ပေါ့။

ခက်တာက ကြည်ကြည်ဌေးရဲ့ခင်ပွန်းကိုအောင်သိန်း ဩဇာ ကြီးပုံကလည်း သူ့မယားအပေါ်မှာသာ မကဘူး၊ ထုတ်လုပ်သူတိုင်း ကလည်း အဲလိုလိုက်နေကြရတယ်။

နောက်တစ်နေ့ကျပြန်တော့လည်း ကျွန်တော်က ကိုးနာရီဆို



ရောက်ပြီ၊ သူကမလာသေးဘူး၊ ကျွန်တော် စောင့်ရင်းခံပြင်းလာတယ်၊ အောက်ကျတယ်လို့ ရှက်လာတယ်၊ ကျေးဇူးမသိဘူးလို့လည်း စိတ်နာ လာတယ်၊ ဒီတစ်ခါတော့ ခုတ်စပြီး လိုးစပြတ် ခတ်ပြတ်ပြတ်ပဲ၊ ဆယ် နာရီ–မလာသေးဘူး၊ ဆယ်တစ်နာရီ–မရောက်သေးဘူး၊ ဆယ့်နှစ်နာရီ –ဒီတော့မှ မယ်မင်းကြီးမ ကားကြီးနဲ့ကြွတော်မူလာတယ်။

ကျွန်တော် ဒီတော့ ဘာလုပ်သလဲ။

"ဟော့–ဖိုးပါလေး၊ ကားပေါ်တက်၊ ပြန်မယ်၊ ဒီမှာ ရွှေကြည်၊ နင့်ကိုငါပြောချင်လို့ တမင်စောင့်နေတာ၊ ငါ ကိုးနာရီရောက်တယ်၊ နင် က ၁၂ နာရီမှ လာတယ်၊ နက်ဖြန် ငါလည်း ကိုးနာရီရောက်မယ်၊ နင် လည်း ကိုးနာရီအရောက်လာခဲ့၊ ဒါမှမဟုတ်ရင် နင်နဲ့ငါဒီကားကိုဆက် မရိုက်ကြစို့နဲ့၊ ဒါပဲ"

တကယ်ပါပဲ၊ ကျွန်တော်ရှက်စိတ်နာပြီး ပြန်ခဲ့တယ်၊ သူလည်း အံ့အားသင့်ပြီး ကျန်ရစ်ခဲ့တယ်၊ သည့်ပြင် လူတွေမှာလည်း ပွစိ ပွစိပေါ့၊ မျက်နှာလိုအားရ တွန်းကြမယ့်လူတွေကလည်း အများကြီး၊ ကိုဗေယျ ခမျာမှာတော့ မျက်နှာကလေးအငယ်သားနဲ့။

ကျွန်တော်ကလည်း ကျွန်တော့်အတွက်နဲ့ကျွန်တော်၊ ကိုယ် မွေး ထုတ်ခဲ့တဲ့ ကိုယ်ပိုင်မင်းသမီးလို့ ယုံထားတယ်လေ၊ သူနာမည်ကြီး လာလို့ ကျွန်တော်ကို ကာပြန်တယ်ပေါ့။

'လှည်းကျိုးနဲ့နွားသိုး' ဇာတ်လမ်းဟာ သူနဲ့ကိုဗေယျကြီးအတွက် သက်သက် ရေးရတာ၊ ကိုဗေယျနေရာမှာ ကိုဗေယျနဲ့အလိုက်ဆုံး ဖြစ် သလို သူ့နေရာမှာ သူနဲ့သာအလိုက်ဆုံး၊ သူ့ကို ထင်ပေါ်သည်ထက် ထင်ပေါ်အောင် လုပ်ပေးချင်တဲ့စေတနာက အပြည့်၊ ကြေးစား ဒါရိုက် တာ ဆိုရင် မင်းသမီးမင်းသားလာရင်ရိုက်မယ်၊ မလာသေးရင် စောင့်နေ ရုံပေါ့။ ခုတော့ ကိုဗေယျကိုလည်း အကုန်အကျသက်သာပြီး ကားမြန် မြန် လက်စသတ်နိုင်အောင်၊ သူလည်း အကွက် ကောင်းကောင်းနဲ့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျ ကျဲနိုင်အောင်၊ ခုတော့ ကျွန်တော့်စေတနာဟာ ဝေဒနာဖြစ်ရပြီ၊ သူ့မာနနဲ့သူ မလာဘဲနေရင်လည်းပြီးတာပေါ့ဆိုပေမယ့် ရုပ်ရှင် လောက တစ်ခုလုံး သတင်းဆိုး အပုပ်နံ့ ဟောင်သွားမှာသေချာတယ်။

နောက်တစ်နေ့မနက်မှာ ကျွန်တော်သွားနေကျအတိုင်း ကိုးနာရီအရောက်သွားတယ်၊ လမ်းမှာတော့ တထိတ်ထိတ်ပါပဲ၊ မဖြစ်သင့်တာ မဖြစ်ကြရင်ကောင်းတာပေါ့၊ ကိုယ့်စေတနာကိုတော့ ကိုယ်သစ္စာဆိုရဲတယ်လေ။

ရုပ်ရှင်ခြံထဲအဝင်မှာ သူ့ကားနဲ့ထိပ်တိုက်တိုးတော့တာပဲ။ သူကကားပေါ်ကလှမ်းအော်တယ်။ "အဖေကြီး–သမီးရောက်ပြီနော်"တဲ့။ မနေ့က ဘာမှမဖြစ်တဲ့အတိုင်း၊ မှန်တာပြောလျှင် သစ္စာပါ၊ ကျွန်တော် သူ့ကိုလည်း ကျေးဇူးတင်လိုက်မိတယ်၊ ရတနာသုံးပါး ဆရာသမား မိဘဂုဏ်ကိုလည်း ဆတက်ထမ်းပိုး တိုးလို့ယုံလိုက်ရတယ်။ ကိုအောင်သိန်းကြီး ကလည်း စကားရော ပါးရော သောလို့ ရွှင်လို့၊ အဲသည့်နေ့က တစ်နေ့လုံး ပျော်ပျော်ပါးပါး အားတိုက်ခွန်စိုက် ရိုက်လိုက်ရတယ်၊ နောက်နေ့မှာကော–ကိုးနာရီဆိုလျှင် သူနဲ့ ကျွန်တော် ရှေ့ဆင့် နောက်ဆင့် ရောက်ကြတာချည်းပဲ၊ ဒီကားတွင်လားတဲ့၊ မဟုတ်ပါဘူး၊ သူနဲ့ ကျွန်တော် ယနေ့အထိ ရိုက်လာသမျှကားတိုင်းမှာ ကျွန်တော်က မစောင့်ရတော့ဘူး၊ အေး–အကြောင်းကိစ္စရှိရင် သူကကြိုပြောထားနှင့်ပါတယ်။

ဒီအကြောင်းနဲ့ပတ်သက်ပြီးတော့ သူ့ကို ကျေးဇူးတင်ကြောင်း၊ မပြောခဲ့ဖူးပါဘူး၊ လိမ္မာတယ်လို့မချီးမွမ်းခဲ့ပါဘူး၊ အခု သူ့ အကြောင်းရေးရလို့ ထုတ်ပြောရတာပါ၊ ဒါပေမဲ့ ကျွန်တော့်ကို သူ လေးစားရိုသေတယ်ဆိုတာကိုတော့ သူသေကိုယ်သေ သေတဲ့အထိယုံမှတ်သွားရမှာပါ၊ ဆရာသမားတို့ကို ရိုသေနှိမ့်ချ၍ဂါရဝထားတဲ့ ပဏာယနကုသလ အကျိုးပေးဟာ ပညာသည်တိုင်း လူသာသေမယ် နာမည်မသေနိုင်သော အကျိုးကို ရစမြဲဖြစ်ပါတယ်၊ ဒါဟာ ကြည်ကြည်ဌေး မာနမကြီးတဲ့အကြောင်း။



ကြည်ကြည်ဌေးတစ်ယောက်တည်း ပြဇာတ်စင်ပေါ်မှာ တစ်နာရီလောက်သရုပ်ဆောင်ပြသွားတယ်လို့ဆိုလျှင် ယုံချင်မှယုံကြပါလိမ့်မယ်၊ တစ်ယောက်တည်းမှ တစ်ယောက်တည်းပါ၊ လူရွှင်တော်တောင်မပါဘူး၊ မှတ်မှတ်ရရ မန္တလေးရာပြည့်ပွဲတုန်းကပေါ့၊ လူထုဦးလှနဲ့ တပ်မင်း၊ တပ်ရင်းမှူးတို့ရဲ့ ဆော်ဩချက်အရ ကျွန်တော်ခေါင်းဆောင်ပြီး ရုပ်ရှင် ပြဇာတ် ရာမ ဂီတ ပညာရှင် လူရှစ်ဆယ်လောက် ရာပြည့်ပွဲကို တင်ဆက်ကြရပါတယ်။ လူထုတောင့်တလို့ ကန့်သတ်ထားတဲ့ ပွဲရက်ထက် ပို၍ကကြရမယ့် အခြေအနေဖြစ်လာပါတယ်၊ နောက်ဆုံးသုံးချီပေါ့။

အဲသည်မှာပြဿနာပေါ့။ ကြည်ကြည်ဌေးနဲ့ တွဲကကြတဲ့လူအတော်များများမှာ ရုပ်ရှင်ရက်ချိန်းကြိုတင်ပေးခဲ့ကြတာမို့ မနေနိုင်ကြတော့ဘူး၊ ပြန်သွားကြရပြီ၊ ပရိသတ်ကလည်း သူ့ကိုမှ ပွဲတောင်းနေကြတယ်၊ တစ်ညတည်းဖြစ်ဖြစ် ပို ကပေးပါလို့ အော်ကြတယ်၊ ဒါကြောင့် ကျွန်တော် သူ့ကို ဇွတ် တားလိုက်ရတယ်၊ တားမယ့်သာ တားလိုက်ရတယ်၊ သူနဲ့ အံဝင်ခွင်ကျဇာတ်ကိုလည်း မကနိုင်တော့ဘူး၊ ကြည်ကြည်ဌေး ပါပါတယ်ဆိုရုံ သီချင်းကလေးတစ်ပုဒ် နှစ်ပုဒ် ထွက်ဆိုပြီး ပြန်လည်း ဝင်မသွားချင်ဘူး၊ သူ့ဝါသနာက မလုပ်ရလျှင် အရှင်း၊ လုပ်ရရင်က၊နေရင်းက ဆေးထိုးယူရပါစေ၊ ကျွန်တော်က မေးတော့ "သမီး ဘာလုပ်ရမှာလဲ၊ အရှက်တော့ ကွဲတော့မှာပဲ"တဲ့၊ သူ စိတ်ညစ်ပြီးတော့ ငိုတယ်။

"ယော–ရွှေကြည်၊ နင့်အကြောင်း ငါမသိတာမှတ်လို့၊ တစ်ယောက်[illegible] တည်းထွက် – ကွက်စိတ်ဟောကွာ'လို့ ကျွန်တော်က ပြောလိုက်[illegible]

"အို–တောက်တီး တောက်တဲ့၊ မင်းသမီးက ကွက်စိ[illegible] မယ်လို့"

"အေး–ငါက အတိုချုံးပြီးပြောတာ၊ ဇာတ်သ[illegible]

www.burmeseclassic.com



ရယ် ပြဇာတ်ရယ် အဲသည့်ပညာတွေကို သမအောင် ရောမွှေနိုင်တဲ့ အရည်အချင်း ညည်းမှာရှိပြီးသား၊ ဒီတော့ ကျွန်မငယ်ငယ်က ဇာတ်သဘင်ပညာ ဆည်းပူးခဲ့ရတာတွေက ဟောသလိုဟောသလိုပါ၊ ပြဇာတ်မှာတော့ ဟောသလိုဟောသလိုသရုပ်ဆောင်ရပါတယ်၊ ရုပ်ရှင် ကျတော့ စရိုက်တဲ့နေ့မှာ ဟောသလိုဟောသလို အမှားအယွင်းတွေကြောင့် လူရယ်စရာ ဖြစ်ခဲ့ရပါတယ်၊ ကိုဇေယျကြီးအက်တင်က ဒီလိုပါ၊ အောဝမ်းကိုတင်မောင်ကျတော့ ဟောသည့်အမူအရာနဲ့ ဟောသည့် မျက်နှာထားကြီးပါ–ဆိုတာတွေကို အလွမ်းအသောစုံအောင် လုပ်ပြလိုက်၊ စကားတောက်လျှောက်ပြောလို့ မောလာရင် အသံတိတ်အက်တင်လုပ်ပြီး လမ်းလျှောက်ပြ၊ ဒါလောက်ဆို နင်လုပ်နိုင်ပြီ၊ မထွက်လို့တော့ မဖြစ်ဘူး”လို့ နှုတ်ခိုင်းရတယ်။

မထွက်ရသေးခင် ဈေးများတွန့်ဆုတ်နေပေမယ့် ကားလည်း ဖွင့်လိုက်ရော–ကရားရေသွန်ပြောဆိုလုပ်ကိုင်သွားတော့တာပါပဲ။ ဇာတ်သဘင်မှာ လွမ်းခန်းကို ဘယ်လိုပျိုးရသလဲဆိုတော့ ဇာတ်အိမ် ကလေးကို ကျင်းယက်ပြီး၊ ကျင်းယက်တယ်ဆိုတာ ငိုချင်းဆိုရအောင် ပရိသတ်စွဲလာအောင် အဖြစ်သနစ်ဇာတ်ကြောင်းကလေး ခံလိုက်တာဖြစ်ပါတယ်၊ အဲသလိုပြောရင်းပြောရင်း မဲ့ မဲ့ပြီး ပြောလာရာက အောက်က ဆိုင်းဝိုင်းကြီးရဲ့ အဆို့ အပိတ်ကို အားယူပြီး ဇာတ်ထဲက အသံ အတိုင်း ဟစ်ပြီး ငိုချင်းတစ်ပုဒ်ဆိုလိုက်တာဟာ ပရိသတ်မှာ မျက်ရည်လည်ရွဲ ဖြစ်ကုန်ပြီ၊ ငိုချင်းဆုံးကာနီး ဆိုင်းက ငိုချင်းဆိုင်းတီးရခါနီးမှ ‘အဲသလို–ငိုရပါတယ်ရှင်’ဆိုပြီးဖြတ်ချလိုက်တာဟာ ဝေါခနဲ ပွဲကျသွားပါတော့တယ်၊ အဲသည်ပွဲကို မှတ်မိသေးတဲ့ပုဂ္ဂိုလ် အများကြီးရှိပါလိမ့်ဦးမယ်၊ တစ်ယောက်တည်း တစ်နာရီနီးပါးကြာပါတယ်။

ကြည်ကြည်ဌေးဟာ အနုအလှလုပ်ရမယ့်နေရာမှာ ကန့်ကရ လုပ်တတ်သလို ရုပ်ကြမ်းကိုလည်း ပိုင်ပိုင်နိုင်နိုင်လုပ်ဝံ့ပါတယ်၊ ‘စကား



ပြောသောအသည်းနှလုံး’ ဇာတ်ကားမှာ ပထမတော့သူရိုးအအ၊ နောက်တော့ ခေတ်ဆန်လွန်းအားကြီးပြီး လင်ငယ်နဲ့လိုက်ပြေးတယ်။ လင်ငယ်ထောင်ကျသွားတော့ ကိုယ့်ရင်သွေးကိုသတိရပြီး ငွေရအောင် ပြည့်တန်ဆာဆန်ဆန်မြူဆွယ်ရတယ်၊ ဘိန်းချလို့ထောင်ကျရတယ်၊ ဒါတွေဟာ ကျွန်တော့်ဇာတ်ကားအကြောင်းပြောနေတာမဟုတ်ပါဘူး။ ကြည်ကြည်ဌေးက ဘဝအမျိုးမျိုးကို ပီပြင်အောင် သရုပ်ဆောင်နိုင်ပုံတွေကို ပြောပြချင်လို့ပါ၊ ထောင်ထဲမှာ ထောင်ကျမိန်းမချင်းချင်း ရန်ဖြစ်တာ ပြောတာဆိုတာ ဝတ်တာစားတာ၊ သွားကျိုးပါးကျိုးကြီးနဲ့ ပိုးစိုးပက်စက် မျက်နှာနေ မျက်နှာထား လုပ်ဝံ့တာ၊ လုပ်နိုင်တာ၊ လုပ်လိုတာဟာ သူ့ပညာတွေပါ။

ဇာတ်မတိုက်ဘဲ ပြဇာတ်တစ်ခုကို တက်က,တာပြောရဦးမယ်။

ရုပ်ရှင်ကောင်စီက မေဒေးနေ့အတွက် က,ကြရတဲ့ ပွဲပေါ့။ အကြောင်းကြောင်းသော အကြောင်းကြောင်းတို့ကြောင့် ဒါရိုက်တာ ဗိုလ်ကလေးတင့်အောင်က ကျွန်တော်ရေးခဲ့တဲ့ ‘နှလုံးသွေးပျက်သော တေးတစ်ပုဒ်’ ဝတ္ထုကို အရေးပေါ်ပြဇာတ်တင်ဖို့ဖြစ်လာတယ်၊ က,ရမှာက ယနေ့ည၊ ထွက်ရမယ့်အချိန်က အစီအစဉ်အရ ရှစ်နာရီခွဲ။

“ကဲ–ရွှေကြည်ကိုသွားခေါ်၊ ကိုချင်းစိန်နဲ့အောဝမ်းကိုတင်မောင်ကို ငါပြောမယ်” ဆိုပြီး ညနေလေးနာရီလောက်မှာ ဇာတ်ကြောင်းကို ထိုင်ပြောကြတာပဲ။

“ဒီနေရာမှာ ဒီသဘော နင်ကပြော၊ ငါက နားခံ လုပ်ပေးမယ်၊ ဒီနေရာကျတော့ ငါက ဒီသဘောပြောမယ်၊ နင်က နားစောင့် လုပ်ပြီး ငို ငိုလွမ်း၊ ဒါပဲ။ ကိုဘင်မောင်နဲ့ကိုချင်းစိန်ကို မောင်တင့်အောင်က ဇာတ်ဝင်စကားသဘောတွေပြောပြလိမ့်မယ်” ဆိုပြီး အရေးပေါ် ဇာတ်တိုက် ကြတာပါပဲ၊ အဲသည့်ပြဇာတ်ဟာလည်း သူ့ပို့ပေးလို့ အောင်မြင်ခဲ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြောစရာတွေတော့အများကြီးပေါ့၊ နောက်ဆုံး ဇာတ်ပြဇာတ်နှင့် အရုပ်ပြဇာတ် ရောမွှေထားတဲ့ 'မုဒုလက္ခဏာ ပြဇာတ်ကိုလည်း သူ့အတွက်ရေးပေးတာဟာ ရေးရကျိုးနပ်အောင် ပီပြင်ခဲ့တာ ကြည့်ရသူတိုင်း အမှတ်ရကြမှာပါပဲ။

မန္တလေးရာပြည့်ပွဲတုန်းက အရည်အချင်းမျိုးလုပ်ပြရအောင် ပုဂံဘုရားရန်ပုံငွေအလှူပွဲမှာ ကျွန်တော်ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ သူရဲ့ကျန်းမာရေးအခြေအနေကြောင့် သူ့နေရာမှာ 'ရွှေခြည်ငွေခြည်တန်းပါလို့' မှာ အကယ်ဒမီရခဲ့တဲ့ ဒေါ်မေနွဲ့က ဝင်လုပ်ရပါတယ်။

အချုပ်ကိုပြောရမယ်ဆိုရင် ကျွန်တော်တွေ့ခဲ့သမျှ သုံးခဲ့ရသမျှ အနုပညာသည်များမှာ 'တစ်ဦးခေါင်း-တစ်ပညာ' ဆိုသလိုအရည်အသွေး အဆိပ်အတောက် ကိုယ်ပိုင်ရှိကြတာများပါတယ်၊ ရှိုးမွမ်းစရာ ကလေးတွေ၊ အနုပညာနှင့် ချစ်စရာကလေးတွေ ရှိပါသေးတယ်၊ အကြောင်းဆိုက်လာတဲ့အခါ ရေးစရာတွေအများကြီးပါ။ ခုတော့ သူ့ အတ္တုပ္ပတ္တိကို ရေးနေတဲ့ ဒေါ်မမလေးက သူ့စာအုပ်မှာ ကြည်ကြည်ဌေးနှင့်ပတ်သက်ခဲ့ဖူးတဲ့ ပညာရှင်တွေထံမှ ကိုယ့်ထင်မြင်ယူဆချက်ကို တောင်းခံလာလို့ ရေးလိုက်ရခြင်းပါ။

သဘင်ဆိုတာ လူစုလူဝေးတက်ရောက်ကြတာ လူတွေအာရုံထားကြတာကို ဆိုပါတယ်၊ လူထုကိုဖြေဖျော်မှုသဘင်ထဲမှာ သံနေ သံထားနဲ့ရွတ်ဖတ်ရတဲ့ နန်းတွင်းဇာတ်စာအလင်္ကာမှအစ ရုပ်သေးသဘင်၊ မြေဝိုင်းသဘင်၊ ကွက်စိပ်စာပြော၊ ဇာတ် အငြိမ့် ပြဇာတ် ရုပ်ရှင်၊ ဟောပြောပွဲ၊ ရေဒီယို အသံလွှင့်တာကအစ အကျုံးဝင်ပါလိမ့်မယ်။ တစ်နည်းအားဖြင့် ဟာသအတတ်လို့လည်း ခေါ်ပါတယ်။

အဲသည်ဟာသအရာမှာ ဝါသနာပါရုံနှင့်မလုံလောက်ပါဘူး၊ သူမွန်လူချွန်မဖြစ်နိုင်ပါဘူး၊ ကြိုးစားပါ့မယ် စာကျက်ပါ့မယ် ခိုင်းသမျှလုပ်ပါ့မယ်ဆိုတိုင်းလည်း ထွန်းထွန်းပေါက်ပေါက် ဖြစ်မလာနိုင်ပါဘူး၊



ဟာသသဘင်အလုပ်က ကြိုးစားတိုင်းမရပါဘူး၊ ကြိုးစားလို့ပိုပြီးအံချော်သွားတာ တွေ့ရတတ်ပါတယ်၊ သဘောက ဘဝကို ဟပ်မိပြီး သဘောပေါက်တဲ့စိတ်နဲ့ သူ့သဘာဝအတိုင်း လုပ်ကိုင်သွားဖို့ ဖြစ်ပါတယ်။

ဆရာတစ်ဦးကပြောဖူးတယ်။ 'တရားကိုအားထုတ်မယ် ဆိုတဲ့စကားဟာ သဘာဝမကျပါဘူး၊ ဖြစ်ချင်တာတွေဖြစ်နေတဲ့ တရားကိုသာ စောင့်ကြည့်စောင့်မှတ်ရမယ်လို့ ထင်ပါတယ်'တဲ့။ အဲ မှတ်ဖို့ အခြေခံတွေတော့ လိုသပေါ့လေ။

ဇာတ်သဘင်၊ ရုပ်ရှင်၊ ပြဇာတ်တို့မှာလည်း ထိုနည်းအတိုင်းပဲ၊ သတိကပ်ပြီး ကျရာဇာတ်သဘာဝကို ရေလိုက်ငါးလိုက် လုပ်သွားကြရမှာပါ၊ စာတွေကျက်ထားတိုင်းလည်း အနုပညာဖြစ်မလာပါဘူး၊ ဒါကို လူရွှင်တော်စာရေးဆရာကြီး ဦးချစ်ဖွယ်တို့ခေတ်က လေပြေထိုးတစ်ပုဒ်ရှိဖူးတယ်။

'ဟာသပညာဆိုတာ ကြာလေခက်လေပဲ၊ စာတွေကျက် ကျက်ပြီး ပါးစပ်ကပြောပေမယ့်၊ တတ်လုပကောရယ်လို့ မထင်ကြနဲ့၊သမားစဉ်ကတော့ တိုတိုနဲ့ထိမှ လူကောင်း၊ ကောင်းဆိုတာ ပွဲပရိသတ်က 'ဟော့-ရည်တယ်'လို့ အဆိုမခံဘူး၊ ဘာအဆိုခံလိမ့်မတုံး၊ ဟိုယမံထုံးလို အနုတ်မှ မကြံဘဲ၊ အဟုတ် အမုန် နဂရုံတကယ်သိတဲ့၊ နာမည်ရှိ ဇာတ်တော်သားတွေဟာ၊ မပြတ်ကျော်ကြားစရာ အထက်အောက် စာရင်း တစ်ခါမရှုပ်ပါဘူး၊ (ရွာစား) ကက်တလောက် သတင်းစာထုတ်'

www.burmeseclassic.com

www.burmeseclassic.com

# သုခီအတ္တာန် ပရိဟာရ နှ

အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် စံထူး၏ အနုပညာကျော် တစ်ရာ စာအုပ်မှ 'သုခီအတ္တာန် ပရိဟာရနှ'ဆိုသော ကျွန်တော်၏ နိဂုံးဆုတောင်းကို ဖော်ပြလိုက်သောကြောင့် ကျွန်တော်ရေးချင်နေသော (ရေးချင်နေသည်မှာ အတော်ကလေးကြာပြီ၊ သို့သော် 'စိတ်' မအား၍ မရေးဖြစ်ခဲ့ပါ)ထို သုခီအတ္တာန် အကြောင်းကို ရေးဖြစ်အောင် နှိုးဆွလိုက်ပါသည်။

စာရေးဆရာဦးစံထူးအား ပြောခဲ့သလိုပင် ကျွန်တော်၏ (ဟိုစဉ်က)ရည်ရွယ်ချက်ကား–

"ကျွန်တော့်ဝတ္ထုတွေဖတ်ပြီးရင် လူတွေဟာ ပျော်စရာရှိပျော်၊ ကြည်နူးစရာရှိကြည်နူး၊ နောင်တရစရာရှိ ရသွားကြစေလိုတဲ့ ဆန္ဒရှိပါတယ်။ ဒီလိုဝတ္ထုတစ်ပုဒ်ရေးပြီးတိုင်းဟာ ကျွန်တော့်မှာ ထမ်းဆောင်ရတဲ့တာဝန်တစ်ခုပေါ့သွားပြီလို့ယူဆခဲ့ပါတယ်၊သူများအကျိုးရှိရာရှိကြောင်းဆောင်ရွက်ပြီးပြီလို့ ယူဆပါတယ်၊ ကျွန်တော်ဆောင်ရွက်ပြီးလို့ တာဝန်ပေါ့သွားသလို စိတ်ချမ်းသာသလို ဖတ်တဲ့လူတွေလည်း ချမ်းသာကြပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ သုခီအတ္တာန် ပရိဟာရနှဆိုတာ ထည့်တာပါပဲ" ဟု ပြောမိသည်။

ဤကဲ့သို့ဆုတောင်းကလေးထည့်ခြင်းသည် ရှင်ပျော်ပျော်တိုက်မှ သုခဟူသော ကလောင်အမည်ကို စတင်ခံယူသည့် "မိုက်မိတယ်"ဟူသော ဝတ္ထုမှ အစပထမဖြစ်ပေသည်၊ နှစ်ကာလအားဖြင့် နှစ်ဆယ့်ခုနစ်နှစ်ရှိခဲ့လေပြီ။

ဤဆုတောင်းစာကလေးကား မဆန်း။

သို့သော် ကျွန်တော့်အဖို့ဝယ် ယခုနှစ် လွန်ခဲ့သော သကြ်န်



အကြတ်နေ့ကမှ ဆန်းသည်ထက်ဆန်းကြောင်း ကောင်းကောင်းသဘောပေါက်မိပါသည်။

ထိုအကြောင်းကိုစလျှင် ဦးခင်မောင်လတ်နှင့် ဒေါ်ခင်မျိုးချစ်တို့ ဇနီးမောင်နှံက စမှ ဖြစ်ပေလိမ့်မည်၊ သူတို့နှင့် ကျွန်တော် သိကျွမ်းခင်မင်ခဲ့သည်မှာ ကျွန်တော်စာရေးဆရာ ဖြစ်ခါစက ဖြစ်ပါသည်၊ ထို့နောက် အနုပညာဝါသနာတူချင်းဖြစ်၍ စာရေးဆရာ စာဆိုတော်ပြဇာတ်အတူတကွ လုပ်ဆောင်ကြသည်၊ စာပေဆွေးနွေးကြသည်၊ ဝင်ထွက်စားသောက် တစ်ယောက်နှင့်တစ်ယောက် ပြောမနာ ဆိုမနာ လောကီလောကုတ္တရာအရေးတွေပါ နီးနှောလာကြသည်။

တိုတိုပြောကြစို့(သူတို့လင်မယား အကြောင်း ရှည်ရှည်ရေးချင်ပါသေးသည်) လွန်ခဲ့သည့် နှစ်နှစ်လောက်ကစပြီး သူတို့လင်မယားက ကျွန်တော့်အား သူတို့နှင့်အတူ တရားထိုင်ကြည့်ရန် နှိုးဆော်သည်၊ တိုက်တွန်းသည်၊ သိမ်းသွင်းသည်၊ (ဝါ) တရားဟောသည်။ ကျွန်တော်ကိုယ်တိုင်ဝါသနာသန်၍ နည်းအမျိုးမျိုးနှင့် သမထဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို လုပ်ခဲ့ဖူးသည်မှန်သော်လည်း သူတို့'ဆွယ်'စဉ်က ကျွန်တော်ကိုယ်တိုင်လည်း အလုပ်များ၊ စိတ်ထားကလည်း သူတို့ လင်မယားကိုမယုံ့တယုံ၊ သို့နှင့်ပင် အချိန်တွေ ကုန်ခဲ့သည်၊ ဤသို့ဝန်ခံရခြင်းကိုလည်း တစ်နေ့နေ့ဘွင် အကျယ်ရေးနိုင်ပါစေဦးဟု ဆုတောင်းရပါသေးသည်၊ ယခုတော့ ကျွန်တော်၏ သုခီအတ္တာန် ပရိဟာရနှ အကြောင်းသို့ ရောက်ရန်သာ 'စိုင်း' ပါရစေတော့။

တစ်နေ့တွင် သူတို့လင်မယားက ကျွန်တော့်အား ပဥ္စင်းခံရှင်ပြုကို ဖိတ်ကြားသည်၊ နေရာကား ဘောက်ထော် စွန်းလွန်း တောရဝိပဿနာကျောင်းတိုက်ပေတည်း၊ သွားသဖြင့် ရောက်သည်၊ ရောက်သော် ဦးသာသနဝိသုဒ္ဓိကို ဝမ်းမြောက် ဝမ်းသာ ဖူးတွေ့ဦးခိုက်ရသည်၊ ထိုကိုယ်တော်ကား လူအမည် ဗိုလ်သိမ်းဆွေပင်တည်း၊ စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်သိမ်းဆွေသည် ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ နိုင်ငံရေး ဆောင်ရွက်ခဲ့သည်၊ ဗိုလ်ချုပ်အောင်ဆန်းအား အကြည်ညိုဆုံး ပုဂ္ဂိုလ် စာရင်းတွင် ထိပ်ဆုံးတန်းက ပါဝင်ခဲ့သူဖြစ်သည်၊ ဗိုလ်ချုပ်ကွယ်လွန်သော် ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက်ကို ကြည့်မြင်တိုင်စမ်းချောင်းတွင် စတင်တည်ထောင် ဦးရွက်ဦးဆောင်ပြုသည်၊ ၎င်းစာကြည့်တိုက် ရံပုံငွေအတွက် သူ့တစ်အိမ်လုံး အိမ်ထောင်ပရိဘောဂ အကုန်လုံးကို ရောင်းပြီး ငွေထည့်ဝင်လှူဒါန်းလိုက်သည်။

သို့နှင့်မပြီးသေး၊ အမေရိကန်သို့ စာကြည့်တိုက် အုပ်ချုပ်ရေးသင်တန်းသွား၍ တက်လိုက်သေးသည်၊ နိုင်ငံခြားက ပြန်လာသောအခါ ကားကြီးတစီစီ ဘောင်းဘီ နက္ကတိုင်နှင့် စာရေးဆရာလောက စစ်ဗိုလ်လောကဝယ် မျက်စိစပါးမွေးစူးအောင် ခပ်ထောင်ထောင် ဖြစ်နေသေးသည်၊ ဆင်ယဉ်ထုံးဖွဲ့မှုသာ မဟုတ်သေး၊ စကားပြောကလည်း တက်ထောင် မောင်းနှင်းရှိပါသေးသည်။

ဤသို့ရှိရာက တစ်နေ့သော် မမျှော်လင့်နိုင်သော သတင်းတစ်ရပ် ထွက်လာခဲ့သည်။

“ဗိုလ်သိမ်းဆွေ တစ်ယောက် သင်္ကန်းဝတ်သွားသတဲ့”

ဤသတင်းသည်လည်း မမျှော်လင့်၍သာ နည်းနည်းထူးသည်၊ တကယ်ဆိုတော့မဆန်းပါ၊ ဤခေတ်ဝယ် ဒုလ္လဘရဟန်းဟု သင်္ကန်းကို အပျော်တမ်းဝတ်သည့် ဖက်ရှင်မှာ အတော်ခေတ်စားနေသည် မဟုတ်ပါလော။ ငြိုပြင်ပြေနံ့ပြေဖြစ်စေ၊ သာသနာကိုကြည်ညို၍ဖြစ်စေ ယနုဝတ် ယနုချွတ် ဝဋ်ကြောင်ကိုလွတ်အောင် ရှန်းနေကြသူတွေ ရှိပါသေးသည်၊ ထိုကြောင့် ဗိုလ်ဗိုလ်သိမ်းဆွေ (ဗိုလ်တစ်လုံး အပိုထည့်ရေးခြင်းမှာ ဗိုလ်ဆန်သောစစ်ဗိုလ်–ဗိုလ်သိမ်းဆွေဟု ပြောချင်၍ဖြစ်ပါသည်) ရဟန်းဝတ်ခြင်းသည် ထူး၍မဆန်းပါတကား။

သို့သော် တစ်နှစ်မှ နှစ်နှစ်၊ နှစ်ဝါမှ သုံးဝါ၊ ထိုကမှ လေးငါး



ခြောက်ဝါ။ ဤအတွင်း ကြည့်မြင်တိုင် ကျွန်းတောကျောင်းတိုက်တွင် ‘အပ္ပမာဒေန သမ္ပာဒေထ’ အမည်ရှိ ကျောင်းကလေးတစ်ကျောင်း ဆောက်လုပ် သီတင်းသုံးကာ ဝိပဿနာများ အားထုတ်နေပေပြီဟု သတင်းကြားရသောအခါတွင်မှ ကျွန်တော့်တွင် ထူးလည်းထူး ဆန်းလည်းဆန်း လာရပေသည်။

ကျောင်းအမည်ကိုကြည့်ပါ၊ တွေ့ရိုးတွေ့စဉ် ဒက္ခိဏာရုံ၊ မဟာသီလဝံ၊ မင်္ဂလာဇေယျစသော အမည်များထက် သူ့ကျောင်းအမည်က ဆန်း၏၊ အပ္ပမာဒေနသမ္ပာဒေထ (မမေ့မလျော့ကြနဲ့)ဆိုသော အဓိပ္ပာယ် ပါတကား။

တစ်နေ့သွားတွေ့မယ် တစ်နေ့သွားတွေ့မယ်နှင့် သာသနာတော် စကားနှင့်ပြောရလျှင် ကျွန်တော့်ကိုယ်တိုင်မှာ လူပျင်းလူကြွားကြီး အဖြစ် ကြိမ်းဝါး၍သာနေခဲ့သည်။

ဟော–ယခုတော့ ခင်မျိုးချစ်တို့ကျေးဇူးကြောင့် ကျွန်တော်ဖူးရပါချေပြီ။

“ဦးပဥ္စင်း အခုလို သင်္ကန်းဝတ်နဲ့မြဲနေတာ ဝမ်းသာပါတယ်ဘုရား၊ သာဓု သာဓု သာဓု”ဟုကျွန်တော်က ထိခြင်းငါးပါးနှင့် ပြားပြားဝပ် နှုတ်ဆက်လိုက်၏။

‘ဟော့–ကိုသုခ၊ ခင်ဗျား သူများကို သာဓုခေါ်မနေနဲ့၊ ခင်ဗျားကိုယ် ခင်ဗျား သာဓု ဖြစ်အောင်လုပ်”

သူ့စကားသည် တိုတောင်း၏၊ ပြတ်သား၏၊ ထိရောက်၏၊ လေးနက်၏၊ ကျွန်တော့်အထင်က ကျွန်တော့်အား ခင်မင်ရင်းနှီးခဲ့သူပီပီ ကျွန်တော့်လိုပင် ဝမ်းသာအယ်လဲ ဖြစ်လိမ့်မည်ထင်နေရာက ယနုလို တိုတိုတောင်းတောင်း ဣန္ဒြေကြီးနှင့်ပြောလိုက်ပုံမှာ သူ့ကိုကြည်ညိုရင်းကြောက်လာသည်အထိဖြစ်သည်ဟု ရေးပရစေတော့။

“ဟော့–ကိုသုခ၊ ခင်ဗျား ကျုပ်ထက် တော်တဲ့လူပါ၊ ခင်ဗျားဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com



နိဂုံးတိုင်းမှာ သုခီအတ္တာနံ ပရိဟရန္တုဆိုတဲ့ မေတ္တာပို့ ထည့်ရေးတာကြာလှပြီ၊ ဒါကို ကျုပ်အစက သဘောမပေါက်ခဲ့ဘူး၊ ကျုပ်ရဟန်းဘဝရောက်မှ သဘောပေါက်တယ်၊ ဒါကြောင့် ကျုပ်က ခင်ဗျားကို ကျုပ်ထက်စောစောသိထားတဲ့လူပဲလို့ ချီးမွမ်းတာ"

သူက ကျွန်တော့်အားဤသို့ချီးကျူးခြင်း၌ ကျွန်တော် အဖို့မှာဖြင့် ပီတိသောမနဿ စိတ်ကြီးဝင်ဖို့ထား၍ ဘာစကားပြောရမှန်းပင် စဉ်းစား၍မရပါ၊ တစ်နည်းတော့ ကျွန်တော့်ကို ငယ်ထိပ်ကကိုင်၍ ဆွဲဆောင့်ပစ်လိုက်သလို ခံစားရပါသည်၊ ကျွန်တော် ဘာစကားမျှ ပြန်မလျှောက်ဝံ့၊ ကျွန်တော့်မျက်နှာကိုသာ ထိုစဉ်အခါက ရုပ်ရှင်ဝေါဟာရအနီးကပ်ဓာတ်ပုံရိုက်ထားရလျှင် ကျွန်တော့်တစ်သက်တာ၌ တစ်ခါမျှမပေါ်ဖူးသေးသည့် 'အက်တင်'ကြီးတစ်ခုရလေမလားမပြောတတ်၊ ပြုံးရမလို၊ ရယ်ရမလို၊ ရှက်ရမလို၊ ကြောက်ရမလို၊ မသိနားမလည်သလို၊ သိပြီးသားဟုဟန်ဆောင်ရမလို 'မလိုလို အက်တင်ကြီး'သာ ဖြစ်ပါချေမည်။

အရိုင်းစကား အကြမ်းအားဖြင့် ဆိုရလျှင် အဝေရာဟောန္တု အစချီသော မေတ္တာပို့ကို လူတိုင်းနှာကျေနေကြသည်။ ထိုမေတ္တာပို့၏ အဆုံးမှာ သုခီ– ချမ်းသာစွာ၊ အတ္တာနံ– မိမိတို့ကိုယ်ကို၊ ပရိဟရန္တု– ဆောင်ရွက်တော်မူနိုင်ကြပါစေသတည်း။ မြန်မာပြန်အားဖြင့် ကိုယ့်ကိုယ်ကို ချမ်းသာအောင်နေနိုင်ကြပါစေ၊ ဒါပဲဖြစ်၏။

ဒါကိုအဆန်းလုပ်၍ ရဟန်းလုပ်မှသိရပါသည်ဆိုသော စကားမှာ စဉ်းစားစရာအများကြီး ဖြစ်ခဲ့ရပြီ၊ မဆန်းလျှင် အမိန့်ရှိမည်မဟုတ်၊ ထိုအတွင်း ဒေါ်ခင်မျိုးချစ်ရောက်လာ၏။

"ဦးပဉ္ဇင်းဘုရား၊ တပည့်တော်တို့က ကိုသုခကို ဖွတ်တရားထိုင်ခိုင်းမလို့ ဘုရား" ဟု တိုင်၏။

"အင်း–ကောင်းတယ်၊ သူ့သဘောပေါက်မှာပါ၊ သုခီအတ္တာနံ



ပရိဟရန္တုလို့ ဆုတောင်းနေတာ ကြာလှမှပဲ။ ကဲ–ကိုသုခ ခင်ဗျားနဲ့ ကျုပ်နဲ့ သံသရာကြွေး ချေရအောင်"

ကျွန်တော်က နားမလည်၍ ဒေါ်ခင်မျိုးချစ်အား လှမ်းကြည့်လိုက်သည်၊ ဒေါ်ခင်မျိုးချစ်က အလိုက်သိစွာ နေရာယူ၍ ရှိခိုးလိုက်သည်၊ သဘောကတော့ တစ်ယောက်အပေါ်တစ်ယောက် ကာယကံ ဝစီကံ မနောကံမှုတွေနဲ့ ပြစ်မှားခဲ့ဖူးသမျှ ခွင့်လွှတ်ကြစတမ်းဟု ရှတ်ဆိုကန်တော့အာပတ်ဖြေမှု ခွင့်လွှတ်မှုပင်ဖြစ်ပါသည်၊ ဒေါ်ခင်မျိုးချစ်က ခေါင်းဆောင်၍ ကျွန်တော်တို့ထပ်ပြန်ခဲ့ကြသည်၊ လမ်းတွင်–

"သံသရာကြွေး ဆပ်ကြစို့ ဆိုရင် ပြန်တော့လို့နှင်တာပဲ ကိုသုခ၊ သူကြာကြာ စကားလက်ခံပြောမနေချင်ဘူးဆိုတဲ့ အဓိပ္ပာယ်ပဲ၊ ဒါကို ကိုယ်က အလိုက်သိရတယ်"

ကျွန်တော်က ယခုမှ သဘောပေါက်၍ ခေါင်းညိတ်လိုက်ရသည်၊ နောက်တော့ တစ်လမ်းလုံး ကျွန်တော့်ဟာကျွန်တော် တစ်ယောက်တည်း ခေါင်းညိတ်လာခဲ့မိသည်၊ ဘယ်နှစ်ခါ ခေါင်းညိတ်လာခဲ့မှန်းတော့မသိ၊ သို့သော် တစ်ခုတော့ သိသည်။

ကျွန်တော် ခေါင်းတစ်ခါညိတ်တိုင်း တစ်ခါရိပ်မိခြင်း ဖြစ်ပါသည်။

လူတိုင်း အလုပ်လုပ်ဖို့ ရှိသည်၊ အလုပ်လုပ်ဖို့လိုသည်၊ အချိန်တိုင်း အချိန်တိုင်း အလုပ်လုပ်ဖို့ရှိသည်၊ အလုပ်လုပ်ဖို့လိုသည်၊ အချိန်တိုင်း အလုပ်လုပ်နိုင်သည်၊ အလုပ်လုပ်လိုလျှင် အချိန်တိုင်းမှာ အလုပ်လုပ်နိုင်ခွင့်ရရှိသည်။ စကားပြောနေခြင်း၊ လောကွတ်လုပ်နေခြင်းသည် အလုပ်လုပ်နိုင်သော အခွင့်အရေး အချိန်ကာလကို ဖျက်ဆီး ဖြုန်းတီးပစ်ရာရောက်သည်၊ အလွဲသုံးစားလုပ်ရာဖြစ်သည်၊ အချိန်ကို စေးစား အသုံးချလိုသူများအတွက် နမြောစရာ ကောင်းနေပေလိမ့်မည်။

"ကိုသုခ၊ ဟောဒါကျွန်မတို့ရိပ်သာမှာ တရားပြနေတဲ့ ဆရာ

www.burmeseclassic.com

www.burmeseclassic.com



တော်ပဲ"ဒေါ်ခင်မျိုးချစ်က ကျွန်တော့်ကို ရဟန်းတော်တစ်ပါးအား ဖူးဖို့ အခွင့်အရေးပေးပြန်သည်။

"ဟာ–ကိုလှဖေ"

ကျွန်တော့်ပါးစပ်မှ ယောင်၍ထွက်သွားတော့မတတ် ဖြစ်သည်၊ ဆရာတော်ကတော့ ဘာမျှမပြော၊ ခပ်ပြုံးပြုံးကလေး ကြည့်နေပြီး မှတ်မိဟန်ပြသည်၊ မှတ်မိပါသော်ကော၊ လွန်ခဲ့သည့် ၁၉၃၉ ခုနှစ် ကျွန်တော်အောဝမ်းတွင်လုပ်ခါစ၊ စမ်းချောင်းတွင် နေရစဉ်က ဂီတသုတေသန ပထမနှစ် သီချင်းဆိုပြိုင်ပွဲတွင် 'မန်းတောင်လကျာ' ယိုးဒယားသီချင်းဆို ပထမဆု ဒီးဒုတ်ဦးဘချို၏ ရွှေတံဆိပ်ကို ဆွတ်ခူးသွားသူကိုလှဖေပင်၊ ကျွန်တော်တို့နှင့် တစ်ဝိုင်းတည်း အပျော်ထမ်းအဖွဲ့ဝင် ဂီတဝါသနာအိုးပေတည်း၊ ယခု သူကား ဝိပဿနာတရားပြဆရာတော်ဖြစ်နေလေပြီ။

တိုတိုဆိုကြစို့၊ (ရှည်ရှည်ရေးချင်ပါသေးသည်၊ ရေးဖြစ်ပါစေသတည်း)ဒေါ်ခင်မျိုးချစ်တို့၏ ကလျာဏမိတ္တသမ္ပဒါကျေးဇူးအရ ဇာတ်လိုက်မင်းသားကြီးကိုဖေယျ၊ ကျွန်တော်၏ညီမောင်တင်လှ၊ ကျွန်တော်၏ ဓမ္မမိတ်ဆွေ မောင်ခိုင်တို့နှင့်အတူ သကြ္တန်အကြိုနေ့က ခင်မျိုးချစ်တို့၏ အိမ်ဝင်းအတွင်း သာသနာ့ရိပ်သာသို့ ရောက်ခဲ့ရပါသည်။ ရောက်သည့်ည စလျှင်စချင်း ကျွန်တော်ရိပ်မိပါပြီ၊ ရိပ်မိပြီဆိုရာ၌ မဂ်ဖိုလ်ဝင် နိဗ္ဗာန်ကိုမြင်သည့်တရားကို ရိပ်မိပြီဟု ကျွန်တော် မဆိုလိုပါ။ ကျွန်တော်၏ သုခီအတ္တာနံ ပရိဟရန္တု ဆိုသော အဓိပ္ပာယ်ကို ရိပ်မိသည်ဟုသာဆိုပါ၏။ နောက်တစ်နေ့ အရုဏ်တက်၊ နောက်တစ်ခါ နံနက်ရှစ်နာရီ၊ နောက်တစ်ခါနေ့လယ်နှစ်နာရီ၊ နောက်တစ်ခါ ညနေ လေးနာရီ၊ ထို့နောက် ညရှစ်နာရီ။ ဤတွင် ကျွန်တော်၏ အတွေ့အကြုံများကို ဖော်ပြခြင်းငှာ ဤဆောင်းပါးနှင့် မလုံလောက်တော့ပါ၍ ချွင်းခဲ့ပရစေတော့။ စိတ်ကို တစ်ခဏ တစ်ဒင်္ဂပင်ဖြစ်စေ လက်ဆုပ်လက်ကိုင်



ပိုင်ပိုင်နိုင်နိုင်ပြု၍ လောဘ၊ ဒေါသ၊ မောဟ ဆိုသည့် အညစ် အကြေးများကို တွန်းကန်ဖယ်ထုတ်လိုက်သောအခါ အလွန်သန့်ရှင်းသော စိတ်၊ အလွန်ကြည်လင်သောစိတ်၊ အလွန်ချမ်းသာအေးမြသော စိတ်သည် လောကတစ်ခုလုံး တစ်သက်နှင့်တစ်ကိုယ် ချမ်းသာခဲ့သည်ဟု သမုတ်ခဲ့သမျှ စိတ်၏စည်းစိမ်၊ လူ၏စည်းစိမ်တို့နှင့်မနှိုင်းမယှဉ်သာအောင် ကြုံတွေ့ခဲ့ရသည်နှင့်အမျှ တောင့်တခဲ့ဖူးသမျှ လောကစည်းစိမ်တို့နှင့်လည်း လုံးဝမတူနိုင်တော့သော ချမ်းသာစစ် ချမ်းသာမှန်ကြီးကို မျက်ရည်တောက်တောက်ကျလောက်အောင် ကိုယ်တွေ့ ခံစားလိုက်ရပါပြီ။

ထိုတွင်လည်း ပထမခံစားခဲ့ရသော မျက်ရည်တောက်တောက်ကျလာသည့် စိတ်ချမ်းသာမှုကြီးပင်လျှင် ရာခိုင်နှုန်းပြည့် ချမ်းသာသည်ဟု မဆိုစလောက်သေးပါပေ။ ဒုတိယ၊ တတိယ၊ စတုတ္ထ အကြိမ်ကြိမ်အားဖြင့် ခံစားရသော ပီတိ သုခ မမှု ချမ်းသာခြင်းသည်သာ မျက်ရည်လည်း မကျ၊ ဝမ်းနည်းလွန်း ဝမ်းသာလွန်းသော စိတ်သည်လည်း မဖြစ်တော့။ ဤတွင်မှ ယထာဘူတ တကယ့်ချမ်းသာခြင်း တရားကား ဤနယ်တည်းဟု သဘောပေါက်ကြောင်းကိုလည်း ဝန်ခံရပါဦးမည်။ ထိုအခိုက်တွင်တော့ လောကကြီးတစ်ခွင်လုံးတွင် မုန်းဖူးသူ မုန်းနေသူဟူ၍ ရှာ၍မှ မတွေ့တော့ပါ။ လူတိုင်းလူတိုင်း၊ သတ္တဝါတိုင်း သတ္တဝါတိုင်းမြင်သမျှ ကြားသမျှပုဂ္ဂိုလ်တွေအား ချစ်ခြင်းလည်း မဖြစ်တော့၊ မုန်းခြင်းလည်း မဟုတ်တော့၊ တကယ်ကြင်နာစရာကောင်းသော ခွင့်လွှတ်စရာကောင်းသော သတ္တဝါသခ်ါရတွေဟု မြင်လာရပါသည်။

ရှမဝထောင်ဆုရ စာရေးဆရာမ စိန်စိန်ရေးသော 'ပြောခဲ့ယုံကြည်ဖူးမှ ယုံစဖွယ်'ဆိုသည့် စာအုပ်ကလေးထဲ၌ ဖော်ပြထားသည်ကို ချက်ခြင်း သတိရလိုက်ပါသေးသည်။ စိန်စိန်သည် တရားထိုင်ပြီးသည့် တစ်ခဏတွင် စိတ်ချမ်းသာလွန်း၍ ကြက်တွန်သံကြားရသည်း ကြက်ကလေးတွေကိုအမျှဝေပေးမိကြောင်း၊ ဖားအော်သံကြားပြန်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



စားတာလေးတွေကိုပါ သူလိုစိတ်ချမ်းသာစေလို၍ အမျှဝေမိကြောင်း ဖွင့်ဟာရေးသားထားရာ ကျွန်တော့်မှာ သူ့စကားကို ခြွင်းချက်မရှိ ယုံကြည်လက်ခံလိုက်ရပါသည်။

'စိတ်' ဆိုသောစိတ်သည် သူ့သဘာဝအတိုင်းသာဖြင့် အလွန်ကြည်လင်အေးမြသောရေနှင့်သာ နှိုင်းယှဉ်ကောင်းမည်ဟု ထင်သည်။ ရေသည်ကြည်လင်၏၊ အေးမြ၏၊ အရောင်အသွေး အနံ့အရသာ လုံးဝမရှိ၊ သို့သော် လှုပ်ရှားလွယ်၏၊ ယိုဖိတ်လွယ်၏၊ အမှုန်အနယ် ဝင်လာလျှင် လက်ခံတတ်၏၊ အရောင်အသွေး အနံ့အရသာနည်းနည်းကလေး ဝင်လျှင် နည်းနည်းလက်ခံတတ်လိုက်၏၊ အလွတ်မဲ့သာထားလျှင် ယိုစီးတတ်၏၊ ယိုဖိတ်တတ်၏၊ လှုပ်ရှားတတ်၏၊ အပူနှင့်စပ်လျှင် ချက်ခြင်း ပူလွယ်၍ အအေးဓာတ်ခြံရံလိုက်လျှင် ချက်ခြင်း အေးလွယ်ပြန်သည်။

စိတ်ဆိုးခြင်းဟူသည်မှာ အတော်စဉ်းစားစရာ သဘောပေါက်စရာကောင်းလှ၏၊ အမှန်စင်စစ် စိတ်က ဆိုးသည်မဟုတ်ပါတကား၊ စိတ်ကိုဆိုးအောင် အမှုန်အနယ် အရောင်အဝါ အနံ့အသက် ဥဏှသီတတွေကို အတင်းပယောဂဖက်ပြီး သက်သက် စိတ်ကို ဆိုးအောင် မိမိလုပ်လာခဲ့ကြခြင်းဖြင့် စိတ်ဆိုးသည်ဟု စိတ်ကိုတရားခံရှာကြခြင်းသာ ဖြစ်ပါလေသည်တကား။

သို့ကလိုသာ စဉ်းစားမိလျှင် စဉ်းစားမိသည့် တစ်ခဏမှာ တရားခံ အစစ်ကို ရှာနိုင်ပါလေပြီ။ လောဘ ဒေါသ မောဟမီးတို့သည် တခဏတာပင်ငြိမ်းသည်ဖြစ်အံ့၊ ထိုတစ်ခဏပင်လျှင် အေးငြိမ်းချမ်းသာခြင်း ဖြစ်ရပါသည်၊ လောက စကားအားဖြင့် သူ့ကိုငါစိတ်ဆိုးသည်ဟု ဆိုစေဦး၊ စိတ်ဆိုးခံရသူမှာထက် စိတ်ဆိုးမိသူ ငါ့ကိုသာ စိတ်က ဦးစွာပထမဒုက္ခပေးနေကြောင်းကိုလည်း အကြမ်းအားဖြင့် သိသာနိုင်ခဲ့ပေပြီ။

ဤစကားသည် မှန်၏။

စိတ်ကိုဆိုးအောင်လုပ်သည့် တရားခံကို မိအောင်ဖမ်းနိုင်လျှင်



စိတ်ကို ချမ်းသာအောင်လုပ်နိုင်သည့် ကယ်တင်ရှင်ကိုလည်း ကျွန်ုပ်တို့ ဖိတ်ခေါ်နိုင်သည်ဖြစ်ပေမည်၊ ဖိတ်ခေါ်၍သာ ဝင်လာလျှင် စိတ်ဆိုး စိတ်ညစ်တို့အား တိုက်စစ်ဆင်၍ အောင်မြင်စွာ နှင်ထုတ်သုတ်သင်လိုက်သည်ချည်းသာ ဖြစ်လေသတည်း။

ထိုအချိန်ကား ကျွန်တော်တွေ့ရခံစားရသည့် ချမ်းသာစိတ်ကြီးဖြစ်ရာ ယခင်က ကျွန်တော်ဆိုလိုသည့် 'သုခီအတ္တာနံ ပရိဟရန္တု'မှာ တောင့်တတိုင်း အလိုပြည့်သည့် အတုအယောင် စိတ်ချမ်းသာမှုမျိုးမျှသာ ဖြစ်၍ ဆရာတော်အရှင် ဦးသာသနဝိသုဒ္ဓိ(ဗိုလ်သိမ်းဆွေ) အမိန့်ရှိတော်မူလိုက်သော'သုခီအတ္တာနံ ပရိဟရန္တု'စင်စစ်မှာ လောဘ၊ ဒေါသ၊ မောဟ ကင်းသော ပီတိ သုခ ဓမ္မ။ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်ရေး၊ ခံစားရေး၊ သဘောပေါက်ရေးကို ရေးရှုတော်မူလိုက်ကြောင်း ထိုစဉ်ကမှ ဒိဋ္ဌဓမ္မသဘာဝကျကျ သိရှိခံစားလိုက်ရပါတော့ သတည်း။

ထို့ကြောင့် စာရေးဆရာသုခဟု အမည်ကင်ပွန်း ကိုယ့်ကိုယ်ကို တပ်ခဲ့သော်လည်း သုခအစစ်ကို ရိပ်မိလိုက်သည်မှာ မကြာလှသေး။

ထိုနည်းအတူ သုခီအတ္တာနံ ပရိဟရန္တုဟူသော နိဂုံး[illegible]ကို စာရေးဆရာသုခ ဖြစ်စက မေတ္တာပို့ခဲ့သည် မှန်သော်လည်း [illegible] ချမ်းသာစွာ မိမိတို့ကိုယ်ကို ဆောင်ရွက်နိုင်ရေး ရေးရှုမှုသည် ကျွန်တော်ကိုယ်တိုင် ခံစားသုံးဆောင်လိုက်ရမှ ကိုယ်နှင့်တန်းတူ ဝေတုဝေမျှ ခံစားသုံးဆောင်ကြစေချင်သည့်သမ္မာဆန္ဒလေးနက်လာရပါသည်။ ပြည့်ပြည့်ဝဝ မေတ္တာပို့သ လိုက်ရပါပေသတည်း။

သုခီအတ္တာနံ ပရိဟရန္တု

သုခ

www.burmeseclassic.com

www.burmeseclassic.com

## ပါရမီစာပေမှ ထုတ်ဝေပြီးသော ဦးသုခ၏ စာအုပ်များ

၁။ သုခမှတ်စု
၂။ ချယ်ရီအလှ စာအလှ
၃။ ဓမ္မရသ အလှမျိုးစုံ စာမျိုးစုံ
၄။ အကျော်ဒေးယျ ဗုဒ္ဓသမီးတော်များ
၅။ လောကနီတိ
၆။ ရာမာခရစ်ရှနာပုံပြင်များ
၇။ မေတ္တာသုတ်
၈။ မင်္ဂလသုတ်
၉။ သုခဝတ္ထုတိုများ
၁၀။ ရတနသုတ်
၁၁။ စိတ်ဆိုသောစိတ်နှင့်ဝဠနာဒီပနီ
၁၂။ အမေ
၁၃။ သုတ ရသ ဓမ္မစာစုံ
၁၄။ ကံ ကံ၏အကျိုးနှင့်အခြားဝတ္ထုတိုများ
၁၅။ ဂုဏ်ရည်မတူလို့လား
၁၆။ ဧယျတုသဗ္ဗမင်္ဂလံ
၁၇။ သုခနှင့်သုခ

## ပါရမီစာပေမှဆက်လက်ထုတ်ဝေမည့်ဦးသုခ၏စာအုပ်များ

၁။ ဓမ္မကထာ စာပဒေသာ
၂။ တောဘုမ္မာ
၃။ ဆေးရုံပေါ်မှ ဘဝသံသရာ

BURMESE CLASSIC .com
www.burmeseclassic.com